
ဖြူပုလဲခင်
ဆူးရစ်ပိုးအိမ်
လုံးချင်းဝတ္ထုသစ်

**ပုံနှိပ်သူ**
ဦးမောင်လှိုင် (မြ ၀၃၈၅၄)
အမှတ် ၅၃၃၊ အင်းတော်လမ်း
၆၄ ရပ်ကွက်၊ စက်မှုဇုန် (၂)
ဒဂုံမြို့သစ်တောင်ပိုင်း။



**ထုတ်ဝေသူ**
ဦးတင့်လွင်(ခ)သော်က
သော်ကစာပေ
အမှတ် - ၆၀၅၊ သု
မြောက်ဥက္ကလာပ

# မြပုလဲခင်
# ဆုရစ်ပိုးအိမ်

လုံးချင်းဝတ္ထုသစ်



| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၃၈၁/၂၀၀၂ (၄) |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၄၆၈/၂၀၀၂ (၆) |
| ပထမအကြိမ် | - | ဇူလိုင်၊ ၂၀၀၂ ခုနှစ် |
| အုပ်ရေ | - | (၁၀၀၀) |
| တန်ဖိုး | - | (၂၃၀) ကျပ် |
| မျက်နှာဖုံးပန်းချီ | - | သံဟာလတ်၊ မမွေး |




**ဒို့တာဝန်အရေးသုံးပါး**

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■

တပ်မတော်ဖြိုခွဲသူ ဒို့ရန်သူ။
တပ်မတော်ဖြိုခွဲမည့်အကြံ ဒို့လက်မခံ။
ဘယ်သူခွဲခွဲ ဒို့မကွဲ အမြဲစည်းလုံးမည်။
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသောတာဝန် ဖြစ်သည်။

■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■

**ပြည်သူ့သဘောထား**

- မြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ရွှေရစ်ပိုးအိမ်

လှိုင်မာလ

မြပုလဲခင်

လှိုင်စာပေ



# မြပုလဲခင်

# ဆူးရစ်ပိုးအိမ်

လှိုင်စာပေ

# အပိုင်း(၁)

## အခန်း(၁)

တွေ့စကတည်းက ခနရဲ့ ဂျစ်ကန်ကန်ရှုတည်တည်နဲ့ စကားကိုလေးလုံးကွဲအောင်မပြောတတ်တဲ့ဟန်ပန်အမူအရာကိုကပဲ ကျွန်မအတွက် စိတ်ဝင်စားစရာ ဖြစ်ခဲ့ပါတယ်။

တက္ကသိုလ်ပညာနှီးရည်သောက်သုံးစဉ်ကာလ၌ အဖျားခတ်မှုကြောင့် ကျွန်မအပါး၌ပျားပိတုန်းတို့ဝိုင်းဝိုင်းလည်လျက်ရှိခဲ့လေသည်။

ထိုအထဲတွင် ခန မပါခဲ့။

ခနသည်လည်း ပျိုတိုင်းကြိုက်သည့် နင်းဆီခိုင်အဖြစ်ကျော်ကြားလေသည်။

ကားထည်လဲ စီးနိုင်သကဲ့သို့ မိန်းမချောလေးများကိုလည်း ထည်လဲတွဲတတ်သောဝါသနာ ခနမှာ ရှိနေလေသည်။

သို့သော် ထိုမိန်းမချောလေးများထဲတွင် ကျွန်မ မပါခဲ့။ နေသည် ကျွန်မအပါးသို့ချဉ်းကပ်ရန် တစ်ခါမှ မကြိုးစားခဲ့ချေ။

"မယ်ပို့"

"ဝုပ်"

ကျွန်မ၏ အခန်းဖော်မိန်းကလေးလည်းဖြစ်၊ ကျွန်မ ရန်ကုန်သို့ပြောင်းလာသော နဝမတန်းနှင့်ဒသမတန်း၏ စာသင်နှစ်ကာလ၌ သူငယ်ချင်းလည်းဖြစ်သောသျှင်ငြိမ်းက စာဖတ်နေရာမှ ရုတ်တရက် စာအုပ်ကို ဘေးချပြီး လှမ်းခေါ်လိုက်သည်။

ကျွန်မကတော့ စာအုပ်ကိုမချဘဲ ထူးလိုက်ခြင်းဖြစ်သည်။

သျှင်ငြိမ်းနှင့် ကျွန်မ နှစ်အတော်ကြာသည်အထိ လက်တွဲမဖြုတ်ဘဲ အခန်းတူနေနိုင်ခြင်းမှာ တူညီသော ဝါသနာရှိနေခြင်းကြောင့် ဖြစ်နိုင်သည်။

"စာအုပ် ခဏချပါဦးဟာ၊ ကျုပ် ပြောစရာရှိလို့"

ကျွန်မ သျှင်ငြိမ်း၏အမျက်ရှခံ၍ မဖြစ်ချေ။ အဘယ်ကြောင့်ဆိုသော် ထမင်းဟင်းချက်ရပျင်းသော ကျွန်မအတွက် သျှင်ငြိမ်းသည် အကောင်းဆုံးစားဖိုမှူးဖြစ်နေခြင်းကြောင့်ပင် ဖြစ်သည်။

"ဆို··ဆို၊ ဘာတွေများ အရေးတကြီး သံတော်ဦးတင်စရာ





ရှိနေလို့လဲ၊ တကတည်းမှပဲ စာပဲ "ကောင်းကောင်းမဖတ်ရဘူး"

"မုန္ဒေါ့ ကျုပ်အတွက် ကျုပ် ကံဇာတာမြင့်မားနေတယ်လို့ ဗေဒင်ဆရာက ဟောထားပါတယ်"

"ဒေးလေ၊ အဲဒီဟောထားချက်ကြောင့် ရှင့်နားကို ပီတုန်းဘုရင်ကြီး ရစ်ဝဲနေပြီဆိုတာကို ကျုပ်က အသိပေးတာ"

ကျွန်မ ခစ်ကနဲ ရယ်လိုက်မိသည်။

ယန်းရှိရာ ပိတုန်းလိပ်ပြာရစ်ဝဲခြင်းသည် အထူးအဆန်းမဟုတ်ပါချေ။ အရွယ်ရောက်စ ဖူးငုံပွင့်သစ်စအရွယ်ကတည်းက ပျား ပိတုန်း လိပ်ပြာတို့၏ရစ်ဝဲခြင်းကိုခံခဲ့ရသော ကျွန်မအတွက် သျှင်ငြိမ်း၏စကားသည် အထူးအဆန်းဖြစ်မနေချေ။

"ဘာများလဲလို့ ဒါများ အထူးအဆန်းလုပ်လို့"

ကျွန်မ စာအုပ်ကို ပြန်ကောက်ဟန်ပြင်လိုက်သည်။

"ထူးဆန်းတာပေါ့။ ပျားပိတုန်းက နေ့ကြိုင်လျှမ်းဖြစ်နေလို့ပဲ"

"ဟင်"

နေသည် ကျွန်မကို ဖုတ်ဇလသည့်ငါးပိ၊ ရှိသည် မဲထင်မှတ်ခဲ့သောသူ ဖြစ်သည်။ ယခုမှ ကျွန်မထံ ဘာ့ကြောင့်စိတ်ကူးပေါက်ပြီး မြားဦးလှည့်လာသည် မသိ။

ကျွန်မ စာအုပ်ကောက်မကိုင်ဖြစ်တော့။

"အဆောင်နားမှာ ရစ်ဝဲ ရစ်ဝဲ လုပ်လာကတည်းက ဒီမှာ သူ့ပစ်မှတ်ရှိလာပြီလို့ ကျုပ်ထင်လိုက်တာ"

"ဟုတ်မှာပေါ့။ ဒီအဆောင်က လူလေးဆယ်ဖောင်ရှိတာပဲ။ အချောအလှတွေလည်း ပေါတာပါ။ ကျုပ်လို့ ရှင်စွပ်စွဲတာတော့ စောလွန်းပါတယ်"

"မစောဘူး ထင်တယ်၊ အဆောင်မှူးမမကိုယ်တိုင် ကျုပ်တို့နှစ်ယောက်အကြောင်းကို လာစုံစမ်းသွားတဲ့လူ ရှိတယ်တဲ့"

"ဩော်···ဒါနဲ့ ကျုပ် ဖြစ်ရရောလား၊ ရှင်ကော မဖြစ်နိုင်ဘူးလား"

ကျွန်မ စကား လွှဲသွားသည်။

သျှင်ငြိမ်း၌ ရုပ်ရည်အားနည်းချက်ရှိသည်ကို မေ့လျော့သွားသည်။

နောက်ဘဝပေးအခြေအနေအရလည်း အားနည်းချက်ကြောင့်လည်းကောင်း၊ ပညာအရာ၌ တစ်ဘက်စွန်းရောက်ထူးချွန်ရန် ကြိုးစားလေသည်။

သျှင်ငြိမ်းအတွက်ဆိုလျှင် ကျွန်မသည် အနှမြောအတွန့်တိုမရှိတတ်။

"ကျုပ်လိုလူကို ဘယ်သူက ကြိုက်မှာလဲ။ ကဲပါ ကျုပ်ဆီကို





ချဉ်းကပ်ပြီး ရှင်နဲ့အောင်သွယ်ခိုင်းရင် ကျုပ် ဘာလုပ်ပေးရမလဲ ဆိုတာသာ ရှင်ပြော"

"ဘာမှမလုပ်နဲ့။ သတ္တိရှိတဲ့ ယောကျ်ားဟာ အောင်သွယ်မလိုဘူးလို့သာ ပြောလိုက်"

"ဒါဖြင့် ပြီးရော"

သျှင်ငြိမ်းက စာအုပ်ကို ပြန်ကောက်ကိုင်လိုက်သည်။

သျှင်ငြိမ်းကိုင်သော စာအုပ်သည် ကျောင်းသင်ခန်းစာ စာအုပ်များသာဖြစ်သော်လည်း ကျွန်မကိုင်ရသောစာအုပ်သည် ဝတ္ထု မဂ္ဂဇင်းများသာ ဖြစ်လေသည်။

သျှင်ငြိမ်းနှင့် ကျွန်မသည် ဆန့်ကျင်ဘက် အသွင်သဏ္ဌာန်အမြဲရှိနေသည်။

သို့သော် စာဖတ်ဝါသနာပါခြင်းနှင့် ဖြစ်ချင်ရာကိုဖြစ်အောင်လုပ်တတ်သောသဘောနှင့်မာနက ကျွန်မတို့နှစ်ယောက်ရေရှည်လက်တွဲဖြစ်ခြင်းဖြစ်သည်။

"နေက ရှင့်ဆီကို တိုက်ရိုက်ချဉ်းကပ်လာရင်ကော ရှင်ဘယ်လိုဆုံးဖြတ်မှာလဲ"

"ကျုပ်နှလုံးသားကို သူ ကိုင်လှုပ်နိုင်ရင်တော့လည်း ရက်စ်ပေါ့"

"ပွဲကြီးပွဲကောင်းပဲ"

ဓနနှင့်ကျွန်မကို သျှင်ငြိမ်းက သဘောတူကာ စိတ်ဝင်စားစွာရှိခဲ့လေသည်။

သျှင်ငြိမ်းကြောင့် ကျွန်မနှင့် ဓန အမြန်ဆုံး နီးစပ်သွားခြင်း ဖြစ်ပါလေသည်။





## အခန်း(၂)

"အံ့သြစရာပဲ မယ်ပိုးရေ"

"ဘာဖြစ်လို့လဲ"

"ဓနက ကျုပ်ကို လာတွေ့တယ်"

"ဟုတ်လား"

"သူတို့ကလေးကို Guide လုပ်ပေးဖို့ ကျုပ်ကိုလာပြီးတွေ့တာ၊ အချိန်ညှိတာ"

"ဪ . . . ဒီလိုလား"

"ဓနရဲ့အစ်မက နိုင်ငံခြားမှာ၊ သူတို့ကလေးပညာရေးအတွက် စိတ်ချရတဲ့ဆရာမ လိုချင်တယ်ပြောတယ်။ ကျုပ် ဒီအဆောင်မှာနေတယ်ဆိုလို့ လာစုံစမ်းပြီး လာတွေ့တာတဲ့"

ကျွန်မ ပြုံးလိုက်မိသည်။

"ခုတ်ရာ တခြား ရှရာ တခြား ဆိုတာ ဒါမျိုးပေါ့နော်"

"ရှင့်အကြောင်း လုံးဝ မမေးတာတော့ ကျုပ် အံ့ဩတယ်"

"အံ့ဩစရာ ဘာလိုသလဲ။ King တစ်ယောက်အနေနဲ့ ဒီလောက်တော့ အိုက်တင်ခံမှာပေါ့လေ။ လက်ခံလိုက်သလား"

"လက်ခံလိုက်တယ်။ ကလေးက နိုင်ငံခြားမှာမွေး၊ အနေကြာပြီး မြန်မာစာ စကား သိပ်မတတ်သလို ဖြစ်နေတယ်။ အဲဒါအတွက်ရယ်၊ ကျောင်းစာလိုက်နိုင်ဖို့ရယ်၊ ဘာသာရေး၊ မြန်မာ့ယဉ်ကျေးမှုအနေအထိုင်လေးတွေကိုပါ သင်ပေးရမယ်ဆိုပြီး၊ လစာကလည်းကောင်းဆိုတော့ ကျုပ် ဘယ်လက်လွှတ်ခံလို့ဖြစ်မလဲ၊ ဆယ်တန်းGuideထက်တောင် များတယ်"

"တယ်ဟုတ်ပါလား"

"ဖြစ်နိုင်ရင် အိမ်မှာပဲ လာနေစေချင်တယ် ပြောတယ်"

"ဟင်"

ကျွန်မ ရုတ်တရက် လန့်သွားသည်။

စွယ်စုံတော်သော သျှင်ငြိမ်းသာ ထိုအိမ်သို့ ပြောင်းသွားရင် ကျွန်မ စားသောက်ရေးကသီလင်တဖြစ်သွားပေလိမ့်မည်။ သျှင်ငြိမ်းက အချက်အပြုတ်တာဝန်ကိုပါ ယူထားသူဖြစ်သည်။

"ရှင်လန့်သွားသလား၊ မလန့်ပါနဲ့၊ ရှင် ယောက်ျားမယူသေး





သရွေ့ ရှင်နဲ့ကျွန်မ မခွဲပါဘူး။ သူက အကြိုအပို့စီစဉ်ပေးမယ် ပြောတယ်။ ပြီးတော့ ခနအမေက သဘောကောင်းတယ်။ အဖေကတော့ မမြင်ဖူးဘူး။ တော်တော်စည်းကမ်းကြီးမယ့်ပုံပဲ။ အိမ်အလုပ်သမားတွေကအစ ယူနီဖောင်းနဲ့လေ"

"ရှင်ကကော ဝတ်ရဦးမှာလား"

"မဝတ်ရဘူး။ စာသင်ခန်းကို ခြံထဲက အခြားတစ်ထပ်တိုက်ပုလေးမှာသီးသန့်ထားပေးတယ်။ တကယ့်ကိုကွယ်၊ အရမ်းချမ်းသာတာပဲ။ ကြားတာထက်တောင် ပိုတယ်။ ရှင် စိတ်ကူးမလွဲနဲ့နော်"

"ချမ်းသာတာက ကျုပ်နှလုံးသားကို မလှုပ်ရှားစေနိုင်ပါဘူး"

"ဟုတ်မှာပေါ့လေ၊ ရှင်ကလည်း ချမ်းသာတာကိုး"

"လောကကြီးမှာ လူချမ်းသာတာထက် စိတ်ချမ်းသာဖို့ကပိုအရေးကြီးတယ်လို့ ကျုပ် ထင်တယ်လေ။ ခုလိုနေရတာ ကျုပ်တို့အတွက်တာဝန်မကင်းဘူးလား"

"အင်း ဒါလည်း ဟုတ်တာပဲ"

ကျွန်မဖခင်သည် ကျွန်မမိခင်ကွယ်လွန်ပြီး နှစ်နှစ်အကြာ၌ နောက် အိမ်ထောင်ထူထောင်လိုက်သည်။

မိဘနှစ်ပါးထံမှ သားချင်းမရှိသောကျွန်မသည်မေတ္တာအပြည့်အဝရခဲ့သည်။ ဖခင်နောက်အိမ်ထောင်ပြုမည်ဆိုသည်နှင့် သွေးအေး

သောက္ချန်မက ရန်ကုန်၌ ဘော်ဒါထားပေးဖို့ တောင်းဆိုသည်။

ဖခင်က လိုက်လျောပေးသည်။

အမေ့နေရာ၌ ဘယ်မိန်းမကိုမှမမြင်တွေ့လို၊ နေရာမပေးနိုင်ဟု ကျွန်မ ယတိပြတ်ကြေညာပြီး တောင်ကြီးသို့ပြန်လျှင်လည်း ဖခင်အိမ်မသွားဘဲ အဘွားအိမ်၌သာနေလေ့ရှိသည်။ ဖခင်က ဘာမှမပြောတော့။ ကျွန်မအတွက် ဘဏ်စာရင်းဖွင့်ပေးထားသည်။

ရန်ကုန် ကျောက်ကုန်း၌ အိမ်ခြံ ဝယ်ပေးထားသည်။ ကျွန်မက ထိုအိမ်ခြံကို နှစ်ချုပ်နှင့်ငှားစားလိုက်သည်။

ငွေရေးကြေးရေးပူစရာမလိုသော ကျွန်မနှင့်၊ ပညာရေးနှင့် ဝမ်းရေးနေထိုင်ရေးအတွက်ပါပူပန်ရသော သျှင်ငြိမ်းသည် အစစအရာရာ ကွာခြားသည်။

"ကျုပ် ထမင်းချိုင့်ဆွဲစားမယ်"

"ကျုပ် ချက်ပေးပါ့မယ်"

"ဒီလိုဆို အဲဒီချိုင့်ဖိုးအတိုင်း ရှင်ယူရမယ်။ ဒါဆို ကျုပ်လက်ခံမယ်။ နောက်အခါအားလျော်စွာ ကျုပ်စားချင်လို့ ဈေးကဝယ်လာတဲ့သားငါးကိုလည်း ရှင် ချက်ကျွေးရမယ်။ ဒါပေမယ့် ထမင်းချိုင့်ဖိုး ပိုမှန်ယူမှ ရှင့်ကို ကျုပ်လက်ခံမှာနော်"

"အေးပါ"





အမှန်ဆို ကျွန်မ၏အကူအညီကို သျှင်ငြိမ်းမယူတတ်။ ကျွန်မက ဇွတ်ဖန်တီးခြင်းဖြစ်သည်။

"ကျုပ် အဆင်ဆန်းလေးတွေလို့ဖြတ်လာတယ်။ ရှင်နဲ့ဆင်တူဝတ်ချင်တယ်။ ဈေးမမေးနဲ့။ ကျုပ်ကိုခင်ရင် ရှင်ကြိုက်တဲ့ပုံ သွားချုပ်လိုက်"

နောက်တော့ သျှင်ငြိမ်းသည် ကျွန်မကို လက်မြှောက်ထားပုံရသည်။ ကျွန်မ၏ အကူအညီကို သူ လက်ခံရသည်။ သူကလည်း ကျွန်မ၏မိန်းမမဆန်သောအားနည်းချက်များကို လိုလေသေးမရှိဖြည့်ဆည်းပေးလေသည်။

ချက်ပြုတ်ပေးခြင်း၊ အဝတ်လျှော် မီးပူတိုက်၊ လေးယောက်ခန်းတစ်ခန်းကို လေးယောက်စာ ပေးပြီး နှစ်ယောက်တည်းနေသောဆယ့်နှစ်ပေ၊ ပေနှစ်ဆယ်အခန်းကို ဖုန်တစ်စက်မရှိအောင် သန့်ရှင်းရေးလုပ်ပေးသည်ကအစ သျှင်ငြိမ်းသည် ဇက်ဆက်သလိုအလုပ်လုပ်နိုင်ခဲ့လေသည်။

"ရှင်တို့နှစ်ယောက်က တကယ့်ကို နှစ်လွှာပေါင်းမှတစ်ရွက်ဖြစ်တဲ့ စွယ်တော်ရွက်လိုပဲ"

ကျွန်သူငယ်ချင်းများက ကောက်ချက်ချကြလေသည်။

အမှန်တကယ်ပင် ကျွန်မသည် သျှင်ငြိမ်းနှင့်ဆုံဆည်းလိုက်

မိခြင်းကပင်လျှင် ဖခင်၏အရိပ်အောက်မှထွက်လာမိခြင်းအပေါ် နောင်တ မရစေသောအချက် ထင်ပါသည်။

"ရှင့်အတွက် သိပ်များ ပင်ပန်းနေမလား"

"ဘာကို ပြောတာလဲ"

"ကျုပ်အတွက် ကူလုပ်ပေးရတာကိုလေ"

"ရှင် ကျုပ်ကို ခင်တယ်၊ ချစ်တယ်ဆိုရင် ဒီစကားလုံးဝမပြောပါနဲ့။ ကျုပ်ဘဝကို ရှင် သိထားပြီးသားဆိုရင် ဒီစကားပြောဖို့ မသင့်ဘူး။ ကျုပ်အတွက်ကတော့ ခုလို ပညာနဲ့အသက်မွေးဝမ်းကျောင်းပြုရတာကိုက တကယ့်ကို ကုသိုလ်ထူးလို့ပဲလို့ ထင်တယ်။ ရှင့်ကို ကျုပ် ဘယ်နည်းနဲ့ကျေးဇူးဆပ်ရမလဲဆိုတာကို ကျုပ် အမြဲ တွေးနေတာ"

"ကျုပ်ကလည်း ဒီလိုပါပဲ။ ရှင့်ကျေးဇူးတွေကြောင့် ကျုပ် ခုလိုရပ်တည်နေနိုင်တာ။ ရှင်နဲ့သာမတွေ့ရင် အဖေပေးတဲ့အိမ်မှာ အိမ်ဖော်တွေနဲ့ပဲ ဆူဆူပူပူနဲ့ကျုပ်ဘဝကြမ်းတမ်းနေရမလား၊ မိထွေးနဲ့ပဲ အတိုက်အခံလုပ်ပြီး စိတ်ဆင်းရဲနေရမလားဆိုတာ မသိအောင်ပါပဲ"

"ကဲ ချေးခြောက်ရေနှူးမနေပါနဲ့ မယ်ပိုး၊ ရှင် ကျူရှင်သွားချိန်နီးနေပြီ မဟုတ်လား။ ရေချိုးတော့"

"ကျုပ်တော့ ဘွဲ့တစ်ခုရရင်တော်ပြီ။ ပြီးရင်ကုမ္ပဏီတစ်ခုခု ထောင်ရမယ်။ ရှင်ဟာ ကျုပ်အတွက် အကောင်းဆုံးသော မန်နေဂျင်





ဖြစ်ရမယ်နော်"

"ဒီအတွက်တော့ ဆောရီးပဲ။ ကျုပ်ရည်ရွယ်ချက်ရှင်သိသားနဲ့"

သျှင်ငြိမ်းသည် စိတ်ဓာတ်ကြံ့ခိုင်သော မိန်းမတစ်ယောက်ဖြစ်သည်။ ဘာသာစုံဂုဏ်ထူးထွက်သော သျှင်ငြိမ်းသည် ဓာတုဗေဒ အဓိကဘွဲ့ယူကာ စတိုင်ပင်နှင့်ကျောင်းတက်သည်။

သူ့ရည်မှန်းချက်က ပီအိပ်ချ်ဒီဘွဲ့အထိ ယူပြီး တစ်ချိန်ချိန်မှာ ပါမောက္ခဖြစ်ရမည်ဟု ရည်ရွယ်ထားသည်။

ထိုရည်ရွယ်ချက်ကို ဘယ်လိုအကြောင်းနှင့်မှ အပျက်အစီးမခံနိုင်ဟု ဆိုထားသည်။

"ရေသွားချိုးလေ"

"အေးပါ"

သျှင်ငြိမ်းကတွန်းလှတ်မှ ကျွန်မ ရေချိုးခန်းသို့ထွက်ခဲ့လေသည်။

တစ်ဒင် ခေါင်းထဲစတင်ခဲ့သော မနက်ကျိုင်လျှမ်း၏အကြောင်းသည် သျှင်ငြိမ်း၌သာ အဆုံးသတ်သွားလေသည်။

သျှင်ငြိမ်းသည် မြင်းခြံသူဖြစ်ပြီး၊ ပထွေးနှင့်နေရသူဖြစ်သည်။ မိခင်ဆုံးသွားပြီးနောက် ပထွေးနှင့်နေရန် မသင့်တော်သဖြင့် ကျောင်းဆရာ၊ ဆရာမများနှင့် ရပ်ကွက်လူကြီးတို့က မိခင်၏နောက်ဆုံးအမွေ

အနှစ်အိမ်ကိုရောင်းကာ ပထွေးနှင့်တစ်ဝက်စီခွဲဝေပေးပြီး ရန်ကုန်မရမ်းခြံအမျိုးသမီးဘော်ဒါဆောင်၌နေကာ ကျောင်းတက်ရခြင်း ဖြစ်သည်။

ထိုငွေသည် သျှင်ငြိမ်း ဆယ်တန်းနှစ်မှာပင် ကုန်ဆုံးသွားခဲ့သည်။ သို့အတွက် ၄-၅-၆သိန်း ပေးရသော နာမည်ကြီးပုဂ္ဂလိကဘော်ဒါ၌နေသောကျွန်မသည် သျှင်ငြိမ်း၏အခက်အခဲကို ဖြေရှင်းပေးခဲ့သည်။ ဆယ်တန်းဖြေပြီးသည်နှင့် ကျွန်မ အပြင်အမျိုးသမီးဘော်ဒါဆောင်ကို ထပ်ငှားပြီး နှစ်ကိုယ့်တစ်စိတ် ပူးပေါင်းနေထိုင်ခဲ့ခြင်း ဖြစ်သည်။

"ဒေါက် . . . ဒေါက်"

". . . . . . . ."

"မယ်ပိုး၊ အအေးမိတော့မယ်။ ရှင် ကြာတယ်နော်၊ ထွက်တော့"

ကျွန်မအတွေးတို့သည် သျှင်ငြိမ်း၏ သတိပေးမှုကြောင့် လွင့်ပြယ်သွားရလေသည်။

ကျွန်မအတွက် သျှင်ငြိမ်းသည် မရှိမဖြစ်လိုအပ်သောအဖော်ကောင်းတစ်ယောက် ဖြစ်လေသည်။

"အေးပါ၊ ပြီးပါပြီ၊ တကတည်းမှပဲ"

◆





## အခန်း(၃)

၄ပေ ၉လက်မ ရှိသော သျှင်ငြိမ်းအရပ်သည် ၅ပေ ၆လက်မ ရှိသော ကျွန်မအရပ်နှင့်ယှဉ်လိုက်သောအခါ အတော်ပင် ပုညက်သွားသလိုဖြစ်ပေါ်သဖြင့် အင်္ဂလိပ်အက္ခရာစာလုံးသေး "it" ဟုသူငယ်ချင်းများက တင်စားခေါ်ဝေါ်ကြလေသည်။

"သူတို့အနေအထိုင်က အနောက်တိုင်းဆန်တာ ထင်တယ်။ ကျုပ်ကိုလေ ဘယ်တော့မှ ထမင်းစားမခေါ်တတ်ဘူး"

"ကော်ဖီတောင် မတိုက်ဘူးလား"

"သောက်မလား မေးတယ်။ ကျုပ်က လုံးဝ မသောက်တတ်လို့ပါလို့ စကတည်းကငြင်းပယ်လိုက်တယ်။ ရှင်သိပါတယ်လေ။ ကျုပ်အတွက် ထမင်းဗူးကလွဲရင် ဘယ်အိမ်ရှင်က ကျွေးတာကိုမှ လက်မခံဘူး"

"နေနဲ့ တွေ့သေးလား"

"ကျုပ်ကို အလုပ်ကိစ္စအတွက် ခေါ်ပြီးစကားပြောတဲ့နေ့ကစပြီး မတွေ့တော့ဘူး။ အကြိုအပို့ကလည်း ဒရိုင်ဘာတွေပဲ လုပ်တယ်"

"ဂုဏ်လေး အနေအထားကကော"

"သိပ်ကိုချစ်စရာကောင်းပါတယ်။ (Very Innocence) (သိပ်ကို အပြစ်ကင်းစင်)ပဲ။ ကျုပ်ကို သူ ချစ်ခင်တွယ်တာနေတဲ့ အတွက် ကျုပ်စကားကို အရမ်းနားထောင်တယ်။ ကဲ··ရှင် ညနေစာ ဆာရင် အုပ်ဆောင်းအောက်မှာ ဖွင့်စားနော်၊ ပန်းကန်တွေ မဆေးပါနဲ့၊ ရှင်ဆေးလည်း ကျုပ်ပြန်ဆေးရတာပဲ"

"နားညည်းတယ်ကွာ၊ နေ့တိုင်း အပ်ကြောင်းထပ်နေပြီ။ သွားမှာသာ သွား"

ကျွန်မက အဲဒီလောက်တော့ မခိုကပ်ပေ။ တတ်နိုင်သမျှ ကျွန်မ ကူလုပ်သည်။ ဒါကိုပင် လက်မခံတတ်။

ညနေကျောင်းဆင်းအပြီး ဆယ်တန်းကျောင်းသားတစ်ဦးအား **Guide** လုပ်ပေးရန် ထွက်သွားလေသည်။

တိုက်တိုက်ဆိုင်ဆိုင်လား။ တမင် ဖန်တီးမှုလား မသိသော အနေအထားလား ကျွန်မ မသိနိုင်။

သျှင်ငြိမ်းထွက်သွားပြီး နာရီဝက်ခန့်အကြာတွင် ···





"ပိုးပြည့်စုံ ပါလာမှာ ဧည့်သည်ရောက်နေတယ်"

ကျွန်မတို့မှာ ဧည့်သည်များများမရှိ။ အဘွားထံမှပစ္စည်းများပို့နိုင်းသည့် ဧည့်သည်မှတစ်ပါး အခြားသူလာလေ့လာထ မရှိ။ သူငယ်ချင်းများဆိုလျှင် မိန်းမဖော်များ ဖြစ်၍ အခန်းတွင်းသို့တိုက်ရိုက်လာခွင့်ရှိလေသည်။

"ဘယ်သူပါလိမ့်"

"ရွှေမင်းသားပေါ့"

အခေါင်သူမိန်းကလေးက ပြုံးစစနှင့်ပြောပြီးထွက်သွားလေသည်။

ကျွန်မ ဘယ်သူဟု မှန်းဆ၍ မရခဲ့။ ပါလာသို့ ရောက်သောအခါမှ ဘယ်သူဘယ်ဝါဟုသိလိုက်ရချိန်တွင်. အံ့အားသင့်သွားသည်။

"ဟင်"

ရင်တွင်း အာမေဋိတ်သံကို နှုတ်ဖျားမှခုန်မထွက်စေရန် ထိန်းလိုက်ရသည်။

ခနုကြိုင်လျှမ်း

"ရွှေမင်းသားပေါ့"ဟု ပြုံးစစနှင့်ပြောသွားသူ၏ အဖြေကို သိလိုက်ရလေပြီ။

"သျှင်ငြိမ်းမရှိဘူးဆိုလို့ ယူကိုခေါ်ခိုင်းလိုက်ရတာ ဆောရီးပဲ"

"ရပါတယ် ကိစ္စက"

"သျှင်ငြိမ်းကိုပြောပေးပါ။ မနက်ဖြန် အိမ်ကိုလာဖို့ မလိုဘူးလို့"

"ဘာဖြစ်လို့ပါလဲ"

"သူတပည့် ဆန်နီ ဖျားနေတဲ့အတွက်ကြောင့်ပဲ"

ခနေကြိုင်လျှမ်းစကားပြောသည့်အခါ၌ အနည်းငယ် မာဆတ်ဆတ်နိုင်သည်။ အာဏာသံပါသည်ဟု ကျွန်မအလိုလိုကောက်ချက်ချမိသည်။

"ကောင်းပြီ။ ကျွန်မ သျှင်ငြိမ်းပြန်လာရင်ပြောပြလိုက်ပါ့မယ်"

"တစ်ခု မှာချင်ပါတယ်"

"ပြောပါ"

"ဆန်နီ အဖျားပျောက်သွားတဲ့နေ့၊ ဆရာဝန်က စာသင်ခွင့်ပြုတဲ့နေ့ရောက်ရင် လာကြိုပါမယ်ဆိုတာကိုပါ တစ်ဆက်တည်း ပြောပြပေးပါ"

"ကောင်းပါပြီ"

ပါလာမှာ ရပ်စောင့်နေသောသြော်သည် ခနေကြိုင်လျှမ်းကို ကျွန်မကလည်း ထိုင်ပါဟုတစ်ခွန်းမှမဖိတ်ခေါ်။ ထို့အတူ နှစ်ယောက်တစ်ပြိုင်တည်းပင် နှုတ်ဆက်ခြင်းမပြုဘဲ ကျောခိုင်းလိုက်သည်။





ကျွန်မ အတွင်းဆောင်အခန်းများဘက် လျှောက်လာစဉ်မှာပင် ခနေကြိုင်လျှမ်းသည်လည်း သူ၏ကားရပ်ထားရာသို့လျှောက်သွားချိန်ဖြစ်ပေလိမ့်မည်။

သို့သော် ကျွန်မ၏မျက်စိပသာဒသို့ ကပ်ငြိပါလာသည်က ခနေကြိုင်လျှမ်း၏ ယောကျ်ားပီသသောအရပ်အမောင်းနှင့် ကိုယ်ဟန်အနေအထား၊ ချောမောသောရုပ်သွင်နှင့် စူးရဲသောအကြည့်ပင် ဖြစ်သည်။

ခနေကြိုင်လျှမ်းကို ယခုမှ လက်တစ်ကမ်းအကွာအဝေးတွင် မြင်မိခြင်းဖြစ်သည်။

ဒါကြောင့် ပျိုတိုင်းကြိုက်တဲ့နှင်းဆီခိုင်အဖြစ် ရေပန်းစားကာ **Maths Major King** အဖြစ်ကို ရရှိခြင်းဖြစ်လေသည်ဟု။

ထို့အတူ ပိုးပြည့်စုံဟူသော ကျွန်မ **Chemistry Major Queen** ကို သူ မည်ကဲ့သို့ ကောက်ချက်ချလိမ့်မည်ကိုတော့ ကျွန်မ မခန့်မှန်းတတ်ပါချေ။

◆

## အခန်း(၄)

"သူ ဒီလိုပဲ လာပြောသလား"

"ဟုတ်တယ်"

"သူ တမင် ရမယ်ရှာပြီး ရှင့်ကို လာတွေ့တာလို့ကော ရှင် မထင်ဘူးလား"

"မထင်ပါဘူး။ တူတစ်ယောက် ဖျားနာမှုကို အကြောင်းပြ ချက်တစ်ခုအဖြစ်တော့ တမင်မဖန်တီးပါဘူး"

"ဟုတ်တယ်လေ။ ဒါတော့ ကျုပ်လည်း သိတာပေါ့။ ဆန်နီ ဖျားနာတာ မှန်တယ်။ ဒီအတွက် ကျုပ်ကို အသိပေးချင်ရင် အဆောင် ဖုန်းနဲ့ ကျုပ်ကို အကြောင်းကြားလို့ ရတယ်လေ၊ လူကိုယ်တိုင် လာစရာ မလိုဘူး"

"လမ်းကြုံလို့ ဆိုရင်ကော"

"လွယ်ကူတဲ့အကြောင်းပြချက်ပဲ။ သေချာပါတယ်။ ခန ရှင့်





ကို ချဉ်းကပ်ဖို့ အစပျိုးနေပြီ"

"ရှင် ပြောသလိုဆို ကျုပ်ဘက်က အသင့် ပြင်ဆင်ရမယ် ပေါ့"

"ဒါကတော့ ရှင့်ကဏ္ဍလေ။ ကျုပ်ကဏ္ဍကတော့ သူတို့အိမ် ကကား လာမကြိုပေမယ့် ကျုပ်တပည့်ဆန်နီလေးဆီသွားမယ်။ ကျုပ် တာဝန်ယူထားတဲ့အချိန်ကာလမှာ ကျုပ် သူ့အတွက်ပဲအချိန်ပေးမယ်"

ကျွန်မ အံ့အားသင့်သွားရသည်။

သျှင်ငြိမ်းယူဆချက်ကို တစ်ခါတစ်ရံ ကျွန်မလိုက်မမီအောင် ဖြစ်ရသည်။

"ရှင်သွားတော့ ဖျားနေတဲ့ကလေးအတွက် အနှောင့်အယှက် မဖြစ်ဘူးလား"

"မဖြစ်ပါဘူး။ ဆန်နီအတွက် နာ့စ်တစ်ဦးအနေနဲ့ ကျုပ်သွား စောင့်ရှောက်မှုပေးမှာပါ။ ကိုင်း ‥ ပြောနေကြာတယ်။ ဒီအချိန် သွား မှ ရောက်မှာ၊ သွားပြီ"

သျှင်ငြိမ်းသည် ပြောပြောဆိုဆိုနှင့် ထွက်သွားလေသည်။

"လူပုသလောက် တော်တော်လျှာရှည်တဲ့ မိန်းမပဲ"

ကျွန်မ သျှင်ငြိမ်းကို လှမ်းစလိုက်သည်။ သျှင်ငြိမ်းက လှည့် မကြည့်ဘဲ -

"တော်သေးတာပေါ့။ ကျုပ်မှာ ရှည်တဲ့အရာရှိသေးလို့"

"ကောင်မစုတ်"

ပြောမနာဆိုမနာဖြစ်နေသော ကျွန်မတို့နှစ်ဦး၏ သံယောဇဉ်ကြိုးက နိုင်မာလှလေသည်။

သျှင်ငြိမ်း ထွက်သွားပြီးမှ ကျွန်မလည်း ပျင်းပျင်းရှိသည်နှင့် ဈေးဝယ်ရန် ထွက်ခဲ့သည်။

အသစ်ဖွင့်သမျှ စူပါမားကက်များ မှန်သမျှ မရောက်ဖူးတာ မရှိရအောင် ကျွန်မ ခြေဆန့်လေ့ရှိသည်။

လီနင်ရယ်ဒီမိတ်အဆင်သစ်တွေ့သဖြင့် သျှင်ငြိမ်းနှင့်ကျွန်မအတွက်ဝယ်လိုက်သည်။ နောက် နှုတ်ခမ်းနီနှစ်တောင့်ဝယ်ပြီး ငွေရှင်းနေစဉ် -

"ပိုးပြည့်စုံ"

ကျွန်မ ဘေးနားမှ လူရိပ်နှင့်အတူ ခေါ်သံကြောင့် ငဲ့စောင်းကြည့်လိုက်သည်။

"ရှင်ပါလား၊ ပြောစရာ ကျန်သေးလို့လား"

ခနကြိုင်လျှမ်းပင်။

"ဟုတ်တယ်"

"ကျန်တဲ့စကားကို ကြုံလို့ ပြောလိုက်တာလား၊ ဒါမှမဟုတ်"





"နောက်ယောင်ခံလိုက်ပြီး ပြောတယ်လို့ ထင်လိုက်ရင် ပိုကောင်းမယ် ထင်တယ်"

"မိန်းမတွေအတွက် အချိန်ဖြုန်းတတ်တဲ့ဝါသနာမျိုး အတော်ပါတယ် ထင်တယ်"

"အဲဒါ ကြည်နူးစရာကောင်းတဲ့အလုပ်တစ်ခုဖြစ်လိမ့်မယ်လို့ ခင်ဗျား တွေးမိဖူးသလား"

"ဟင့်အင်း"

"ခု ပြန်မှာလား"

ကျွန်မ ကောင်းစွာ နားလည်လိုက်ပြီ။ ခနကြိုင်လျှမ်းသည် ကျွန်မကို ထိုထက်ပို၍ဆန်းပြားသောချဉ်းကပ်မှုမျိုး ရှာဖွေတွေ့ရှိဟန်မတူတော့။

ထို့ကြောင့် ရိုးစင်းသော်လည်း မတိမ်ကောသောချဉ်းကပ်မှုမျိုးနှင့်သာ ကျွန်မကို ချဉ်းကပ်လေပြီ။

"မပြန်သေးဘူး ဆိုရင်ကော"

"မပြန်သေးလည်း စောင့်နေမယ်"

"ပြန်မယ် ဆိုရင်ကော"

"ပြန်မယ်ဆိုရင် လိုက်ပို့ပေးဖို့ တောင်းဆိုမယ်ဆိုရင်ကော"

"ဝမ်းနည်းပါတယ်"

"ပိုးပြည့်စုံ မာနကြီးတယ်၊ ဒီလိုပဲ ငြင်းပယ်လိမ့်မယ်လို့ ကြို တင် တွက်ဆထားပြီးသားပါ"

"ကြိုတင် တွက်ဆထားပြီးပါလျက် ဘာကြောင့် လာဆက် သွယ်တာလဲ"

"သိစရာလေး ရှိနေလို့"

"ဆို"

"သျှင်ငြိမ်းဟာ ဘာကြိုက်တတ်သလဲ"

ကျွန်မ မထိတထိ ပြုံးလိုက်မိသည်။

"သိချင်ရင် သူ့မေးပါလား။ သူ ရှင်တို့အိမ်မှာ ရှိနေတယ်"

"မာမာက မေးခိုင်းလို့ပါ။ သိတင်းကျွတ်ပြီဆိုတော့ ဆန်နီ ဆရာ ဆရာမတွေကို ကန်တော့မယ်။ အဲ···မာမာက ကန်တော့ လိုက်တဲ့ပစ္စည်းဟာ ကန်တော့ခံရသူအတွက် အလိုအပ်ဆုံးနဲ့ အသုံးဝင် ဆုံး၊ အနှစ်သက်ဆုံး ဖြစ်စေချင်တယ်။ ဒါမှ တန်ဖိုးရှိမှာလို့ တွက်ဆ တယ်လေ။ ကာယကံရှင်ကို မေးရမှာ အားနာလို့၊ ပြီးတော့ သျှင်ငြိမ်း ဟာ အနေအထိုင် သိုသိပ်တယ်။ သူ ဘာကြိုက်တတ်တယ် ဆိုတာ ခန့်မှန်းရခက်တယ်။ ဒါကြောင့်ပါ"

ကျွန်မ သျှင်ငြိမ်းအတွက် ဝမ်းသာသွားသည်။ နေကြိုင်လျှမ်း တို့မိသားစုသည် သျှင်ငြိမ်းအပေါ် ဂရုစိုက်မှုရှိသည့်အတွက် ကျွန်မရင်





ထဲ သျှင်ငြိမ်းအတွက် ပီတိဖြစ်ရလေသည်။

"အင်း···ရှင်ပြောမှကျွန်မလည်းသတိထားမိတယ်။ သျှင် ငြိမ်း ဘာကြိုက်တတ်သလဲ ဆိုတာ ညီအစ်မလို ဖြစ်နေတဲ့ ကျွန်မ တောင် မသိသေးဘူး။ ကျွန်မ ကြိုးစား လေ့လာကြည့်လိုက်ဦးမယ် လေ။ ကိစ္စက ဒါပဲလား။ ကျွန်မ ပြန်မယ်"

ကျွန်မသည် ကောင်တာမှ ဆတ်ခနဲခွာလိုက်သည်။

သို့တိုင်အောင် နေက

"ကိုယ် လိုက်ပို့ပေးမယ်"

"ဝမ်းနည်းပါတယ်၊ သူစိမ်းယောကျ်ားတစ်ယောက်ရဲ့ကိုယ်ပိုင် ကား ကျွန်မ မစီးတတ်ဘူး"

"ကိုယ် လူရမ်းကား မဟုတ်ပါဘူး"

"ဒါပေမယ့် ကားထည်လဲ မိန်းမထည်လဲ ပြောင်းတွဲတတ် တယ်လို့တော့ နာမည်ရှိတယ်လေ"

"ဟာ····ဒါကတော့"

"ခွင့်ပြုပါ နေ"

ကျွန်မက အောင်နိုင်သူအပြုံးနှင့် ခပ်ထေ့ထေ့လေး ပြုံးပြီး ဆက်လက်ထွက်ခွာခဲ့လေသည်။

နေကြိုင်လျှမ်းတစ်ယောက် မခံချိမခံသာဖြစ်ကာ

ကျန်ရစ်ခဲ့လေသည်။

နောက်မှ ကျွန်မသိရသည်က ထိုမနေပလာဇာသည် မနေကြိုင်လျှမ်းမိသားစုပိုင်ပလာဇာဖြစ်သည်ဟု . . . ။

မနေကြိုင်လျှမ်းသည် အမည်နှင့်လိုက်ဖက်စွာပင် မနေများ ဖုံးလွှမ်းနေခြင်းကိုခံနေရလေရော့သလားဟု ကျွန်မ မနေကြိုင်လျှမ်းဘက်မှ သက်သက်ညှာညှာတွေးလိုက်မိလေသည်။

◆





## အခန်း(၅)

သျှင်ငြိမ်းပြန်ရောက်လာသည်။ ရောက်ရောက်ချင်း အဝတ်လဲ
ကာ ထမင်းခူးခပ်စားရင်း

"ကျူပ်ကို ဘယ်သူလိုက်ပို့တယ် ထင်သလဲ မယ်ပိုး"

ထူးခြားမှုတစ်ခုရှိလာ၍သာ ထိုမေးခွန်းထွက်ပေါ်လာခြင်းဟု
ျွန်မက တတ်အာပ်သေချာစွာပင် ဖြေလိုက်သည်။

"မနံ"

"ဟင် ရှင်ဘယ်လိုလုပ်သိသလဲ"

သျှင်ငြိမ်းက အရိုးခံသက်သက်မေးခွန်းထုတ်လေသည်။

"ရှင့်မေးခွန်းကိုပဲ ရှင် ပြန်စဉ်းစားလေ။ မထူးခြားဘဲ ရှင်မေး
သား။ ကြိုပို့နေကျ ဒရိုင်ဘာမဟုတ်တော့၊ အခြား ဘယ်သူရှိနိုင်မလဲ၊
ပဲ ရှိနိုင်မယ်လေ၊ ဆန်းသလား မယ်ငြိမ်းရယ်"

"အင်း . . . ဟုတ်တယ်၊ သူက ရှင့်အတွက် နှင်းဆီပန်းစည်း

စာစီစည်းလက်ဆောင်ပေးတာယ်။ ကျုပ် ငြင်းလိုက်တယ်"

"ဘယ်လို ငြင်းလိုက်သလဲ"

"မယ်ပိုးက ယူမှာမဟုတ်ဘူး။ ယူလာတဲ့ကျွန်မကိုလည်း အပြစ်တင်လိမ့်မယ်။ သတ္တိရှိရင် ရှင်ကိုယ်တိုင်ပေးလို့ ပြောလိုက်တယ်"

ကျွန်မသည် သျှင်ငြိမ်းကို ချစ်ခင်သဘောကျစွာကြည့်လိုက်မိလေသည်။

သျှင်ငြိမ်းသည် ကျွန်မ၏ မနေအကို သိရှိနေသည်။ ကျွန်မအကြိုက်ကို ဆောင်ရွက်ပေးနိုင်စွမ်း ရှိသည်။

ကျွန်မကသာလျှင် သျှင်ငြိမ်း၏ စိတ်ဆန္ဒကို မသိရှိနိုင်ခြင်းကိုကပဲ ကျွန်မ သျှင်ငြိမ်းအပေါ် စိတ်ဝင်စားမှုအင်အား နည်းနေခြင်းကြောင့်လားဟု ကျွန်မ ထင်မြင်မိလေသည်။

"ရှင် ကျေနပ်ရဲ့လား"

"ပြောနေစရာ လိုသေးလို့လား"

ထိုစဉ်

"ပိုးပြည့်စုံ ရှိသလား။ ဝင်ခဲ့မယ်နော်"

အဆောင်ပိုင်ရှင် မမစန္ဒီ ဝင်လာသည်။ အသက်လေးဆယ်ကျော်ပြီ။ တက္ကသိုလ်၌ လက်ထောက်ကထိကတာဝန် ထမ်းဆောင်ရင်း တစ်ဘက်၌လည်း အမျိုးသမီးဘော်ဒါဆောင်ကို ဖွင့်ထားသူဖြစ်





သည်။ မမစန္ဒီ၏ရုပ်ရှုပကာသည် အချောစားစာရင်းဝင်ဖြစ်သည်။

သို့သော် အိမ်ထောင်မပြုဘဲ တစ်ကိုယ်ရေတစ်ကာယ ရပ်တည်နေနိုင်ခြင်းကိုတပင် ချစ်ကံခေခြင်းကြောင့်လားဟု ကျွန်မ ပထမဦးဆုံး အဖြေရှာခဲ့သည်။

"မမကို ဘာဖြစ်လို့ မေးနေတာလဲ ပိုးပြည့်စုံ"

"ဒီဆောက်လုပ်တဲ့ မမ အပျိုကြီး ဘာဖြစ်လို့ လုပ်နေရတာလဲလို့ စဉ်းစားလိုက်မိလို့"

မမစန္ဒီက ချစ်စဖွယ်ပြုံးကာ

"ဒါ ဘာဆန်းသလဲ၊ ဖိုက္ခ မြတ်စွာက လာတာကို။ သာသနာပြုဖို့လာတာ သက်သက်လေ။ ကိုဝိုး - ရော ညှိသည်တစ်ယောက်က မင်းအတွက် ပေးခိုင်းလိုက်တယ်"

မမစန္ဒီက နောက်ကျောဘက်မှဖွက်ယူလာသောပန်းစည်းကို ကျွန်မရှေ့သို့ ထိုးပေးလိုက်သည်။

နှင်းဆီပန်းရောင်စုံကို လှပစွာထုပ်ပိုးထားသဖြင့် ပန်းစည်း၏တန်ဖိုးမှာ ပိုမိုမြင့်မားနေစေသည်။

ကျွန်မ နှင်းဆီကြိုက်တာကို ဓနု သိနေသလေား။

ကျွန်မ၏ဖားပွဲ၌ သျှင်ငြိမ်း၏ ကောင်းမှုဖြင့် နှင်းဆီတစ်ပွင့် အလှပန်းအိုး အမြဲရှိနေသည်။ သို့သော်

"ကျွန်မ မယူချင်ဘူး မမ"

"ဟင် ဘာဖြစ်လို့လဲ၊ ယူတို့က ချစ်သူ မဟုတ်ဘူးလား"

"မဟုတ်ပါဘူး"

"ဪ . . . ဒါဖြင့် မမ ဘယ်လိုဆောင်ရွက်ပေးရမလဲ"

"သူက ဘယ်လိုပြောပြီး ပေးသွားတာလဲ"

"မမကိုလား၊ သူက မမရဲ့တပည့်လေ။ ပိုးပြည့်စုံကို ပေးပေးပါဆရာမလို့ ပြောပြီး ပေးသွားတာပဲ"

"ကျွန်မ လက်မခံရင် မမ ဘာလုပ်မလဲ"

"ပြန်ပေးလိုက်မှာပေါ့"

"သူက ပြန်လာမှာမို့လား"

"မမ ဖုန်းလှမ်းဆက်လိုက်မှာပေါ့။ သူပြန်လာယူချင်ယူ၊ မယူချင်လည်း သူ့သဘောပေါ့"

ကျွန်မ ဘယ်သူ့ဆန္ဒကိုမှ မယူတော့ဘဲ

"ကျွန်မ လက်မခံနိုင်ဘူး မမ"

"အင်း . . . ဒီအတိုင်းဆို မင်းလည်း မမလိုပဲ အပျိုကြီး ဖြစ်တော့မှာပဲ၊ သဘောပဲလေ။ ကိုင်း . . . မမ သွားမယ်"

ကျွန်မ မမစန္ဒီ၏နောက်ကျောပြင်ကိုငေးကြည့်ရင်း ကျန်ရစ်ခဲ့လေသည်။





"စမယ်စတော့လည်း ဖြုန်းစားကြီးပါလား မယ်ပိုးရယ်၊ ရှင် ဘယ်လိုစဉ်းစားထားသလဲ"

"ကျုပ် နှလုံးသားကို မေးကြည့်ရဦးမယ်"

"အချစ်ကို နှလုံးသားနဲ့ဆုံးဖြတ်တာ အကောင်းဆုံးပဲလို့ ရှင် သတ်မှတ်သလား"

"ဟင့်အင်း၊ နှလုံးသားသက်သက်နဲ့တင် မဟုတ်ဘူး။ ဦးနှောက်ကိုပါ အသုံးပြုရမယ်။ ကိုယ့်နှလုံးသားက ဘယ်လောက်ပဲ အသည်းနင့်အောင် ချစ်နေနေ၊ အဲဒီလူဟာ အိမ်ထောင်ရှိတဲ့လူဖြစ်နေရင် လက်ခံလို့ ဖြစ်ပါ့မလား။ ကျုပ်တို့ ဗုဒ္ဓဘာသာအဆုံးအမအရ သူတစ်ပါးအိမ်ရာကိုဖျက်ဆီးရမယ့် အကုသိုလ်အလုပ်မျိုး ကျုပ် ယောင်လို့တောင် မစဉ်းစားဘူး"

"ဟုတ်ပါပြီ။ ကျုပ် ဆိုလိုတာက လူပျို၊ အပျို ချစ်ကြိုက်ကြိုက်ကြတာ မဆန်းပါဘူး။ ဒါပေမယ့် ရွေးချယ်မှုကို နှလုံးသားနဲ့ဦးနှောက် ယှဉ်ရမယ့်ကိစ္စဆိုရင် ပြောတာ"

"နှစ်မျိုးလုံးနဲ့ ယှဉ်ကြည့်မှာပေါ့။ သူချစ် ကိုယ်ချစ် ဖြစ်ရမယ်၊ အရည်အချင်းရှိတဲ့ယောကျ်ားဖြစ်ရမယ်၊ ရှင် မပူပါနဲ့။ ကျုပ်ဟာ တော်ရုံတန်ရုံယောကျ်ားတစ်ယောက်ကို ဘယ်လိုနည်းနဲ့မှ စိတ်ဝင်စားလို့ မရဘူး"

ကျွန်မနှလုံးသားကိုကိုင်လှုပ်နိုင်သောယောကျ်ား မရှိသေးပါ။ ကျွန်မအသက်နှစ်ဆယ်ဟူသောကာလသည် ကျွန်မတို့အတွက် ငယ်သေးသည်။ ရင့်ကျက်ခြင်းကို မခေါ်ဆောင်နိုင်သေးပေ။ ကျွန်မသည် မိဘ၏လောင်းရိပ်အောက်မှာမနေသော်လည်းမလွတ်ကင်းသေး။

မိထွေးနှင့် အတူမနေလို့။

မိခင်နေရာမှာ သူစိမ်းမိန်းမတစ်ယောက်ကို အစားထိုးကြည့်နိုင်သောအင်အား ကျွန်မမှာ မရှိချေ။ ဒါကိုကပဲ ကျွန်မ၏ ပျော့ညံ့မှုဖြစ်သည်။

"မနမှာ ခုတလော အတွဲပြုတ်နေတယ်။ ဒါကြောင့် ရှင့်ဆီ မြားဦးလှည့်နေတာလည်း ဖြစ်နိုင်တယ်"

"အင်း‥အရွေးချယ်ခံ အဖြစ်ထက် ကိုယ်ကပဲ ရွေးချယ်သူဖြစ်ချင်တာ‥‥အင်း‥‥"

"ဒီလိုဆို ရှင်ကြေညာပြီး ပန်းကုံးစွပ်ပွဲ ကျင်းပလိုက်ပေါ့"

သျှင်ငြိမ်းက ရယ်မောသလိုပြောပြီး ပန်းကန်ခွက်ယောက်များသိမ်းဆည်းပြီးယူငင်ကာဆေးကြောရန်ထွက်သွားလေတော့သည်။

ကျွန်မတစ်ယောက်တည်း စိတ်ကူးအိပ်မက် မက်ကျန်ရစ်ခဲ့လေသည်။

◆





## အခန်း(၆)

ကျွန်မ နိုးနိုးချင်း နှင်းဆီရနံ့တို့ကဆီးကြိုနှုတ်ဆက်လေသည်။

လှပသောနှင်းဆီရောင်စုံပန်းစည်းသည် ကျွန်မ၏စားပွဲပေါ်မှ အလှပန်းအိုးတွင်စိုက်ထားလေသည်။ ပန်းအိုးမှာလက်ရာပြောင်မြောက်သောပန်းအိုးလေး ဖြစ်လေသည်။

"မယ်ငြိမ်း။ ရှင် သစ္စာဖောက်တာလား"

"ဟုတ်တယ်။ ရှင့်အပေါ် ဗွဲကောင်းစွာနဲ့ ပန်းစည်းဆက်တာ ဒီနေ့ဆို တစ်လပြည့်သွားပြီ။ ဒါကြောင့် ဗွဲဆုချသင့်ပြီ။ ကျုပ်ပဲ လက်ခံပေးလိုက်တာ။ နောက်ပြီး ဒီပန်းအိုးက ကျုပ်ရဲ့ လက်ဆောင်လေ။ ရှင့်အတွက် မွေးနေ့လက်ဆောင်"

"အို‥‥ဘုရားရေ။ ဒီနေ့ ကျုပ်မွေးနေ့"

ပြက္ခဒိန်ကို လှမ်းကြည့်ပြီး တအံ့တသြ ရေရွတ်လိုက်သည်။

"ကျုပ်တောင် မေ့နေတယ်။ ရှင့်မွေးနေ့လက်ဆောင်အတွက်

ကျေးဇူးတင်တယ်။ သိပ်အနုစိပ်တဲ့ ပန်းအိုးလေးပဲ။ လက်ရာ အရမ်း
မြောက်တာပဲ။ ကျုပ် ဒီပန်းအိုးမှာ ပန်းအမြဲထိုးမယ်"

"ခနပေးတဲ့ပန်းကို လက်ခံပြီး ထိုးပေးတဲ့အတွက် ကျုပ်ကို
စိတ်ဆိုးမှာလား"

"ဟင့်အင်း။ စိတ်မဆိုးဘူး။ ကျုပ် နှစ်ဆယ်ပြည့်တဲ့မွေးနေ့
မှာ စိတ်ဆိုးခြင်းတွေ၊ မကျေနပ်ခြင်းတွေနဲ့မစတင်ချင်ဘူး။ ပျော်ရွှင်ခြင်း
ကျေနပ်ခြင်းတွေနဲ့ပဲ စတင်ချင်တယ်။ ကျုပ် ရှင့်လက်ဆောင်ကိုကော
ခန လက်ဆောင်ကိုပါ. ကျေနပ်စွာ လက်ခံလိုက်ပြီ"

သျှင်ငြိမ်းက ပျော်ရွှင်စွာဖြင့် ပြုံးကာ

"ဒီလိုဆို ရှင်မြန်မြန်ရေချိုး။ အလှပြင်။ ကျုပ်တို့ဘုရားသွား
ကြမယ်လေ။ ရှင်တော်ဘုရားမှာ ရေသက်စေ့၊ ပန်းသက်စေ့၊ ဆီမီးသက်
စေ့ပူဇော်ပြီး စာသွားလွှတ်ရအောင်။ ပြီးတော့ တစ်နေရာရာမှာ စားကြ
မယ်။ ဒီနေ့ ဘာမှချက်မထားဘူး။ ရှင့်အတွက် ဒီနေ့ ကျုပ်အချိန်တွေ
ပေးမယ်"

"တကယ်လား။ တကယ့်ကိုမင်္ဂလာရှိသွားပြီကွာ။ ကိုင်း ဒါ
ဖြင့် ကျုပ်ရေချိုးတော့မယ်"

"အေး‥အေး။ မြန်မြန်ချိုးနော်၊ နေမပူခင် သွားရအောင်"

ကျွန်မ အမှန်တကယ်ပင် ကြည်နူးပျော်ရွှင်ခဲ့လေသည်။





သျှင်ငြိမ်းလို သူငယ်ချင်းတစ်ယောက်ရရှိခြင်းက ကျွန်မဘဝ
အတွက်ကံကောင်းခြင်းကိုဖြစ်ရပေါ်စေသည်ဟု ကျွန်မ ယုံကြည်ထား
သည်။ သီတင်းကျွတ်လပြည့်မှာမွေးသော ကျွန်မသည် သီတင်းကျွတ်
ကာနီးပြီဆိုသည်ကို သိလျက်နှင့် ကိုယ့်မွေးနေ့ ကိုယ်မေ့ရလောက်
အောင် မိဘများနှင့်ကင်းကွာသည့်အဖြစ်မျိုးကိုရောက်ရှိနေရလေသည်။

ကျွန်မ လှလှပပပြင်ဆင်ပြီး၍ အပြင်သို့ထွက်အလာ၌ ကား
တစ်စီးကို မြင်လိုက်ရသည်နှင့် ကျွန်မ သျှင်ငြိမ်းကို ငဲ့စောင်းကြည့်
လိုက်သည်။

သျှင်ငြိမ်းက ပြုံးကာ

"ရှင်တို့ရဲ့ ဖူးစာရေးနတ်မင်းအဖြစ်ကို ကျုပ်ပိုင်ဆိုင်ချင်လို့ပါ။
ခနဟာ ရှင့်ကို တကယ်နှစ်နှစ်ကာကာချစ်တယ်ဆိုတာကို ကျုပ်ယုံ
ကြည်တဲ့အတွက် ကျုပ် ဖူးစာရေးနတ်မင်း လုပ်လိုက်တာပဲ။ ရှင့်နှလုံး
သားမှာလည်း ခန ရှိနေတယ်လို့ ကျုပ် မြင်မိလို့ပါ"

ကျွန်မ ဘာမှမပြောချင်တော့။ လူတွင်ပါမှ နွားကျားကိုက်
သကဲ့သို့ပင်။ ကျွန်မကိုယ်တိုင်ကလည်း နှလုံးသားအလိုတစ်ခုတည်း
အရ ခနကြိုင်လျှမ်းဟူသောရွှေမင်းသားအပေါ် ယိမ်းယိုင်နေခဲ့ပြီကိုး။

"မင်္ဂလာမွေးနေ့ပေါင်းများစွာကို ပိုင်စိုးနိုင်ပါစေ ပိုးပြည့်စုံ"

"ပေးတဲ့ဆုနဲ့ ပြည့်ပါစေ။ ပေးတဲ့ပန်းလက်ဆောင်အတွက်

ကျေးဇူးတင်လိုက်ပြီနော် ခနဲ"

"အလဿသဖြစ်သွားတဲ့ ပန်းတွေအတွက်ကော ဘယ်ကို

လျော်ကြေးပေးမှာလဲ"

"ခနက အလကားကြီးပဲ။ ဒီလိုအပြောလေးတွေနဲ့ မိန်းမချော

ဘယ်နှစ်ယောက်လောက်ကိုများ သိမ်းသွင်းယူခဲ့သလဲ"

"သိပ်မများဘူးထင်ပါတယ်။ လေး ငါး ဆယ်ယောက်လောက်

ပါပဲ။ ကိုယ် ဒီနေ့လိုက်ပြီး ဒရိုင်ဘာတာဝန် ထမ်းဆောင်ပေးခြင်း

အတွက်ကော ကြည်ဖြူပါတယ်နော်"

"ကြည်ဖြူပါတယ်"

ကျေကျေနပ်နပ်ပင် ခနေ၏ကားပေါ်၌ ကျွန်မတို့လိုက်ပါခဲ့လေ

သည်။

ခနသည် ကျွန်မအား ချစ်ခွင့်ပန်ထားသည်။ ချစ်ခွင့် ပန်ထား

ပြီး အဖြေတောင်းထားသူအား လိုက်လျောခြင်းသည် သူ့အား အလို

အလျောက်အဖြေပေးခြင်းဖြစ်သွားပေလိမ့်မည်ကိုသိလျက်နှင့် ကျွန်မ

လိုက်လျောလိုက်မိလေပြီ။

ရွှေတိဂုံဘုရားပေါ်မှ အဆင်းတွင်

"ခနနှင့်ကျွန်မ ဆေးရိုးသည် ဖြစ်နေပြီလား"

သျှင်ငြိမ်းက အဆက်အစပ်မရှိ မေးလိုက်သည်။





ခနက ရုတ်တရက် ကြောင်သွားပြီးမှ နောက်မှ သတိရသွား

ဟန်ဖြင့် ပြုံးကာ

"မဖြစ်ပါဘူး သျှင်ငြိမ်း။ ခင်ဗျားဟာ ကျွန်တော့်ရဲ့ ကျေးဇူး

ရှင်ပဲ။ ကျွန်တော် မယယ်ရှားပါဘူး"

"အမယ်···သူတို့အချင်းချင်းကတော့ ဟုတ်လို့။ ကျွန်မက

ခနကို လက်ခံမယ် မပြောသေးဘူးနော်"

"ဟာ မပြောသေးဘူးလား။ ဒါဖြင့် ပြောတော့ဗျာ"

တကယ်တန်း အချစ်ကိုထိပ်တိုက်ရင်ဆိုင်ရသောအခါ ကျွန်မ

မျက်နှာတစ်ပြင်လုံး ထူပူသကဲ့သို့ ခံစားနေရသည်။

ခနကိုပင် ရဲရဲမကြည့်တော့။

ရဲရင့်ပါသည် ဟူသော မိန်းမသားပင် ဖြစ်လင့်ကစား အတွေ့

အကြုံမရှိသော မိန်းမသားတစ်ဦးအတွက် အချစ်ကိုထိပ်တိုက်ရင်ဆိုင်

လိုက်ရချိန်၌ လက်ဖျားခြေဖျားများ အေးစက်ကာ ရှက်ရွံ့တုန်လှုပ်မှု

များတော့ ဖြစ်ပေါ်ခံစားခဲ့ရလေသည်။

ဒါကိုပဲ အချစ်ဟု ကျွန်မ လေးနက်စွာယုံကြည်မိပြီး

ခနအတွက် ချစ်အဖြေကို ခေါင်းညိတ်ကာ အဖြေပေးလိုက်

မိလေသည်။

တကယ့်ကိုပင် မင်္ဂလာရှိသော မွေးနေ့ဖြစ်သွားခဲ့လေသည်။

နေ့လယ်စာ စားပြီးချိန်တွင်

"အချိန်တွေ အများကြီးကျန်သေးတယ်။ ဘယ်သွားချင်သလဲ ပိုးလေး"

ကျွန်မကို မောင်က "ပိုးလေး" ဟုမြတ်နိုးစွာခေါ်ခြင်းကို ကျွန်မ ကျေနပ်စွာပင် လက်ခံခဲ့လေသည်။

"သန်လျင်"

"ဟာ မလုပ်နဲ့ မသွားနဲ့"

ကျွန်မ၏ဆန္ဒကို သျှင်ငြိမ်းက အထိတ်တလန့် ကန့်ကွက်လေသည်။

"ဘာဖြစ်လို့လဲ သျှင်ငြိမ်း"

မောင်က ထိုနေ့ကတော့ ဓနကို "မောင်" ဟု ကျွန်မ မခေါ်သေး။ သို့သော် ရင်ထဲကတော့ မောင်ဟု ကမ္ပည်းတင်ထားပြီး ဖြစ်နေလေသည်။

မောင်နှင့် ကျွန်မသည် အယူမသီးတတ်သောအချက်တွင် သွားရောက်တူညီလေသည်။

"ဩော်. . . ရှင်မွေ့လွန်းနဲ့ မင်းနန္ဒာပုံဝတ္ထုအစွဲနဲ့ ချစ်သူနှစ်ဦး သန်လျင်ကို ဘုရားဖူးထွက်ရင် ကွဲတတ်တယ်ဆိုတဲ့အစွဲရှိနေလို့ ချစ်သူတွေဟာ သန်လျင်ဘက်ဘုရားဖူးမထွက်တတ်ဖူးဆိုတဲ့အကြောင်း





ကြားမိလို့ပါ"

ကျွန်မတို့နှစ်ယောက် ရယ်မောလိုက်သည်။

"ကျုပ်တော့ အယူမရှိပါဘူး။ ဓနကော"

"ကိုယ်လည်း အယူမရှိဘူး။ ဒါပေမယ့် ပိုးလေး သဘောပါ။ ပိုးလေး စိတ်မပါရင် ပဲခူးပဲ သွားကြမယ်လေ"

ကျွန်မက ဓနကို စေ့စေ့ကြည့်ကာ

"ဒီလိုဆို ဓန စဉ်းစားရလိမ့်မယ်"

"ဘာဖြစ်လို့လဲ"

"ပဲခူးဆိုရင် ဟသ်ာဖို ဟသ်ာမကိုကြည့်ပြီး ယောက်ျားလေးတွေက မိန်းမအနိုင်ခံရတတ်တယ်ဆိုတဲ့ အစွဲနဲ့ ပဲခူးကို ချစ်သူနှစ်ဦး အတူတကွ ဘုရားဖူးသက်သက်မသွားရဲဘူး ဖြစ်သွားတယ်။ ဒီနေရာမှာတော့ ကျွန်မက ဓနကို ဦးစားပေးတယ်"

ဓနက ပြုံးကာ ခေါင်းယမ်းလိုက်သည်။

"ဒီနေ့တော့ သန်လျင်ပဲ သွားမယ်။ နောက်တစ်နေ့ အားရက်မှာ ပဲခူးကို သွားမယ်။ ကိုယ်က ချစ်ခြင်းမေတ္တာနဲ့ ပတ်သက်လာရင် သစ္စာတရားကိုပဲ အဓိကထားတယ်"

"အိုး. . . ဒါကြောင့် ရည်းစားများခဲ့တယ် ထင်တယ်။ သစ္စာရှိလို့ပေါ့နော်"

"ဒီကိစ္စနဲ့ပတ်သက်လို့ ကိုယ် ပိုးလေးကို ရှင်းပြမှာပါ။ ကိုယ် ရည်းစားမထားခဲ့ဖူးဘူး။ ကိုယ့်ရဲ့ရည်းစားဦးဟာ ပိုးလေးပဲ"

ကျွန်မနားကို ကျွန်မ မယုံကြည်နိုင်အောင် ဖြစ်ရသည်။

ထိုစဉ် မောင်က ကားမောင်းထွက်ခဲ့သဖြင့် ကျွန်မ မောင့်အာရုံပျက်ပြားသွားမှာစိုးသဖြင့် မမေးဖြစ်ခဲ့တော့ချေ။

ထိုနေ့က ကျွန်မတို့ သန်လျင်ဘုရားစုံဖူးပြီး မီးထွန်းပွဲလျှောက်ကြည့်ပြီးမှ ပြန်လာဖြစ်လေသည်။

အဆောင်စည်းကမ်းမှာ ခေတ်အနေအထားအရ စက်ရုံ အလုပ်ရုံ ညနေပိုင်းတာဝန်ချိန်များရှိနေသည်က တစ်ကြောင်း၊ ကျူရှင်ချိန်များ ညအထိ ရှိသည်က တစ်ကြောင်းကြောင့် ညပါလာဝိတ်ချိန်ကို ဆယ်နာရီအထိ သတ်မှတ်ပေးထားသည်ဖြစ်ရာ ကျွန်မတို့ ညကိုးနာရီ အဆောင်သို့ပြန်ဝင်ဖြစ်လေသည်။

အဆောင်ပြန်ကာနီးတွင် မောင်က ကျွန်မအား ချစ်သူဖြစ်သောနေ့ ကျွန်မ၏မွေးနေ့လက်ဆောင်အဖြစ် အသည်းပုံ စိန်စီသော ရွှေနာရီကလေး လက်ဆောင်ပေးလေသည်။

ကျွန်မက ငြင်းဆန်ရန် ကြိုးစားသော်လည်း

"ချစ်သူနှစ်ဦးကြားမှာ မာနဆိုတာ မထားအပ်ဘူးလို့ ယူဆရင် မောင့်လက်ဆောင်ကို လက်ခံပေးပါ ပိုးလေးရယ်"





မောင်က ကျွန်မရင်ထဲရှိနေသော ခေါ်ချင်နေသည့် နာမ်စားကိုသုံး၍ပြောလိုက်သဖြင့် ကျွန်မ အလွန်ကျေနပ်သွားပြီး မောင့်လက်ဆောင်ကို မောင်ကိုယ်တိုင်ပင် လက်မှာပတ်စေရန် လက်ကိုဆန့်တန်းပေးလိုက်သည်။ သျှင်ငြိမ်းက ခပ်လွှဲလွှဲမျက်နှာပြုကာ

"တို့ ဝင်နှင့်တော့မယ်ကွာ"

ဟု ဆိုကာ အဆောင်အတွင်းသို့ ဝင်သွားစဉ်

ကျွန်မကလည်း မောင့်အား မြတ်နိုးစွာတစ်ချက်ကြည့်လိုက်ပြီး

"ကျေးဇူးတင်ပါတယ် မောင်"

ဟု တစ်ခွန်းပြောပြီး ချာကနဲလှည့်ကာ မောင့်အား ကျောခိုင်းခဲ့လေသည်။

မောင် ဝမ်းသာကြည်နူးခြင်းများစွာဖြင့် ကျွန်မနောက်ကျောကိုကြည့်ပြီး ကျန်ရစ်ခဲ့လိမ့်မည်ဟု ကျွန်မ လှည့်မကြည့်ပါဘဲ သိလိုက်လေသည်။

◆

## အခန်း(၇)

သျှင်ငြိမ်းက ကျွန်မအား မောင့်တူလေး ဆန်နီ ကန်တော့သောလက်ဆောင်ကို ပြလေသည်။

ရွှေရောင်မိန်းမပတ်နာရီလေး ဖြစ်သည်။ ကျွန်မ မအံ့သြပါ။ ကျွန်မပေးသော အကြံဉာဏ်ဖြစ်နေခြင်းကြောင့် ဖြစ်သည်။

"ချစ်စရာလေးနော်။ လူသေးသေးကို နာရီသေးသေးလေး ဝယ်ပေးနိုင်တယ်။ ဓနအမေကြီးက ရှင့်ကို ချစ်ပုံပဲ"

"သူ့မြေးကို ဂရုစိုက်တော့ သူက ပြန်တုံ့ပြန်တာပေါ့"

"တန်ဖိုးကြီးမှာပဲ"

"ရှင့်နာရီလောက်တော့ တန်ဖိုးမကြီးနိုင်ပါဘူး"

"ဒါတော့ တူမလား။ ထောင့်ငါးရာနဲ့ ငါးရာနှစ်ဆယ့်ရှစ်လေ

ကျွန်မက ရယ်မောကာ ကျီစယ်လိုက်သည်။

"စာမေးပွဲဖြေပြီးရင် ရှင် တောင်ကြီး ပြန်ဦးမှာလား"





"မပြန်တော့ဘူး။ ဖေဖေ ရန်ကုန်ဆင်းလာမယ်လို့ပြောတယ်"

"ရှင့်အိမ်က နှစ်ချုပ်စေ့ပြီနော်"

"အင်း ထပ်ငှားရရင် ကောင်းမလား။ ရှင်နဲ့ ကျုပ်နဲ့ ပြောင်းနေရင်ကောင်းမလားဆိုတာ ကျုပ်တွေးနေတာ။ ရှင်က လိုက်မနေချင်ဘူးဆိုတော့ ကျုပ်အတွက် ဘယ်ဖြစ်မလဲ"

သျှင်ငြိမ်းက ငြိမ်သက်ကာ စဉ်းစားနေလေသည်။

တကယ်ဆို သျှင်ငြိမ်း၏ ဘဝသည် တစ်ကောင်ကြွက် ဖြစ်သည်။ ဆွေမျိုးများက အားကိုးလောက်စရာမရှိ။

"ကျုပ်ဘဝဟာ ခုလိုပဲ အဆောင်နေခြင်းနဲ့ နိဂုံးချုပ်ရတာမျိုးတော့ ကျုပ် အဖြစ်မခံနိုင်ဘူး။ ဒါပေမယ့် အရိပ်ကိုမရခင်တော့ နေပူခြင်းရဲ့ဒဏ်ကို ကျုပ် ကြံ့ကြံ့ခံသွားချင်ပါတယ်။ ဒါမှ လောကခံကို ခံနိုင်ရည်ရှိမှာ"

"ဟုတ်တယ် ရှင်ပြောတာ မှန်တယ်။ ကျုပ်ကတော့ ဖခင်ရဲ့ အရိပ်ကိုခိုနေရတုန်းပဲ။ ဒါပေမယ့် ဘယ်လိုအကြောင်းကြောင့်ပဲဖြစ်ဖြစ် ရှင့်ကိုတော့ ကျုပ်ပစ်မထားပါဘူး။ ရှင်လဲ ကျုပ်ကိုပစ်မထားရဘူး"

"ဒီလိုဆိုရင် ရှင် ဒီမှာပဲနေပါလား။ ဘွဲ့ရပြီးမှ တစ်မျိုးထပ်စဉ်းစားရအောင်"

သျှင်ငြိမ်းသည် နာရီလေးကိုပြန်ချွတ်ပြီး ဘူးထဲ၌ တရိုတ

သေထည့်သိမ်းကာ စားပွဲပေါ်တွင် တင်ထားလိုက်လေသည်။

ကျွန်မစားပွဲပေါ်မှနှင်းဆီရနံ့သည် သင်းထုံပျံ့နှံ့နေရာ ကျွန်မ မောင့်ကို သတိရစေသည်။ မောင်နှင့်ကျွန်မ ချစ်သူဘဝ ရောက်ပြီး နောက် ကျွန်မက မောင့်အား

"မောင်တို့ယောကျ်ားတွေက မရခင် ဖျာလိုလိပ် ထိပ်ပေါ်မှာ သာ တင်ထားတာ၊ ရတော့ ဖျာလိုခင်း နင်းချေတတ်တဲ့လူစားမျိုးဆို တာ ဟုတ်မှာ"

"ဟင် ဘာဖြစ်လို့လဲ မောင် ပိုးလေး မကြိုက်တာ ဘာများ လုပ်မိလို့လဲ"

မောင်သည် ကျွန်မကို အလွန်ချစ်မြတ်နိုးသောပုံစံ ပြကာ ဂရုတစိုက်ရှိတတ်လေသည်။

"မောင့်အပြစ် မောင်တကယ်ပဲ မသိဘူးလား"

"မသိဘူး ပိုးလေး"

"မောင် ကျွန်မအချစ်ကိုမရခင်က နေ့တိုင်း ဘာတာဝန်ထမ်း ဆောင်သလဲ"

မောင် ရုတ်တရက်ကြောင်သွားပြီး ငြိမ်သက်ကာစဉ်းစားလေ သည်။ နောက်မှ

"သြော် နှင်းဆီပန်းစည်း ဆက်တာ"





"တော်သေးတာပေါ့ မှတ်မိဖော်ရလို့။ ကဲ - - အဲဒါအတွက် ဘယ်လိုရှင်းမလဲ"

"ကျွန်တော်မျိုးကြီး သေသင့်ပါတယ်။ ပန်းပေးတာက ချစ် ခွင့်တောင်းခြင်းပါ။ ချစ်ခွင့်ရပြီးတော့ ပန်းပေးစရာမလိုဘူး ထင်လို့ပါ။ ဒါကို အပြစ်လို့ယူဆရင် ပိုးလေးပေးသောပြစ်ဒဏ်ကို မောင် ကျေနပ် စွာခံယူရမယ်"

ကျွန်မက မျက်နှာထားတင်းတင်းလုပ်ကာ

"သင်က ပြစ်ဒဏ်ကိုဝန်ခံတဲ့အတွက်တစ်ကြောင်း၊ အမှားကို အမှားမှန်း သိပြီး နောင်တရသွားတာကတစ်ကြောင်း ဖြစ်၍ ကျွန်ုပ် လျှော့ပေါ့ စဉ်းစားမယ်"

"ကျေးဇူးကြီးမားလှပါတယ် အရှင်"၊

မောင်သည် ပျော်ပျော်နေတတ်သည်။ မရင်းနှီးသူများနှင့်ဆို လျှင်တော့ ရှူတည်တည်နှင့် မာနကြီးသယောင်ယောင် သွေးကြီးသ ယောင်ယောင် ထင်ရသည်။ ချစ်သူဘဝ ရောက်ပြီးမှ မောင်သည် နှစ်လိုဖွယ်ကောင်းသော ယောကျ်ားတစ်ဦးဖြစ်သည်ကို ကျွန်မ ထင် မြင်လာမိလေသည်။ သြော် ကိုယ်ထင်လျှင် ကုတင်ရွှေနန်းပါလား။

"ပေးလေ ပိုးလေး"

"မမေ့မလျော့ နှစ်ရက်ခြား ပန်းစည်းဆက်သရမယ်"

နေ့စဉ်လို ဘာဖြစ်လို့ အမိန့်မချတာလဲ"

"ပန်းတွေက တစ်ရက် နှစ်ရက်အထိ လှနေတာကိုး မောင် ရယ် နှစ်ရက်ခြားဆိုရင် အတော်ပဲ"

"ပိုလေးကို မောင် တစ်ခုပြောချင်တယ်။ မောင့်စကားက လွတ်လပ်ခြင်းဆိုတာကို တလွဲမတွေးနဲ့ဦးနော်။ ခုလို လူအများမြင် တဲ့ပါလာမှာ စကားလာပြောရတာတို့၊ အပြင်ကို ကားနဲ့ ခေါ်သွားပြီ ဟိုတယ်မှာသွားစားရတာတို့ထက်စာရင် ပိုးလေးတို့အိမ်ရဲ့ညခန်းမှ လာပြီး တွေ့ရတာမျိုးက ပိုကျေနပ်မနေဘူးလား"

"မောင်က ကျွန်မကို အခေါင်မှာမနေစေချင်ဘူးလား။ အ ဒါ မယ်ငြိမ်းအပေါ်မှာမူတည်တယ် မောင်။ ကျွန်မမှာ အိမ်လည်း တယ်။ ကွန်ဒိုတစ်ခန်းလည်း ရှိတယ်။ မယ်ငြိမ်းက မနေချင်ဘူးဆ လို့ထားထားရတာ။ မောင်ပါ မယ်ငြိမ်းကို စည်းရုံးကြည့်ပေါ့"

ကျွန်မအတွေးတို့သည် သျှင်ငြိမ်း ရေချိုးပြီး ထွက်အလာ လွင့်ပြယ်သွားသည်။ ကျွန်မအနေအထားကို ကြည့်ပြီး

"ရှင် ဘာတွေ တွေးနေတာလဲ မယ်ပိုး"

"ဩော် ကျွန်မဘာဝကိုတွေးမိလို့ပါ။ အိုးအိမ်ရှိရက်နဲ့ အိုးအိ န့်မနေဘဲ သူငယ်ချင်းကို မခွဲနိုင်လို့ ရှင်နဲ့ ဒုက္ခလာခံနေတာယ်။ ရှ ကိုလဲ ဒုက္ခပေးမိတဲ့အဖြစ် ကျုပ် တွေးမိလို့"





"ရှင် အဲဒီလို မပြောပါနဲ့"

သျှင်ငြိမ်း စိတ်မကောင်း ဖြစ်သွားလေသည်။ ကျွန်မစိတ်ထဲ ကျိတ်၍ပြုံးလိုက်သည်။ မျက်နှာပြင်ပေါ်မှာတော့ အပြုံးရိပ်ကိုမတင်ချေ။

"ရှင်က မာနကြီးတာကိုး။ ဖေဖေနဲ့ ဘွားဘွားက သူတို့လာ ရင်လဲ ကျုပ်နဲ့အတူနေရအောင် အိမ်မှာပဲနေစေချင်တာ။ အမျိုးနီးစပ် တော်တဲ့အဒေါ်တစ်ယောက်နဲ့ အဖော်မိန်းကလေးတစ်ယောက် ထား ပေးမယ် ပြောတယ်"

"ရှင့်သဘောလေ ကျုပ် ဘာမှမပြောတော့ပါဘူး။ ကျုပ်က တော့ ရှင့်အတွက်လုပ်ပေးရတာကိုပဲ ပင်ပန်းတယ်လို့ မထင်ဘူး"

"ဒါပေမယ့် နောက်ဆုံးနှစ်ဆိုတဲ့ကာလဟာ ရှင့်အတွက် အ ရေးကြီးပါတယ်။ ရှင်စာကျက်ချိန်ပိုရပြီး ရည်မှန်းချက်ကိုပြည့်စေချင် တယ်လေ။ ရှင့်ကျေးဇူးကို ကျုပ်ကိုလဲ တုန့်ပြန်ခွင့်ပေးဦးမှပေါ့"

ကျွန်မ အမှန်တကယ်ပင် သျှင်ငြိမ်းကို ချစ်ခင် တွယ်တာ သည်။ ကျွန်မအပေါ် သျှင်ငြိမ်းသည် အနစ်နာခံကာပေါင်းသည့် သူ ငယ်ချင်းကောင်း ဖြစ်သည်ဟု ကျွန်မ ခံယူထားလေသည်။

သို့နှင့် ကျွန်မတို့စာမေးပွဲအပြီး၌ အိမ်ပြောင်းဖြစ်လေသည်။ ထိုအထဲ ဝမ်းအသာဆုံးလူမှာ "မောင်" ဖြစ်လေသည်။

◆

## အခန်း(၇)

ဒေါ်သန်းသည် ကျွန်မ၏မိခင်ဘက်မှ အဒေါ်နှစ်ဝမ်းကွဲတော်သူ ဖြစ်သည်။ နောက် အဘွားကပင် သူ့အိမ်မှလက်တိုလက်တောင်း အဖော်ဒ၄နှစ်အရွယ် ကောင်မလေး ဖွားစိန်ကို ထည့်ပေးလိုက်သည်။

ဖေဖေက ကျွန်မအတွက် စူပါရှဖ်တစ်စီးကို မွေးနေ့လက်ဆောင်အဖြစ် ဝယ်ပေးသွားခဲ့သည်။ ကျွန်မဘဝသည် မိခင် မရှိခြင်းကလွဲ၍ ရေကန်အသင့်ကြာအသင့် ရှိနေသည်။

ထိုမျှမကသေး။ ကျွန်မကိုချစ်မြတ်နိုးသော၊ ကျွန်မကိုယ်တိုင်ကလည်းချစ်ခင်စုံမက်သော ချစ်သူတစ်ဦးကိုလည်း ရထားသေးသည်။ ကျွန်မအတွက် အစစအရာရာ ရေကန်အသင့်ကြာအသင့်ရှိနေသည်။

"မယ်ငြိမ်းရေ"

"ဝုပ်"

"ကျုပ်တို့ အိမ်တက်လုပ်ရင် မကောင်းဘူးလား"

"ကောင်းသားပဲ"





"ခနကို ဖိတ်ရင် ရှင့်တပည့်ကျော် ဆန်နီတို့မြေးအဖွားကိုပါ ဖိတ် လိုက်ပေါ့"

"ခနကို ပြောလိုက်လေ"

ကျွန်မအတွက် အိမ်တက်ဆွမ်းကျွေးပြီး ခနမိသားစုကို ဖိတ်လိုက်ခြင်းက ကျွန်မအတွက် မှားများသွားလေပြီလားဟု ကျွန်မဘဝ၌ ပထမဦးဆုံးသောသံသယအတွေးကို ဖြစ်ပေါ်စေခဲ့သည်။

ကျွန်မ၏ တဇွတ်ထိုးညာဉ်၏ဒွိဟစိတ်သည် ထိုနေ့က စတင်ဖြစ်ပေါ်လာခဲ့လေသည်။

ကျွန်မသည် လူများများ မဖိတ်ခဲ့။

ကျွန်မ သူငယ်ချင်း လေးယောက်။ မမစန္ဒီနှင့် မောင့်ကိုသာ ဖိတ်သည်။ သျှင်ငြိမ်းက ဆန်နီနှင့် မောင့်မိခင် ဒေါ်နှင်းမြတ်ကိုသာ ဖိတ်သည်။

"ရှင့်သူငယ်ချင်းတွေလဲ ဖိတ်ပါ"

ဟူသော ကျွန်မ၏ တိုက်တွန်းချက်ကိုပင် လက်မခံ။ အိမ်နီးချင်းများကိုတော့ ဒန်ပေါက်ဝေပေးလိုက်သည်။ ဘုန်းကြီးများပြန်ကြွသွားချိန်၌ ဒေါ်နှင်းမြတ်ရောက်လာသည်။ မောင်ကတော့ မနက်စောစောပိုင်းကတည်းကကြိုရောက်ကာ ယောကျ်ားလေးမရှိသောအိမ် ဖြစ်၍ ဘုန်းကြီးကပ္ပိယ လုပ်ပေးရလေသည်။

"ဟော မာမာ့ကားသံ ထင်တယ်"

မာစီဒီးအနက်ရောင်ကားတစ်စီး ဝင်လာသည်။

မောင်က

"သျှင်ငြိမ်းကော"

သျှင်ငြိမ်းသည် ထမင်းစားဝိုင်းကို ပြင်ဆင်နေသည်။

"သျှင်ငြိမ်း မာမာ လာတယ်။ ဆန်နီလဲ ပါတယ်"

မောင်က သျှင်ငြိမ်းကို လှမ်းအော်ပြောလိုက်ပြီးမှ ကျွန်မဘက်ကို လှည့်ကာ

"ပိုးလေးနဲ့ မိတ်ဆက်ပေးရမယ်"

ကျွန်မကိုတော့ မကြိုခိုင်းပါ။ သို့သော် အိမ်ရှင်ဖြစ်နေသော ကျွန်မက. မောင့်နောက်ပါးမှ ကပ်လိုက်ခဲ့ပြီး ကြိုလိုက်သည်။

သျှင်ငြိမ်းက ကျွန်မနောက်မှ ကပ်ပါလာသည်။

"ကြွပါ အန်တီ။ လာ ဆန်နီ မင်းက မင်းဆရာမ ပြောထားတဲ့ အတိုင်းပါပဲလား။ တကယ့်လူချောလေးပဲ"

ဆန်နီဟူ၍ အိမ်အမည်ချစ်စနိုးခေါ်သော ဤကလေးသည် ကျွန်မကို ရက်ကိုးရက်ကန်းကြည့်ပြီး သျှင်ငြိမ်းသို့သွားကပ်လေသည်။

မောင့်မိခင်က ပြုံးယောင်သန်းသော မျက်နှာနှင့် ကျွန်မကို တစ်ချက် အကဲခတ်လိုက်ပြီး သျှင်ငြိမ်းအား





"ဆရာမ တပည့်ကျော်က မိုးလင်းကတည်းက လာဖို့ပူဆာပြီးနေ တော့တာပဲ"

ကျွန်မရင်ထဲ၌ တစ်မျိုးဖြစ်သွားသည်။ တစ်ဒင်္ဂတော့ ကျွန်မသည် အပြင်လူသက်သက် ဖြစ်သွားလေသည်။ သို့သော် သျှင်ငြိမ်းက အခြေအနေအရပ်ရပ်ကို ထိန်းသိမ်း လိုက်သည်။

"ကြီးကြီး ဒါ ကျွန်မနဲ့ ညီအစ်မလိုနေတဲ့ သူငယ်ချင်း ပိုးပြည့်စုံပါ။ ဒါ သူ့အိမ်လေ"

"ဪ သား ပြောထားလို့ ကြီးကြီး သိနေပါတယ်"

ကျွန်မ မျက်နှာအနည်းငယ်တော့ ပူသွားလေသည်။ တစ်ချိန်ချိန်၌ ယောက္ခမတော်ရမည့်အမျိုးသမီးကြီးကို ကျွန်မ ဘယ်လိုပုံစံမျိုးနှင့် ဆက်ဆံရမည်ကို ကျွန်မ သိပြီ။ မိထွေးကိုတောင် အမေနေရာ မပေးနိုင်သောကျွန်မသည် ယောက္ခမကိုရော အမေနေရာ ပေးနိုင်ပါ့မလား။ ချစ်သူဟူသောဆက်နွယ်မှုက နှစ်ယောက်တည်း ရသေးသည်။ အိမ်ထောင်ဘက်ဖြစ်လာလျှင် နှစ်ယောက် တစ်ဘဝ မရနိုင်တော့။

"တစ်ခါတည်း ထမင်းဝိုင်းကိုသာ ကြွပါ ကြီးကြီး။ လာ ဆန်နီ"

ထမင်းစားဝိုင်း၏ပြင်ဆင်မှုမှာလည်း အလုံးစုံသည် သျှင်ငြိမ်း၏လက်ရာတွေသာဖြစ်သည်။

"ဆရာမလက်ရာတွေချည်းပဲလား။ ပိုးပြည့်စုံလက်ရာကတော့ ငွေပဲ ပါတယ်ထင်တယ် ဟုတ်လား"

မောင့်မိခင်ဒေါ်နှင်းမြတ်၏ လေသံနှင့်စကားသည် ကျွန်မ၏ ရင်ကို ခံရခက်စေသည်။

မောင်က ရယ်ကာ

"သူတို့နှစ်ယောက်က စွယ်တော်ရွက်လေ မာမာ။ နှစ်လွှာပေါင်းမှတစ်ရွက်ဖြစ်တာ ငွေတတ်နိုင်သူကငွေ၊ လုပ်အားတတ်နိုင်သူက လုပ်အား"

"ဒါပေမယ့် လောကမှာ အရည်အချင်းကအရေးကြီးတယ်။ အရည်အချင်းရှိရင် ငွေရှာဖို့ လွယ်ကူသွားလိမ့်မယ်"

ကျွန်မရင်ထဲကဒေါသမီးကို ကျွန်မ မည်ကဲ့သို့ငြိမ်းသတ်ရမှန်းမသိ ဖြစ်သွားရလေသည်။

သျှင်ငြိမ်းက

"ဘဝပေးအခြေအနေမတူညီခြင်းက အဓိကကွာခြားချက်ပါ ကြီးကြီး။ မယ်ပိုးက ငယ်ငယ်ကတည်းကဘာမှလုပ်စရာမလိုဘဲ ကြီးပြင်းခဲ့ရတာ သူ့ရဲ့ဘုန်းကံပဲ မဟုတ်လား"

သျှင်ငြိမ်းနှင့် ကျွန်မကြား၌ ဆက်နွယ်နေသော သံယောဇဉ်အဖြူရောင်သက်သက်ကို အရောင်လာခြယ်နေသော ဒေါ်နှင်းမြတ်ကို





ကျွန်မစိတ်ထဲမျက်သွားလေပြီ။

ဒေါ်နှင်းမြတ်၏ ရုပ်ရည်အမွေအနှစ်ကို ရမထားသော်လည်း ခနသည် မိခင်၏စိတ်ဓာတ်အမွေအနှစ်ကိုဆက်ခံထားသူဆိုပါက ကျွန်မနှင့်ရှေ့ဆက်ရမည့်ခရီးလမ်းအတွက် အလားအလာမကောင်းချေ။

"ဘုန်းကံဟာ အတိတ်ရဲ့ အကျိုးပေးတစ်ခုပါလေ။ ကံကုန်တော့သွား ဆိုတဲ့စကားလဲ ရှိတယ်လေ"

"အန်တီက လူတစ်ယောက်ရဲ့အရည်အသွေးကို အလုပ်ဆိုတဲ့ပေတံနဲ့ တိုင်းတာတတ်တယ် ထင်တယ်။ ဒါဆို နေပူစပ်ခါး မရှောင်ခါးချိအောင် အလုပ်ကြမ်းလုပ်နေရသူတွေရဲ့ တန်ဖိုးဟာ တော်တော်မြင့်မားတယ် ထင်တယ်"

ကျွန်မ၏ရယ်သွမ်းသွေးသောခနိုးခနဲ့အပြောကြောင့် ဒေါ်နှင်းမြတ်မျက်နှာ မဲတက်သွားလေသည်။

ခန မျက်စိမျက်နှာပျက်သွားပြီး

"ကဲပါ ပိုးလေးရယ် စကားရည်လုပွဲကျင်းပဖို့ ဖိတ်ထားတာမဟုတ်ဘူးလေ မောင့်ကိုလဲ ငဲ့ပါဦး"

"အို ဆောရီး မောင်။ ကျွန်မ မရည်ရွယ်ပါဘူး"

ဒေါ်နှင်းမြတ်က ထိုင်ရာမှ ထလိုက်သည်။ စားလက်စတန်းလန်းကြားမှာပင်

"ဆရာမကိုတော့ အားနာပါတယ်။ ဒါပေမယ့် မိဘအရိပ်အာဝါနဲ့မောက်မာနေတဲ့သူရဲ့ထမင်းကို ကြိုးကြိုး ဆက်စားလို့မျိုကျမှာ မဟုတ်ဘူး။ ခွင့်ပြုပါ။ လာ ဆန်ဆန်"

"ကွာ ကွာ"

"ဟာ…မာမာ"

မောင့်မျက်နှာတစ်ခုလုံး နီမြန်းကာ သူ့မိခင်ကို တားဆီးရန် ကြိုးစားလေသည်။

"နေပါဦး မာမာ"

"မင်း နေခဲ့နိုင်ပါတယ် ခန့်။ မာမာတို့က သားသမီးတွေရဲ့ လွတ်လပ်ခွင့်ကို နားလည်ပြီးသားပဲ။ မင်းပျော်ရွှင်မှုအတွက် မင်းတွဲချင်တဲ့သူနဲ့တွဲပြီး နေနိုင်ပါတယ်။ မာမာ့ကိုတော့ မတားဆီးနဲ့"

ကျွန်မ ပြန်ပြောချိန် မရလိုက်။

ကျွန်မအား သူ့သားသည် အပျော်တွဲနိုင်သည်ဟုသတ်မှတ်ပေးလိုက်ခြင်းအားဖြင့် ကျွန်မ၏ အဆင့်အတန်းကို အလိုအလျောက်ချပစ်လိုက်ခြင်း ဖြစ်သည်။

မောင်သည် မိခင်နောက် လိုက်ရနိုး၊ ကျွန်မအား နှစ်သိမ့်မှုပေးရန်းဖြစ်နေစဉ် သျှင်ငြိမ်းက ဒေါ်နှင်းမြတ်နှင့်သူ့တပည့်ကျော်နောက်သို့လိုက်ကာ တတွတ်တွတ်တောင်းပန်ရင်း ကားဆီသို့ လိုက်ပို့ပေးလေ





သည်။ ကားသံ ကြားလိုက်ရသည်။ ကျောက်ဆစ်ရုပ်လိုဖြစ်နေသော ကျွန်မကို မောင် ဘာတွေတောင်းပန်သည်ကို ကျွန်မ လုံးဝ မကြားသိခဲ့။

ကျွန်မရင်ထဲ၌ ပထမဦးဆုံးအကြိမ် အဖြစ် သျှင်ငြိမ်းအပေါ် သံသယ ဝင်ခဲ့ခြင်း ဖြစ်သည်။

ကျွန်မအကြောင်းကို ဘာကြောင့် မောင့်အမေက သိရှိနေခဲ့ရသနည်း။

"ပိုးလေး"

"ဆောရီးပဲ မောင်၊ ကျွန်မ နားပါရစေ။ ကျွန်မကို ဘယ်သူမှ အနှောင့်အယှက်မပေးဖို့ တောင်းပန်ပါတယ်"

ကျွန်မအားလုံးကို ကျောခိုင်းကာ အပေါ်ထပ်သို့ တက်ခဲ့လေသည်။

ကျွန်မအိပ်ခန်းတံခါးကိုပိတ်ကာ နာရီပေါင်း မည်မျှအကြာအထိ ဒေါသမီး မောဟမီးကို ငြိမ်းသတ်ရမည်ကိုတော့ ကျွန်မ မပြောနိုင်ချေ။

◆

အခန်း(၉)

သျှင်ငြိမ်းကို ကျွန်မ စိတ်ဆိုး၍သင့် မသင့်ကို ကျွန်မ ဦးစွာ စဉ်းစားလိုက်မိသည်။

သျှင်ငြိမ်းမပြောဘဲ ကျွန်မ အိမ်တွင်းမှုကိစ္စလုပ်ရန် ဝါသနာ မပါခြင်းကို မောင့်မိခင်က ဘာကြောင့် သိရှိနေရသနည်း။ သျှင်ငြိမ်း နိုင်နင်းကြောင်းကိုရော သူက ဘာဖြစ်၍ သိနေရ သနည်း။

ကျွန်မ သျှင်ငြိမ်းပေါ် သံသယဝင်သွားသည်။

သျှင်ငြိမ်းသည် စကားနည်းပြီး လုပ်စရာရှိသည်တို့ကို အလုပ် နှင့်လက် မပြတ်တန်း သိမ်းကျုံးလုပ်သွားတတ်သည်။

မောင်ကတော့ သိကောင်း သိလိမ့်မည်။

ကျွန်မ ပထမဆုံးသတိရလိုက်သူမှာ မောင် ဖြစ်နေသည်။ ချစ်သူ ဆိုသည့်စကားရပ်ကို ကျွန်မ နားလည်လာသည်။ သုခဒုက္ခနှစ်ဖြာကို မျှဝေခံစားပေးဖော်ကို ချစ်သူဟု ကျွန်မ သတ်မှတ်လိုက်သည်။





ကျွန်မ စိတ်တို့ငြိမ်သက်သွားချိန်၌ ကျွန်မမောင့်ထံသို့ ဖုန်း ဆက်လိုက်သည်။

မောင့်တစ်ဦးတည်းအသုံးပြုသော မိုဘိုင်းဖုန်းဖြစ်ခြင်းကြောင့် မောင်နှင့်အဆက်အသွယ်ရသည်။

"မောင်"

"ပိုးလေး နေ့မယ် ဖြစ်သွားပြီလား"

"ဆိုပါတော့ မောင့်ကို ကျွန်မ မေးစရာစကားတွေရှိနေတယ်"

"မေးလေ မောင်သိသမျှ မခြွင်းမချန်ဖြေမှာပေါ့"

"မောင့်အမေနဲ့ မယ်ငြိမ်းနဲ့ ရင်းနှီးမှုအနေအထားကို သိချင် တယ် မောင်"

"အင်း အဲဒါတော့ မောင် မသိဘူး။ မောင်က မိုးလင်းကမိုး ချုပ် အိမ်ကပ်တဲ့ကောင် မဟုတ်ဘူး"

"မောင်မသိသေးရင် သိအောင် လုပ်ပေးပါ မောင်။ မောင့်မေ မေနဲ့ မောင် ဒီည စကားတွေပြောဖြစ်လိမ့်မယ် ထင်တယ်။ ကျွန်မ အကြောင်းနဲ့ပတ်သက်ပြီး မောင့်အမေက ထင်မြင်ချက်တစ်ခုခုတော့ ပေးမှာပဲ"

"ကောင်းပြီလေ မောင် စုံစမ်းပေးမယ်။ ခြော် မောင်က သျှင်ငြိမ်းကိုငှားပေးပြီး တစ်လအကြာမှာတော့ မေမေ့ကို မေးမိသေး

တယ်။ ဆရာမ အခြေအနေပေါ့"

"ဘာပြောသလဲ"

"မောင်-သေသေချာချာတော့မမှတ်မိဘူး သိပ်တော်တယ်လို့ပဲပြောတယ်ထင်တယ်။ ထက်ထက်မြက်မြက်ရှိတယ်လို့ရော ပြောသေးသလားဆိုတာတော့ မောင် မမှတ်မိဘူး"

ကျွန်မ ရင်ထဲ အနည်းငယ်ပေါ့ပါးသွားသလိုတော့ဖြစ်သွားသည်။ ကျွန်မ မောင့်အပေါ်၌ ယုံကြည်စိတ်ချသွားခဲ့သည်။

သို့သော် ယောကျ်ားတွေ၏ အကြောင်းကို ကျွန်မ မသိသေးတာတော့ အမှန်ပင်။ ကျွန်မဖခင်သည် ဘာကြောင့် နောက်အိမ်ထောင်ကိုချက်ချင်းထူထောင်ရသနည်း။ သိပ်မလှသော်လည်း သူ့ထက် အသက်ငယ်သောမိန်းမတစ်ယောက်ကို ကောက်ယူလိုက်ခြင်းအပေါ် ကျွန်မ မကျေနပ်နိုင်ခဲ့။

"ဟဲလို ပိုးလေး ပိုးလေး"

"ဩော် နားထောင်နေပါတယ် မောင်"

ကျွန်မသည် စိတ်နှင့်ခန္ဓာ မကပ်သောအဖြစ်မျိုးနှင့် အာသိတရားချို့ယွင်းမှု မရှိ၊ သတိနည်းနေသောအဖြစ်မျိုးကို မကြာခဏဖြစ်တတ်သည်။

"ဆောရီး မောင်၊ အတွေးနယ်လွန်သွားလို့"





"ဒီလိုဆို နားလိုက်ဦးလေ။ ပိုးလေး ခန္ဓာကိုယ်အစိတ်အပိုင်းမှာရှိတဲ့ အကြောအခြင်တွေအားလုံးကို ဖြေလျှော့ပြီး အိပ်လိုက်ပါ"

"သိုင်ခ်ကျူး မောင်"

ကျွန်မ ဖုန်းချလိုက်သည်။ မောင့်ကိုရွေးချယ်ခဲ့ခြင်းသည် အမှားတော့ မဖြစ်နိုင်ပါ။ သို့သော် မောင့်မိခင်နှင့် ကျွန်မ တည့်ဖို့ဆိုသည်မှာ လွယ်ကူသောကိစ္စတော့ မဟုတ်ချေ။

လူသားဆက်နွှယ်မှုတွေ စတင်လာကတည်းက ယောက္ခမနှင့်သားမက်၊ ယောက္ခမနှင့် ချွေးမ၊ တည့်သည်က ခပ်ရှားရှားပင်။ ယခုလိုဖြစ်လာကတည်းက မောင်နှင့်ကျွန်မ၏ချစ်ခရီးလမ်းသည် ဖြောင့်ဖြူးတော့မည်မဟုတ်ဟု ကျွန်မ အလိုလိုထင်လာမိလေသည်။

"မယ်ပိုး"

ဒေါက် ဒေါက်

"မယ်ပိုး"

သျှင်ငြိမ်း၏ အသံ။

ကျွန်မ သျှင်ငြိမ်းနှင့်ပတ်သက်သော သံသယလေး ဝင်ရုံမျှနှင့် 'ကျွန်မ သျှင်ငြိမ်းကို မပစ်ပယ်သင့်ဘူး'ဟု ကျွန်မ ထင်ပါသည်။

ထို့ကြောင့် ကျွန်မ တံခါးဖွင့်ပေးလိုက်သည်။

သျှင်ငြိမ်းက

"ရှင် ဘာမှဟုတ်တိပတ်တိမစားရသေးဘူးလေ။ တစ်ခုခုစား ပါလား"

"ဆာတော့ စားတာပေါ့။ လောလောဆယ်တော့ ရင်ထဲမှာ ဒေါသအလုံးက ဆို့နေသေးတယ် စားလို့ မရဘူး"

"ကျုပ် ကျုပ်ရှင်သွားရတော့မှာ။ ရှင်က ဒီလို ဖြစ်နေတော့ ကျုပ် စိတ်ဘယ်ဖြောင့်မလဲ"

သျှင်ငြိမ်းကတော့ ပုံမှန်အတိုင်းပင်။

"သျှင်ငြိမ်း ဒေါ်နှင်းမြတ်အကြောင်း ဘယ်လောက်အထိ သိထားလဲ"

"သိပ်ကိုစည်းစနစ်ကျပြီး စီးပွားရေးလာဘ်မြင်တဲ့မိန်းမကြီးပဲ။ မိန်းမပီပီ ဝန်တိုမှု သဘောထားသေးမှုတွေလည်းရှိတာပေါ့။ ဒါပေမယ့် စိတ်ရင်းတော့ ကောင်းပါတယ်။ နှုတ်မစောင့်စည်းတာဖြစ်မှာပါ။ ရှင် ခေါင်းထဲမထည့်ထားပါနဲ့။ ပေါင်းရမှာက ခနနဲ့ပဲ။ သူနဲ့မှ မဟုတ်တာ"

သျှင်ငြိမ်းက စကားတွေ များများပြောပြီး ကျွန်မကို နှစ်သိမ့်လေသည်။

"အေးပါ ကျုပ်ကလဲ အရေးမလုပ်ပါဘူး။ ကိုင်း ရှင်သွားစရာ ရှိတာသာသွား။ ကျုပ်ရေချိုးပြီး ရှင်ပြင်ထားတဲ့ထမင်းပွဲစားလိုက်ပါ့မယ်။ စိတ်ချပါ"





"ဒါဖြင့် ကျုပ် သွားမယ်နော်"

"အိုကေ"

သျှင်ငြိမ်း အောက်ထပ်သို့ ပြန်ဆင်းသွားလေသည်။

သျှင်ငြိမ်း၏ငွေပေ ဥလက်မ အရပ်နှင့်လိုက်ဖက်စွာ သေးညှက်သောခန္ဓာကိုယ်သည် ယောက်ျားတစ်ယောက်ကို ဆွဲဆောင်နိုင်ဖို့ရာ၌ လွယ်ကူလိမ့်မည် မထင်။ ထို့အတူ သားရှင်တို့ မျက်စိကျလောက်သော ခန္ဓာကိုယ်အနေအထား၊ ရုပ်ရူပကာလည်းမရှိ။ သို့သော် သူ ဆွဲဆောင်နိုင်သည်က အချင်းသာ ဖြစ်ပေလိမ့်မည်။

ယခုမှ ကျွန်မ တစိမ့်စိမ့် သဘောပေါက်မိသည်။ သျှင်ငြိမ်း ကျွန်မကို မကြာခဏပြောဖူးသောစကားတစ်ခွန်းပင်။

"ကျုပ်ရုပ်ရည်နဲ့က ယောက်ျားကောင်းကောင်း ခေါင်းခေါက်ယူဖို့က လွယ်ကူတာ မဟုတ်ဘူး။ ဒါကြောင့် ကျုပ်လေ စပျစ်သီးချဉ်တဲ့စကားမျိုးနဲ့ပဲ ကိုယ့်ကိုယ်ကို နှစ်သိမ့်မှုပေးလိုက်ပါတယ်။ မိဖုရားအဖြစ်ကို မလိုချင်ဘူး။ ဘုရင်မအဖြစ်ကိုပဲ ရအောင် ယူမယ်လို့လေ"

သျှင်ငြိမ်းသည် ရေမြွေတစ်ကောင်တော့မဖြစ်နိုင်ဟု ကျွန်မ စတင်ရိပ်စားလိုက်မိလေသည်။

သက်ပြင်းချကာ သောကကို ရှင်းထုတ်ပစ်လိုက်သည်။

◆

# အပိုင်း(၂)

## အခန်း(၁၀)

ဓနု ညနေစောစောပင် အိမ်ပြန်လိုက်သည်။ ကောင်းကင်၌ မိုးလေဝသသည် ကြည်လင်နေသော်လည်း အိမ်၌ မိုးလေဝသအခြေအနေမကောင်းနိုင်ဟု ဓနုက ကြိုတင်တွက်ပြီးသားဖြစ်လေသည်။

"ပြန်လာပြီလား။ အဝတ်လဲပြီးရင် မေမေ့ဆီ ခဏလာပါဦး"

"မလဲတော့ဘူး။ တအောင့်နားပြီးရင် ရေချိုးမှာပဲ။ မေမေ ပြောစရာရှိတာသာ ပြောပါ"

မိခင်သည် ဓနုအလာကို စိတ်ပင်ပန်းကြီးစွာနှင့် စောင့်မျှော်နေရလိမ့်မည်ဟု ဓနုကြိုတင်သိနေသည်။

မိခင်သည် ခင်ပွန်း၏အလိုလိုက်ခြင်း၊ သားသမီးများ၏ချစ်ကြောက်ရိုသေခြင်းကိုခံခဲ့ရသူပီပီ သူစိမ်းမိန်းကလေးတစ်ယောက်၏ ရန်တွေ့မှု ခံပြောမှုကို အဘယ်မျှ ခံပြင်းနေလိမ့်မည်ကို ဓနု ကြိုတင်မှန်းဆကာ စိတ်မကောင်း ဖြစ်မိလေသည်။ ထို့ကြောင့် တမင်ပင်

အိမ်သို့ စောစောပြန်ခဲ့လေသည်။

"ပိုးပြည့်စုံနဲ့ သား အခြေအနေကို မာမာ သိချင်တယ်"

ခနက ခပ်အေးအေးပင်

"ကျွန်တော် လက်ထပ်ဖို့ ရည်စူးပြီးသားပါ"

"ဒါဖြင့် သားရဲ့သွေးကို ပြန်စစ်ကြည့်ဖို့တော့ လိုလာပြီ"

"ဗျာ"

ခန နားမလည်။

မိခင်က နှုတ်ခမ်းကို တွန့်ရုံပြုံးလိုက်ပြီး

"သားရဲ့ အစ်ကို အစ်မတွေဟာ ပါပါ မာမာတို့ရဲ့ သွေးကို အပြည့်အဝပါတယ်။ အိမ်ထောင်ဘက်ကိုရွေးချယ်တဲ့နေရာမှာ အဆင်းထက် အချင်းကိုပဲကြည့်ပြီး ရွေးချယ်ခဲ့တယ်။ သူတို့ရွေးချယ်မှု မှန်ကန်တယ်ဆိုတာ သား မျက်မြင်ပဲလေ"

"ပိုးပြည့်စုံကို ထမင်းဟင်းမချက်တတ်ရုံနဲ့ အချင်းမရှိဘူးလို့ ဆိုချင်တာလား မာမာ"

"မိန်းမတစ်ယောက်ရဲ့ အရည်အသွေးဆိုတာ အသေးအမွှားလို့ထင်ရပေမယ့် အိမ်ထောင်ထိန်းသိမ်းနိုင်မှုဟာလည်း အဓိကကျတဲ့ အရည်အချင်းတစ်ရပ်ပဲ သား"

"ပိုးပြည့်စုံအိမ်ထောင်မှု မနိုင်နင်းဘူးဆိုတာကို မာမာ ဘယ်





လိုလုပ် သိသလဲ၊ သျှင်ငြိမ်း ပြောလို့လား"

"သျှင်ငြိမ်း မပြောဘူး"

ခန သက်ပြင်းတိတ်တခိုး ရှိုက်လိုက်သည်။ သူငယ်ချင်းနှစ်ယောက် စိတ်ဝမ်းမကွဲစေချင်။

"ဒါဖြင့် မာမာ ဘယ်လိုလုပ်သိလဲ"

"သျှင်ငြိမ်းရဲ့အသင်အပြကောင်းမှု၊ ဆန်နီအပေါ် ဂရုစိုက်မှုနဲ့အမြင်မတော်တာကို သွက်သွက်လက်လက်လုပ်ပေးသွားမှု၊ ဒါတွေကို လေ့လာပြီး မာမာ သဘောကျတာနဲ့ သျှင်ငြိမ်းကို အိမ်မှာ ပြောင်းနေဖို့ ခေါ်တာယ်"

ခန ရင်ထဲ ထိတ်ကနဲ ဖြစ်သွားသည်။ မေမေက သူနှစ်သက်သော အရာဝတ္ထုကို ဖြစ်စေ၊ လူကို ဖြစ်စေ ရအောင်ယူတတ်သောဉာဉ် ရှိလေသည်။ သမက်နှစ်ယောက်ကို လည်းကောင်း၊ ချွေးမနှစ်ယောက်ကို သော်လည်းကောင်း သူ့စိတ်တိုင်းကျ ရွေးချယ်ကာ ရယူပေးခဲ့သည်။

ရည်းစားရှိသူများပင်ဖြစ်လင့်ကစား မိခင်စိတ်ကြိုက်ကိုလုံးဝမငြင်းပယ်တဲ့ ခေါင်းညိတ်ကာ ရည်းစားကိုအဆက်အသွယ်ဖြတ်၊ လက်ထပ်ယူနိုင်ခဲ့သူ အစ်ကိုကြီးနှင့် မငယ်ကိုလည်း ခန ကိုယ်တိုင် အံ့အားသင့်ခဲ့ရလေသည်။

ယခု မိမိအလှည့် ရောက်လာချေပြီ။

"စန္ဒီဆီ မာမာ ရောက်ပြီးပြီ"

"မမစန္ဒီကိုလည်း မာမာက သိလိုက်တာပဲလား"

"သိတာပေါ့။ မင်း မကြီးရဲ့သူငယ်ချင်းပဲဟာ"

"ဪ"

ခန မိခင်ကို ပြုံးချရလေသည်။

"သျှင်ငြိမ်းအကြောင်း စုံစမ်းရင်းနဲ့ တွဲလျက် ပိုးပြည့်စုံ အကြောင်းက ပါလာတယ်လေ။ ပိုးပြည့်စုံဘဝဟာ သျှင်ငြိမ်းသာ မရှိခဲ့ရင် ဒီလိုအခြေအနေမျိုး ရပ်တည်နိုင်ပါ့မလားလို့ မာမာတွေးမိတယ်"

"ဘာလို့မရပ်တည်နိုင်ရမှာလဲ မာမာ။ သူက ထောက်ပံ့မှု တွေပေးနေတာပဲ"

မိခင်က ခနိုးခနဲ့ ပြုံးလိုက်သည်။

"မိဘအပေါ် ထော်လော်ကန့်လန့် လုပ်ပြီး မိဘအထောက် အပံ့ကိုယူနေတဲ့အကျင့်စရိုက်ကိုမှ အထင်မသေးရင် ဘယ်လိုအကျင့် စရိုက်မျိုးကိုမှ သား အထင်သေးမှာလဲ"

"ဒါကတော့ မာမာရယ်။ မိထွေးအပေါ် မကြည်ဖြူနိုင်တာ လင်ပါ သားသမီးတွေရဲ့ဝါဒပဲ မဟုတ်လား"

"တစ်ပင်လဲလို့ တစ်ပင်ထူတာကို အပြစ်လို့ယူဆလို့မရဘူး။





မာမာ့အမြင်ပြောရရင် သားမိန်းကလေးဟာ စိန်နားကပ်ရောင်နဲ့ပါးပြောင် ပြီး သိပ်ကိုမောက်မာတဲ့ မိန်းကလေးပဲ။ မာမာတော့ သူ့ဆီမှာ ဘာ အရည်အချင်းမှ မတွေ့ဘူး။ အဆင်းလှတာလေးတစ်ခုပဲ တွေ့ရတယ်။ အဆင်းဟာ လူ့ဘဝရဲ့တန်ဖိုး မဟုတ်ဘူး သား"

"ဣတ္ထိရုပ် ခန့် ဆိုတဲ့စကားကရော မေမေ"

"အဟင်း ဟင်း ဒါကတော့ တဆိုပဲလေ။ စီးတဲ့ရေ ဆည် တဲ့ကန်သင်းကမှ အဖိုးတန်တဲ့ မိန်းမတစ်ယောက်ကိုရတာ။ အိမ်ရှင် မကောင်း ဖြစ်မှ မိခင်ကောင်း ဖြစ်နိုင်မယ်။ မိခင်ကောင်းရမှ မျိုးဆက် ကောင်းကိုရနိုင်မှာပေါ့ သားရယ်။ မဘာက်လိုက်ပြီး မိုက်ဘက်ပါတာမျိုး မဖြစ်စေနဲ့ ဆင်ခြင်ပါ သား။ ဘယ်လိုမိန်းကလေးမျိုးလည်း ဆိုတာကို သား အနီးကပ် လေ့လာကြည့်ပြီးမှ လက်ထပ်ဖို့ ဆုံးဖြတ်ပါ"

မိခင်သည် သားသမီးများကို ချော့၍တစ်မျိုး ခြောက်၍တစ်ဖုံ စည်းရုံးတတ်လေသည်။

ယခုထက်ထိ မှန်ကန်နေခြင်းတော့ မိဘများ စိတ်တိုင်းကျ ရွေးချယ်ပေးထားသော သားသမီးများ၏အိမ်ထောင်ရေးသည် တည် တံ့မြဲမြံသာယာနေခြင်းဖြစ်သည်။

"မိဘကို စိတ်ချမ်းသာအောင်ထားလို့ ဒုက္ခရောက်တဲ့သား သမီး ဆိုတာမျိုးကို သားတွေ့ဖူးရင် မာမာကို ခေါ်ပြပါကွယ်။ မာမာ

ကြည့်ချင်လို့ပါ။ ဒါမှ မာမာအယူအဆတွေဖယ်ရှားနိုင်မှာပေါ့။ အဲဒါ မတွေ့သရွေ့တော့ မာမာ ဆုံးဖြတ်ချက်ကို မပယ်ရှားနိုင်ဘူး"

မိဘနှစ်ပါးသည် အင်မတန်လိုက်ဘက်ညီသော ဇနီးမောင်နှံ ရာသက်ပန်ဖြစ်လေသည်။

သမီးတွေအတွက် သမက်ကို ဖခင်ကိုယ်တိုင် လေ့လာ အကဲခတ် ရွေးချယ်ပြီးမှ မအေကို တာဝန်ပေးသကဲ့သို့ သားအတွက် ချွေးမကို မအေက လေ့လာ အကဲခတ်ကာ ဖခင်ကို အသိပေးပြီးမှ စိတ်တိုင်းကျဆောင်ရွက်ပေးလေသည်။

ဤမိသားစုကြားမှအငယ်ဆုံးဖြစ်သော သူသည် မည်ကဲ့သို့ ရုန်းကန်ထွက်နိုင်မည်နည်း။

"မာမာက သျှင်ငြိမ်းကို သဘောကျနေလို့လား"

"သျှင်ငြိမ်းကို ရုပ်အဆင်းသဏ္ဌာန်အရတော့ မာမာ သဘော မကျဘူး။ စိတ်ဓာတ်နဲ့လုံ့လကိုတော့ သဘောကျတယ်။ ဒါပေမယ့် သူ့ကို ချွေးမအဖြစ် ရွေးချယ်ဖို့တော့ မာမာ တစ်ခါမှမစဉ်းစားမိသေး ပါဘူး။ ကဲပါ သားရယ်၊ သားလဲ အသိဉာဏ်နည်းတဲ့ယောကျာ်းတစ် ယောက် မဟုတ်ဘူး၊ သား လေ့လာပါ။ အချစ်တစ်ခုတည်းနဲ့ ဘဝ ကိုတည်ဆောက်လို့မရဘူးဆိုတာတော့ မှတ်သားပါ။ ကဲ ကဲ သွား ရေချိုးချည် ထမင်းစားစောင့်နေမယ်"





"ဟုတ်ကဲ့ မာမာ"

ခနဉ္ဇ ပြောစရာစကား မရှိသလိုပင် အားအင်ချိနဲ့ကုန်ခမ်း သွားလေသည်။

မိန်းကလေးများနှင့် တွဲသွားတွဲလာ လုပ်ခဲ့ဖူးသည် မှန်သော် လည်း အနီးမိန်းကလေးများအား ချစ်မရသဖြင့် ချစ်ရေးမဆိုခဲ့။ မိန်း ကလေးတွေကလည်း သူတို့၏ဂုဏ်သိက္ခာအတွက် ရည်းစားမဟုတ် သောယောကျာ်းလေး နောက်သို့ ကောက်ကောက်ပါ မလိုက်တော့။ ထိုအခါ အတွဲသည် အလိုအလျောက် ပြုတ်သွားလေသည်။

ခနရင်ထဲမှ ဖျောက်ဖျက်လို့မရနိုင်အောင်စွဲလမ်းမိသော ပိုး ပြည့်စုံတစ်ယောက်တည်းကိုသာ ချစ်သူအဖြစ် ရွေးချယ်ခဲ့ဖူးသည်။

ထိုချစ်သူကို မိခင်ကသဘောမကျဘူးဆိုသဖြင့် စိတ်ထဲ နောက်ကျိသွားသည်။

ပိုးပြည့်စုံ၏ ပြစ်မျိုးမဲ့မထင်သောအလှသည် သူ့မျက်ဝန်းရိပ် မှ လုံးဝ ဖျောက်ဖျက်၍ မရနိုင်ပါချေ။

◆

အခန်း(၁၁)

ပိုးပြည့်စုံအိမ်သို့ နံနက်ဂနာရီတွင် ရောက်သွားလေသည်။

ပိုးပြည့်စုံ မနိုးသေးဟု ဒေါ်သန်းကပြောလိုက်သောအခါ သူ အံ့အားသင့်သွားခဲ့သည်။

"ဒါဖြင့် သျှင်ငြိမ်းရော"

"ဈေးသွားတယ်"

"ကျောင်းမသွားဘူးလား"

"ဖွားစိန် လိုက်သွားတယ်။ ဖွားစိန်နဲ့ ဈေးဝယ်ပေးလိုက်ပြီး သူက ကျောင်းကို ဆက်သွားလိမ့်မယ်"

"သြော်"ဟူသော အာမေဍိတ်ကိုသာ ခနပြုလုပ်လိုက်နိုင်သည်။

"ညက အိပ်မပျော်ဘူး ထင်တယ်"

"ဟုတ်လိမ့်မယ်။ ဒေါ်သန်းတော့ မသိပါဘူး။ စောစောအိပ်





ပြီး စောစောထ အရဏ်ဆွမ်းကပ်နေရတယ်"

"သျှင်ငြိမ်းရော ထသလား"

ဘာကြောင့်ရယ် မသိ။ မိခင်က သျှင်ငြိမ်းနှင့်နှိုင်းယှဉ်ကြည့်ပါသား ဟူသောစကားကြောင့် သူ့နှုတ်ဖျားမှ မေးခွန်းတွေ အလိုအလျောက်ထွက်လာလေသည်။

"ထတာပေါ့။ ဘုရားရှိခိုးပြီးတာနဲ့ စာကျက်တော့တာပဲ"

ဒေါ်သန်းသည် ပိုးပြည့်စုံအတွက်ထားပေးသော အိမ်ထောင်ထိန်းတစ်ယောက်ဖြစ်သည်။

ထိုစဉ် ပိုးပြည့်စုံ ဆင်းလာသည်။

မိန်းမတစ်ယောက်၏အလှကို ကြည့်ချင်လျှင် အိပ်ရာထချိန် ကြည့်ပါဟုသောစကားအရ ပိုးပြည့်စုံအလှကို ကြည့်မိသည်။

ဘယ်အချိန်ကြည့်ကြည့် လှနေသည်။

မျက်နှာကို ဘာမှမလိမ်းချင်ထားသော်လည်း အလှတရားက ပြည့်စုံနေလေသည်။

"မောင် စောစောစီးစီး ဘာကိစ္စ"

"ကျောင်းသွားမယ်လေ မောင် ဝင်ခေါ်တာ"

"ကျွန်မ ကလပ်စ်က Nine Thirty မှ မောင်ရဲ့။ ဒါကြောင့် ခုမှ ထတာ"

"ညက ဘယ်အချိန် အိပ်လို့လဲ"

"နာရီတောင် မကြည့်ဖြစ်ပါဘူး။ အိပ်ချင်တဲ့အချိန် ထိုးအိပ်တာပဲ"

မိခင်စကားကြောင့် မိမိ၏မိသားစုများ၏ အလေ့အကျင့်နှင့် နှိုင်းယှဉ်ကြည့်သောအခါ ဆန့်ကျင်ဘက်ဖြစ်နေလေသည်။

"ခဏနော် မောင်။ ကျွန်မ ရေချိုးပြီး အလုပ်ပြင်ချိန်ကို နာရီဝက်လောက်တော့ ပေးပါ။ ပြီးရင် ကော်ဖီသောက်ပြီးမှသွားကြတာပေါ့"

"မောင် စားသောက်ခဲ့ပြီးပြီ"

"ဟင် အစောကြီး"

"မစောပါဘူး။ အလေ့အကျင့်ဖြစ်နေပြီ။ ကဲ သွား ပြင်လေ မောင် သတင်းစာဖတ်ရင်း စောင့်မယ်"

မနက ပြောပြောဆိုဆို သတင်းစာကို ကောက်ကိုင်ပြီး မျက်နှာအပ်လိုက်သည်။

ပိုးပြည့်စုံ၏အိပ်ရာထစ အလုကို သူတွေမြင်ပြီးပြီ။ ပင်ကို မပြင်မဆင်ဘဲ ကပိုကရိုလှသောအလှတရားက လှထိပ်ခေါင်မှူးဟု ခေါ်ဆိုရလောက်အောင်ကို လှနေသည်။

မနေသက်ပြင်းချလိုက်သည်။ သတင်းစာပြီး ဂျာနယ်များ ယူ ဖတ်ရာ ဂျာနယ်ထဲ အာရုံရောက်သွားသဖြင့် သင်းထုံသောရနံ့လေးက





နှာဝသို့ ကလူကျီစယ်ရောက်ရှိလာသောအခါမှ လက်ထဲမှဂျာနယ်ကို ချလိုက်ပြီး သေသပ်လှပကျော့ရှင်းစွာဖြင့် အစွမ်းကုန်ဖူးပွင့်နေသော အလှပန်းတစ်ပွင့်ကို တွေ့လိုက်ရလေသည်။

မနေ ရင်ထဲ ကျေနပ်သွားသည်။

ပိုးပြည့်စုံလို ပြစ်မျိုးမှည့်မထင်လှသော မိန်းကလေး၏ အချစ်ကို လက်ခံရရှိခြင်းကြောင့် သူငယ်ချင်းအပေါင်းအသင်းများက ဖိုးကံကောင်းဟု ကင်ပွန်းတပ်ကြခြင်းကို သူကျေနပ်ဂုဏ်ယူနေခဲ့သည်။

"သွားကြစို့လေ မောင်၊ မျက်လုံးကြီးက ကျွတ်ကျတော့မယ်"

"သိပ်လှတာကိုး"

"သိပ်လှတော့ ဘာဖြစ်သလဲ"

"စိတ်မချဘူးပေါ့"

"စိတ်ချပါ မောင်။ ကျွန်မဟာ အချစ်မပါဘဲနဲ့တော့ လူတစ်ယောက်ကို လက်ခံမိမှာ မဟုတ်ဘူး။ အချစ်ဟာ မောင်နဲ့ ကျွန်မတို့ကြားမှာရှိတဲ့ အခိုင်မာဆုံးသောကြိုးလို့ ကျွန်မ ထင်ပါတယ်"

"မောင်လည်း ဒီလိုပဲယူဆပါတယ်။ ပိုးလေးတစ်ခုခုစားလေ"

"ကော်ဖီသောက်ခဲ့ပြီးပြီ မောင် သွားကြမယ်"

မနေ ပိုးပြည့်စုံနှင့်အတူ ယှဉ်တွဲကာ ထွက်ခဲ့လေသည်။

အံ့သြစရာကောင်းသည်က ပိုးပြည့်စုံသည် သူ့အား သူ့မိခင်

အကြောင်း တစ်ခွန်းမှ မမေးခြင်းပင်။

မနေ့က အဖြစ်အပျက်တစ်ခုကို အိပ်မက်တစ်ခုလို သဘော

ထားထားပုံရလေသည်။

ကောင်းပါသည်။

ခနလည်း ထိုကဲ့သို့ပင် ဖြစ်စေချင်သည်။

ပိုးပြည့်စုံသည် အချစ်ကြောင့် သူ့အကျင့်စရိုက်များကို ပြ

မည်ဆိုပါက အတိုင်းထက်အလွန် ဆိုဖွယ်ရာ မရှိချေ။

သူ့ဘက်က စကားစဖို့လည်း ခက်နေသည်။

သျှင်ငြိမ်းမှတစ်ဆင့် နားသွင်းနိုင်လျှင်တော့လည်း မဆိုး

ဒီအကြံ ကောင်းပါသည်။

သျှင်ငြိမ်းကျူရှင်လာချိန်ကို အိမ်ရောက်အောင်ပြန်ပြီး တေ

ဆုံ ဆွေးနွေးကြည့်ရန် ဆုံးဖြတ်လိုက်သည်။

◆





အခန်း(၁၂)

သျှင်ငြိမ်းသည် စာသင်ချိန်ပြီးမှ သူ့အား နာရီဝက် အချိန်ပေးမည် ဆိုသဖြင့် သူ စိတ်ရှည်စွာ စောင့်စားနေရသည်။

သျှင်ငြိမ်းကို သူကြည့်မိသည်။

ထူးခြားစွာ ထက်မြက်သော မျက်ဝန်း ရှိလေသည်။ နာတံသည် အပေါ်လွှင်ကြီးမဟုတ်။

နှုတ်ခမ်းက ထူအမ်းအမ်းနှင့် စုဝိုင်းဝိုင်းလေး ရှိသည်။ ပါးလေးက အနည်းငယ်မို့သယောင်ရှိ၍ နာတံက မပေါ်လွှင်ခြင်းဖြစ်မည်။ အရပ်က ပုသော်လည်း မိန်းမတစ်ယောက်၌ ရှိသင့်သော အလုံးအထည်မျိုးကတော့ ရှိနေသည်။

ခန္ဓာကိုယ်၌ အဆီအပို မရှိ။ သွက်လက်ဖျတ်လတ်နေသည်။

"အတော်ပဲ ထမင်းစားပြီးမှပြန် သမီး"

"မစားပါရစေနဲ့ကြီးကြီး ဟိုမှာချက်ထားတာတွေ အလဟဿ ဖြစ်ကုန်မှာ စိုးလို့ပါ"

ဒီပြောင်းလာဆိုလဲ မပြောင်းဘူးကွယ်"

သျှင်ငြိမ်း ဘာမှမပြောဘဲ ပြုံးရုံပြုံးလိုက်သည်။ နောက်သူ့အား လှမ်းကြည့်သည်။

ခနု မိခင်ကို လှမ်းကြည့်ပြီး

"သား သျှင်ငြိမ်းနဲ့ စကားပြောချင်လို့ မေမေ"

"ပြောလေ။ ခြေဘ် အတော်ပဲ နှစ်ကိုယ်ကြားပဲ ပြောချင်တယ်ဆိုရင် သျှင်ငြိမ်းကို သားပဲ ပြန်ပို့ပေးရင်းနဲ့ပြောလိုက်တော့ မောင်အေးကို မေမေ အပြင်လွှတ်စရာရှိတယ်"

ခနု သျှင်ငြိမ်းကို ပြန်မပို့ချင်။ မနေ့က ဖြစ်ပျက်ထားသော အနေအထားကြောင့် သျှင်ငြိမ်းနှင့်တွဲသွားဖို့အရေး ဝန်လေးနေသည်။

သို့သော် မိခင်စကားကလည်း သင့်မြတ်လျော်ကန်နေသည်က တစ်ကြောင်း၊ သျှင်ငြိမ်းကိုအားနာသည်ကလည်း တစ်ကြောင်းကြောင့် ခနု သျှင်ငြိမ်းကို လိုက်ပို့ချင်သည်။

လမ်း၌

"သျှင်ငြိမ်း ကျွန်တော်က အေးအေးဆေးဆေး စကားပြောချင်တာ။ ကားမောင်းရင်းပြောရတော့ သိပ်မကောင်းဘူး"





"မယ်ပိုးအကြောင်းလား"

"ဟုတ်တယ်"

"ဒီလိုဆို တစ်နေရာရာမှာ ခဏရပ်လိုက်လေ ခနု ဒီကိစ္စမျိုးဆိုတာ ကူညီကောင်းတဲ့အရာပဲ"

သျှင်ငြိမ်းသည် ပိုးပြည့်စုံနှင့်ပတ်သက်လာလျှင် အစစအရာရာအတွက် အဆင်သင့်ဖြစ်နေတတ်သည်။ သူ့အတွက်ကို ငြီးငွေ့ခြင်းမရှိရှာဘဲ လက်ဖက်ရည်ဆိုင်၌ လိုက်ထိုင်ပေးသည်။

"ဘာသောက်မလဲ"

"ဘလက်ခ်ကော်ဖီ"

"အိပ်မပျော်ဘဲ နေမှာပေါ့"

"အိပ်မပျော်တော့ စာကျက်ရတာပေါ့"

သျှင်ငြိမ်းသည် မေဂျာ၌ စာအတော်ဆုံးပိန်းကလေး ဖြစ်သည်။ ဘယ်တော့မှ နံပါတ် ၁ မှမကျသောမိန်းကလေးဖြစ်၍ သျှင်ငြိမ်းဆိုလျှင် မသိသူ ရှားပါးလေသည်။

"ကဲ ပြောလေ ခနု"

"ပိုးလေးအကြောင်း သိချင်တယ်"

"ဘုရားရေ ဘဝတစ်ခုကိုလက်တွဲဖို့ရည်ရွယ်ပြီး ချစ်သူအဖြစ်ရောက်သွားကြပြီးမှ ချစ်သူအကြောင်း သိချင်တယ်ဆိုတော့ ကျွန်မ

အတွက်. သိပ်ထူး ဆန်းသွားပြီ"

သျှင်ငြိမ်း စကားပြောသည့်အခါ ပါးနှစ်ဖက်၌ခွက်ဝင်သွား သောပါးချိုင့်လေးက ဆွဲဆောင်မှုတစ်ခုပင်။ သွားတက်ကလေးများက လည်း ပေါ်သဖြင့် မျက်စိအေးစေသည်။

"သူ့ရဲ့ Biography ကိုတော့ သိပြီးပါပြီ။ ကျွန်တော် သိချင် တာက စိတ်နေစိတ်ထားနဲ့ အကျင့်စရိုက်"

သျှင်ငြိမ်း ပြုံးရင်း

"ဘုရားရေ အတူသွားလာပြီး ကိုယ့်ချစ်သူရဲ့ စရိုက်ကို သူများ ဆီမှာ စုံစမ်းရသလား"

"ချစ်သူသက်တမ်းက တိုသေးတာကိုး"

"ဒါဖြင့် ကျွန်မ သိသလောက်ပြောရရင် သူငယ်ချင်းဘက် လိုက်တယ်လို့တော့ မသတ်မှတ်လိုက်နဲ့နော်"

ခနရင်ထဲ ချမ်းမြေ့သွားသည်။ ကောင်းသတင်းကိုသာကြားရ လိမ့်မည်ဟု မျှော်လင့်မိလေသည်။

"မသတ်မှတ်ပါဘူးဗျာ အမှန်အတိုင်းပြောတယ်လို့ပဲ ယူဆ မှာပါ"

သူ့အနေနှင့်ကတော့ မိန်းကလေးများနှင့် တွဲသွားတွဲလာရှိဖူး သဖြင့် ယခုလို ကော်ဖီဆိုင်ထိုင်ရခြင်းအတွက် ဘယ်လိုမှမနေသော်





ည်း သျှင်ငြိမ်းသည် ယောကျ်ားလေးသူငယ်ချင်းအပေါင်းအသင်း းနှင့် သွားလာဖူးပုံ မရချေ။ ခေါင်းကလေးငုံ့ထားပြီး မျက်နှာပြင်ပေါ် စတော်ဘယ်ရီရောင်လေးများယှက်ဖြာလျက် ရှိချေသည်။

"မယ်ပိုးက စိတ်ရင်းသိပ်ကောင်းတယ်။ အားနည်းသူအပေါ် ညီတတ်တယ်။ မဟုတ်မခံတတ်ဘူး"

"ဒါတွေပဲလား စရိုက်အရရော"

သျှင်ငြိမ်း အနည်းငယ် တုန့်ဆိုင်းသွားသည်။

"စရိုက်ဆိုတာ သွားလာနေထိုင်စားသောက်ပုံတို့ ခံယူချက် ကိုပြောရရင် ဒါကလည်း သူ့ဘဝပေးအခြေအနေအရ မြေပေါ်မြ င်နေနိုင်လို့ နေတာ။ လွတ်လပ်စွာ နေလိုတယ်။ ဒါပါပဲ ခနရယ်။ နှမသူငယ်ချင်းရဲ့ အချစ်ကို ရရှိခြင်းဟာ ရှင့်အတွက် ကံကောင်း ယ်လို့ မှတ်ပါ"

"ကျွန်တော်လည်း အမြဲထာဝရ ကံကောင်းသွားချင်ပါတယ်။ ယယ့် ခု သျှင်ငြိမ်း သိတဲ့အတိုင်းပဲလေ။ ကျွန်တော်ဟာ ဆုံးနှစ်ဖက် က ဘူးသီးလိုဖြစ်နေပြီ"

"ကြီးကြီးက မယ်ပိုးအပေါ်မှာအမြင်မကြည်လင်တာပါ။ ဒါ ကြည်လင်လာအောင် ကြိုးစားပေးရမှာက ခနတာဝန်ပဲလေ"

ခန သက်ပြင်းချလိုက်သည်။

သျှင်ငြိမ်းက

"ကျွန်မလည်း ကြိုးစားပေးပါ့မယ်။ ကျွန်မတို့ပြန်ကြရအောင်
လား"

"ကောင်းပါပြီ"

ခနသည် ကောင်တာ၌ငွေရှင်းပေးပြီး သျှင်ငြိမ်းနှင့်အတူထွက်
ခဲ့ရလသည်။

သျှင်ငြိမ်းလို မိန်းမတစ်ယောက်နှင့်တွဲသွားသောသူကို အထူး
အဆန်းသဖွယ်ကြည့်လေသည်။

အတွဲမညီလေခြင်းဟုပြောကြမည်ဟုတော့ ကျိန်းသေလေ
သည်။

◆





## အခန်း(၁၃)

သျှင်ငြိမ်းကို ပေါ်တီကိုရှေ့အရောက် ပို့ပေးမည်ဆိုခြင်းကို
ျှင်ငြိမ်း လက်မခံခဲ့သဖြင့် လမ်းထိပ်၌ပင် ချပေးခဲ့ရသည်။

သျှင်ငြိမ်းသည် နောက်ကြောင်းလှည့်မကြည့်ဘဲ ခြေလှမ်းခပ်
ပ်စိပ်ကို ခပ်သွက်သွက်လှမ်းကာ ထွက်သွားသည်။

သျှင်ငြိမ်းနှင့်ပိုးပြည့်စုံသည် သွားလာနေထိုင်ပုံကအစ အသွင်
ားနားလွန်းသည်။ ဘဝချင်းကလည်း မိုးနဲ့မြေပမာ ကွာခြားသည်။

သို့သော် သူတို့နှစ်ယောက်သည် တစ်ဦးနှင့်တစ်ဦး ညီအစ်
အရင်းမက ချစ်ခင်ကြသည်မှာ အံ့သြစရာကောင်းနေသည်။

"တီ တီ"

ကားဟွန်းသံကြောင့် ခန သတိဝင်လာသည်။ သျှင်ငြိမ်း၏
က်ကျောပြင်ကို ငေးကြည့်ရင်း "အတွေးနယ်လွန်မှု ဖြစ်ပွားသွား

သည်။

ကားကို မောင်းထွက်ခဲ့လေသည်။ ထိုစဉ် ကားနောက်ကြည့်မှန်ပုတစ်ဆင့် နောက်ကား ရှင်း မရှင်း ကြည့်မိရာ ဟွန်းသံပေးလိုက်သောကားက လမ်းထိပ်ပိတ်ရပ်ထားသော သူ့ကားကို လမ်းရှင်းရန် တောင်းဆိုခြင်းဖြစ်သည်။ အထူးအဆန်း မဟုတ်သော်လည်း

"ဟင်"

နှုတ်မှ အာမေဋိတ်သံ ထွက်သွားလောက်အောင်ပင် အံ့အားသင့် သွားရသည်။

ပိုးပြည့်စုံနှင့် အမျိုးသားတစ်ယောက်။ ထိုအမျိုးသားကို ခနု သိသည်။ တစ်ကျောင်းတည်းသားချင်း ဖြစ်ခဲ့ဖူးသည်။ စာတော်သော ကျောင်းသားဖြစ်ခြင်းကြောင့် လူသိများခဲ့သည့်ကျောင်းသားဖြစ်သည်။ ယခု ဆေးတက္ကသိုလ် တက်နေသည်။

အမည်ကိုတော့ ခပ်မေ့မေ့ပင်။

ခနု ကားမောင်းထွက်ခဲ့လိုက်သည်။

ရင်ထဲမှာတော့ ခံပြင်းစိတ်ဖြင့် ဒေါသနိုးငွေ့ တောက်လောင်နေသည်။ ပိုးပြည့်စုံသည် သူ့ကားကို မြင်တွေ့မှာသေချာသည်။ သို့သော် မမြင်သကဲ့သို့ ရယ်ရယ်မောမောနှင့် လှပသောအပြုံးနှင့် ခံ့ထည်စွာရှိနေသည်။





"တောက်"

ခနု တောက်တစ်ချက်ခေါက်လိုက်ပြီး ကားကိုဆက်မောင်းခဲ့လေသည်။

မိန်းမတွေ၏သဘောထားကိုခန့်မှန်းရခက်လေသည်။ ဆောင်းလေပမာညီ ဆိုသကဲ့သို့ အပြောင်းအလဲမြန်တတ်သလား။ မြစ်တို့ကဲ့သို့ အကွေ့အကောက်အနေးအလျင်နှင့်မာယာနှောတတ်လေသလား။

သူ့သူငယ်ချင်းတွေ ပေးသော သင်ခန်းစာကို သူ သဘောပေါက်သလိုလိုရှိသည်။

"မိန်းမတွေနောက်ကိုများ ဘယ်တော့မှမလိုက်လေနဲ့ မောင်ရင်၊ သူတို့က ပြေးပြလိမ့်မယ်။ ကိုယ်က မလိုက်တော့မှ သူတို့က ပြန်လိုက်လိမ့်မယ်။ အဲဒီစကားကို မင်းလက်ကိုင်ထားပေတော့"

ထိုသင်ခန်းစာကို ပိုးပြည့်စုံနှင့် မတွေ့ခင်၌ သူ ကောင်းစွာ ကျင့်သုံးနိုင်ခဲ့သည်။ ပိုးပြည့်စုံနှင့်တွေ့ပြီးနောက် အချစ်သည် အရာရာကိုပြောင်းလဲစေနိုင်ခဲ့သည်ဟု သူ ယုံကြည်ခဲ့သည်။

ယခုတော့

"သား နောက်ကျလိုက်တာ ဘယ်ဝင်နေတာလဲ"

"မဝင်ပါဘူး"

အိမ်ပြန်ရောက်တော့ မိခင်နှင့်တန်းတိုးသည်။

"သျှင်ငြိမ်းကို အိမ်အထိ လိုက်ပို့ခဲ့ရဲ့လား"

"ပို့ခဲ့ပါတယ်"

"ထမင်းစားရအောင် မာမာ စောင့်နေတာ"

"မဆာသေးဘူး မာမာ သျှင်ငြိမ်းနဲ့ ကော်ဖီဆိုင်ထိုင်ခဲ့လို့"

မိခင်က သူ့ ငြင်းဆန်မှုအတွက် ကျေနပ်သွားပုံရသည်။

"ဒါဖြင့်လဲ ဆာမှစား မာမာ စားနှင့်မယ်"

သူ့မိခင်၏မျက်ဝန်းရိပ်အောက်မှရုန်းထွက်လိုသဖြင့် အပေါ်ထပ်သို့ အပြေးအလွှားပင် တက်ခဲ့သည်။

နောက် အခန်းတံခါးကိုဂျက်ချလိုက်ပြီး ဆယ်လူလာကိုစက်ဖွင့်ကာ ပိုးပြည့်စုံနံပါတ်ကို ခေါ်လိုက်သည်။

"ဟဲလို"

သျှင်ငြိမ်းအသံ

"သျှင်ငြိမ်းလား ပိုးပြည့်စုံနဲ့ တွေ့ချင်တယ်"

"ရေချိုးနေတယ်"

"ကောင်းပြီလေ ပြီးရင် ပြန်ခေါ်ဖို့ ပြောလိုက်ပါ"

"ဟုတ်ကဲ့"

သူ့ ဂနာမငြိမ်ဘဲရှိနေသည်။ ရည်းစားလူလု အနုကျွံခတ်ဆိုသောစကားကဲ့သို့ သူခံစားနေရသလား။





နာရီဝက်ကြာသည်အထိ ပိုးပြည့်စုံထံမှ တယ်လီဖုန်း ပြန်မခေါ်သဖြင့် ကျွဲမြီးတိုရသည်။

ချင်းစိမ်းနှင့်မိသသလင် သူကြင်မှုကိုယ်ကြင်မည်ဟု ဆုံးဖြတ်ကာ တယ်လီဖုန်းကို လုံးဝ ပြန်မခေါ်ဘဲ နေလိုက်သည်။

◆

## အခန်း(၁၄)

"ဟဲလို"

"ဟဲလို မောင် အိပ်ပြီလား"

ညသန်းခေါင်အချိန်ရောက်မှ တယ်လီဖုန်းက ခေါ်သံထွ
လာသည်။

ခနု အိပ်ချင်မူးတူးသံနှင့် ကိုင်လိုက်လေသည်။

"အင်း"

"အစောကြီး အိပ်တယ်"

ခနု တိုင်ကပ်နာရီကိုလှမ်းကြည့်ရင်း

"မစောတော့ပါဘူး ဆယ့်နှစ်နာရီတောင် ကျော်နေပြီပဲ"

"ဒီနေ့ လပြည့်နေ့လေ မောင်။ လသာဆောင်က ဒရင်းဘ
မှာထိုင်ရင်း လပြည့်ညကို ကျွန်မခံစားနေတာ။ အဲဒီလိုညမျိုးကို အိ





စက်ခြင်းနဲ့ အချိန်ဖြုန်းရမှာကို မောင် မနှမြောဘူးလား။ ကျွန်မတော့
နှမြောတယ်"

ခနု မျက်လုံးကျယ်သွားသည်။

ပိုးပြည့်စုံစကားသည် သူ့အတွက် ဆန်းနေသည်။

"စိတ်ကူးအယဉ်မလွန်နဲ့ ပိုးလေး"

"စိတ်ကူးတယ်ဆိုတာ ခံစားခြင်းတစ်မျိုးပဲ မောင်၊ လူဆိုရင်
ခံစားတတ်ရမယ်"

"မောင်တို့ကတော့ စိတ်ကူးယဉ်နဲ့မရူးသွပ်ဘူး ပိုးလေး၊ လက်
တွေ့ကျကျပဲ လောကကြီးကိုရင်ဆိုင်သွားချင်တယ်။ ဒါထက် နေပါဦး
ညနေက မောင် ဖုန်းပြန်ဆက်ခိုင်းတာ မင်း ဘာဖြစ်လို့ မဆက်တာလဲ၊
သျှင်ငြိမ်း မပြောဘူးလား"

"အား ဟုတ်တယ် ပြောတယ်၊ ရေချိုးနေတုန်းက ထင်တယ်။
ဟုတ်တယ် ဟုတ်တယ်။ ပြီးတော့ ထမင်းစား၊ စာအုပ်ဆိုင်သွား၊ အ
ခွေဆိုင်သွားနဲ့ ကျွန်မ မေ့သွားလို့ မောင်"

"ဘာ"

ရင်ထဲမှ ဒေါသအိုး ပေါက်ကွဲသံ မြည်ဟီးသွားသည်။ ချစ်သူ
၏မိမိအပေါ်အလေးမထားမှုကိုသိရှိရသော ယောကျ်ားတစ်ဦး၏ခံစား
ချက်သည် ဤမျှအထိ ထိရှနာကြင်ခံစားရလိမ့်မည်ဟု သူမသိခဲ့ပါလား။

“ဆောရီး မောင်၊ ကျွန်မက တစ်ခုခုကို အာရုံစိုက်လိုက်ရင် ကျန်ကိစ္စတွေကို မေ့သွားတတ်တယ်။ ကိုင်း . . ဆို . . . ဘာကိစ္စလဲ”

ခနု ဒေါသကို ထိန်းချုပ်လိုက်သည်။ ညနေကကိစ္စမေးလိုက်လျှင် သူ၏သဝန်တိုမှုကို ဟားတိုက်ရယ်ကာ ကျေနပ်သွားနိုင်သည်။

ခနုလည်း နှယ်နှယ်ရရယောက်ျားမှ မဟုတ်ပေပဲ။ ရည်းစားမထားခဲ့ဖူးပေမယ့် မိန်းကလေးသူငယ်ချင်းအများ ရှိခဲ့ဖူးသည်ပဲ။

ကိုယ်လိုက်လျှင် သူ ပြေးမည်။ ကိုယ် မလိုက်တော့

“ညနေက လမ်းထိပ်မှာ ပိုးလေးကို ကိုယ်တွေ့လိုက်တယ်”

“ဪ ဟုတ်တယ်၊ ကျွန်မတို့လမ်းထိပ်မှာ မောင့်ကားက ပိတ်ရပ်နေလို့လေ၊ သျှင်ငြိမ်းကို အိမ်အထိလိုက်ပို့ပေးရောပေါ့ မောင်ရယ်”

ခနု ရုတ်တရက် ဘာပြောရမှန်းမသိအောင် ဖြစ်သွားသည်။ သို့သော်

“နောက်ဆိုရင် ပို့ပေးပါ့မယ်”

“မောင်က ဒီလိုလိမ္မာမှပေါ့၊ ကိုင်း မောင် အိပ်ချင်ရင် ပြန်အိပ်တော့လေ။ မောင်က စောစောထရမှာ။ ကျွန်မကတော့ မနက်ဖြန်ကျောင်းပိတ်ရက်ဖြစ်လို့ တစ်နေ့လုံး အိပ်နေလို့ ရတယ်၊ ဒါပဲနော်ဘိုင်”





ခနု ပြန်မနှုတ်ဆက်နိုင်မီ ဖုန်းလိုင်းပြတ်သွားလေသည်။

ထပ်ခေါ်ကြည့်သော်လည်း မရတော့။

ဖုန်းစက်ခလုတ်ကို ပိတ်ထားလိုက်ဟန်တူသည်။

ခနု ထိုည တော်ရုံနှင့် ပြန်အိပ်မရတော့။

အိပ်ရာထ နေမြင့်လေသည်။

ဖခင်ကလည်း ပြန်ရောက်နေပြီဖြစ်၍ သူအဆူခံရလေသည်။

“ခနု ရှင်ဘုရင်ဟာ ညဥ့်ဦးယံသုံးယံမှာ ဘယ်နှစ်ယံပဲ အိပ်သလဲ”

“တစ်ယံပါ”

“မင်း ခေါင်းဆောင်အဖြစ်ကိုလိုလားသလား၊ နောက်လိုက်အဖြစ်ကိုပဲ ယူတော့မှာလား”

“ခေါင်းဆောင်ပါ ပါပါ”

“အေး ဒီလိုဆို အအိပ်အစား လျှော့ပါ၊ ကိုယ့်ရဲ့အလေ့အကျင့်နဲ့ ကိုယ်ရေးကိုယ်တာနလုံးသားရေးရာကိုရောထွေးမပစ်နဲ့၊ နှလုံးသားဆိုတာ လူ့ခန္ဓာကိုယ်ထဲက အစိတ်အပိုင်းတစ်ခုပဲ ဆိုတာ မင်းမေ့မထားနဲ့”

“ဟုတ်ကဲ့”

“မင်း ဖိုင်နယ်ဖြေပြီးတဲ့ နောက်နေ့မှာပဲ မင်းလက်ထဲကို

မနဲ့အောင် ဟိုတယ်နဲ့ခရီးသွားလုပ်ငန်းကို ငါ တရားဝင်လွှဲပြောင်းပေးမှာ ဖြစ်တယ်၊ ဒီနေ့တော့ ကျောင်းစာထဲ အာရုံမစိုက်နဲ့ အဲဒီလုပ်ငန်းနဲ့ပတ်သက်ပြီး မင်း ဘာလုပ်သင့်တယ်၊ အဲဒီနေ့မှာ မန်းဘားတွေကို ဘာမိန့်ခွန်းပြောမယ်ဆိုတာက အစ ပြင်ဆင်ထားပေတော့"

စကားဆုံးသည်နှင့် စားသောက်ခန်းမှ ထွက်သွားလေသည်။

မနု ငူငူကြီး ကျန်ရစ်ခဲ့လေသည်။

အလုပ်ကို မနု ကြောက်၍ မဟုတ်။ မိဘများပေးသောစည်းကမ်းအတိုင်း မနု နေထိုင်ကြီးပြင်းခဲ့သူဖြစ်ရာ တစ်ခါမှ လေသံမာမာနှင့်ပင် ပြောဆိုခြင်း မခံခဲ့ရ။

မိဘများက သူတို့တွေကို သူငယ်ချင်းပေါင်းလည်း ပေါင်းသည်။ ငယ်စဉ်ကတည်းက ချစ်ကြောက်ရိုသေနေစေရန် သင်တန်းပေးထားပြီးဖြစ်သည်။

အမှန်တကယ်ပင် သူတို့မောင်နှမများသည် မိဘများ၏ပုံစံခွက်ထဲတွင် အချိုးကျခဲ့ကြသည်။ သူထက်အကြီးလေးယောက်စလုံးကတော့ မိဘများ၏ပုံစံခွက်က လွှန်မြောက်သွားသည့်တိုင် ပုံစံမပျက်ရှိနေရာ အောင်မြင်သော စီးပွားရေးလုပ်ငန်းရှင်များဖြစ်နေကြဆဲနှင့် လက်ဆင့်ကမ်းအမွေကိုပင် သားသမီးများကို ပေးနေကြပြီဖြစ်သည်။

"သား သိပါတယ်။ ငယ်ငယ်ကတည်းက သား ရှုတ်နေခဲ့





ရတဲ့စကားလိုပေါ့"

"ဘာရဲ ဘွားဘွား"

"စည်းကမ်းဆိုတာ"

"လူတန်ဖိုးလေ ဘွားဘွားရဲ့ တီချယ်ငြိမ်းလည်း ပြောတယ် ဘွားဘွား"

ဆန်နီကပါ ဝင်ဖြေလိုက်သောအခါ မနုပြုံးပိလေသည်။ ညစ်နေသော စိတ်ကလေး အတန်ငယ်ကြည်လင်သွားသည်။

စည်းကမ်းသည် နေသားတကျ ရှိသောအခါ ဘာတာဝန်မှ မဟုတ်။ ဝန်ထုပ်ဝန်ပိုးလည်း မဟုတ်ဘဲ။ မိတ်ကောင်းဆွေကောင်းကိုယ်ပွားသဖွယ် ဖြစ်နေတတ်လေသည်။

ညက စိတ်ကူးယဉ်သူယောင်မယ်၏ဖမ်းစားမှုကြောင့် သူ့အိပ်ချိန်တို့ ပျက်ယွင်းခဲ့ရသည့်အဖြစ်ကို နောင်တရမိလေသည်။

"ဆောရီး မာမာ၊ သား နောက်ကို အခုလို မဖြစ်စေရပါဘူး"

"မာမာ ယုံကြည်ပါတယ်။ ကဲ. . .စား သား။ ကော်ဖီ မာမာဖျော်ပေးရမလား"

"ရပါတယ် မာမာ၊ သား ဖာသာ သား ဖျော်ပါမယ်"

"ဒါဖြင့် တို့မြေးအဘွား ဈေးဝယ်ထွက်မယ် သွားတော့မယ်"

"ကျွန်တော် လိုက်ပို့ပေးမယ်လေ"

"နေပါစေ သား။ ဒါ မေမေတို့အလုပ်ပါ။ သားသာ ပါပါပြော ထားတဲ့စကား နားထဲသွင်းရင် ခုချက်ချင်း လေ့လာပေတော့။ အချိန်နဲ့ ဒီရေဟာ လူကို မစောင့်ဘူးတဲ့ သား"

မိခင်နှင့် တူလေးဆန်နီ ထွက်သွားရာသို့လှမ်းကြည့်လိုက်ပြီး ခနဲ ပြုံးလိုက်လေသည်။ အချစ်အတွက် အချိန်ပေးကာ အကုန်ခံမည့် ယောက်ျားမျိုးသဲ ခနဲ မပါဝင်။

ခနဲ အေးဆေးစွာ စားသောက်ပြီးနောက် ဖခင်၏ခနဲအောင်ဟို တယ်နှင့် ခရီးသွားကုမ္ပဏီလုပ်ငန်းတည်ရှိရာသို့ ထွက်ခဲ့လေသည်။

◆





## အခန်း(၁၅)

"ဟဲလို"

"မောင်လား နိုးပြီလား"

"ဗုဒ္ဓေါ ပိုးလေး ဘာကိုဆိုလိုတာလဲ"

နေလည် ဆယ့်နှစ်နာရီဟူသော အချိန်ကို နိုးပြီလားဆိုခြင်း သည် နေ့လည်နေ့ခင်း ခဏတစ်ဖြုတ်အိပ်ခြင်းကိုမေးတာလား သို့ တည်းမဟုတ် တစ်နေ့တာအတွက် နိုးခြင်းကို မေးတာလား။

"ဟောတော့ ကျွန်မ မြန်မာလို မေးနေတာလေ မောင်"

"ဘာနိုးတာလဲ၊ နေ့ခင်း နိုးတာလား"

ပိုးပြည့်စုံထံမှ တခစ်ခစ်ရယ်သံကြားလိုက်ရသည်။

"ဘာရယ်တာလဲ"

"ကျွန်မက ခုမှ နိုးတာ။ မျက်နှာတောင် မသစ်ရသေးဘူး။ ညက အဲ မနက်ငါးနာရီလောက်မှ အိပ်ရာဝင်တာ"

"မောင် ရှစ်နာရီကျော်မှနိုးလို့ ပညာပေးခံရတယ်"

"အဟင်း…ဟင်း…မောင်ရယ် ကျွန်မ သနားရမှာလား"

"မလိုပါဘူး။ မောင် သူများအသနားခံဘဝကို ဘယ်တော့မှ လက်ခံရမယ့်ကောင်မျိုး မဟုတ်ဘူး"

ခနက ခပ်မာမာပင် ပြောလိုက်သည်။

"တကယ်လား မောင်"

"တကယ်ပေါ့"

"ကျွန်မတော့ မထင်ပါဘူး။ မောင်တစ်နေ့နေ့မှာ ကျွန်ကို အသနားခံတဲ့စကားမျိုးပြောလာလိမ့်မယ်လို့ ကျွန်မ ထင်တယ်။ အဲ…ယူဆထားတယ်"

"ဟယ် ပိုးလေး၊ မင်း ကိုယ့်ကိုကိုယ် အထင်ကြီးတယ်လား"

"အတ္တာဟိ အတ္တနော နာထောတဲ့၊ မိမိကိုယ်သာ ကိုးကွယ်ရာ မဟုတ်လား မောင်၊ ကျွန်မလေ ကိုယ့်ကိုယ်ကိုပဲအထင်ကြီးစွာနဲ့ကိုးကွယ်တယ်မောင်"

ခန ပိုးပြည့်စုံ၏လှပသောအပြုံးနှင့် တောက်ပြောင်နေမည့် မျက်လုံးကို မြင်ယောင်ကြည့်ပြီး

"ကောင်းပြီလေ။ စမ်းကြည့်လိုက်ပါ ပိုးပြည့်စုံ"

"အိုး…မောင့်လေသံကြီးက ဘယ်လိုလဲ။ ကျွန်မကို မောင့် ချစ်သူအဖြစ် လက်တွဲရမှာကို လန့်ပြီး ပြတ်စဲချင်တဲ့သဘောလား"





"လန့်ရမယ်"

"ဟုတ်တယ်လေ။ မောင့်လေသံနားထောင်ရတာ ကျွန်မကို လန့်နေသလိုပဲ"

"မင်း မှားသွားပြန်ပြီပိုးလေး။ ခနကြိုင်လှျမ်းရဲ့ဘဝမှာကြောက် လန့်ရမယ့် မိန်းမဆိုတာ ဘယ်တော့မှ ရှိလာမှာ မဟုတ်ဘူး"

"ဒါပေါ့ မောင်။ မောင့်ဆီက အဲဒီလိုရဲရင့်ပြတ်သားတဲ့စကား လုံးနဲ့ လေသံတွေကြောင့် မောင့်ကို ကျွန်မ ချစ်မိသွားတာပဲ။ ကဲပါ မောင်…မောင်အားရင် အိမ်ကိုလာခဲ့ပါဦး။ ဒီနေ့တစ်နေ့လုံး ကျွန်မ အိမ်မှာ ရှိနေမယ်။ ဒါပဲနော် မောင်၊ ကျွန်မ ရေချိုးတော့မယ်"

"အိုကေ"

တယ်လီဖုန်းခလုပ်ကို ပိတ်လိုက်ပြီး ခန သက်ပြင်းချလိုက်သည်။

သူ၏တွေဝေမှုကို သူ မကျေမနပ်ဖြစ်မိသည်။

ချစ်သူအိမ် သွားလည်သင့် မသင့်ဆိုတာ စဉ်းစားစရာကိစ္စမျိုးမှ မဟုတ်တာ။ သူ ဘာကြောင့်တွေဝေနေရပါလိမ့်။ သတ္တိနည်းရန်ကော။

ခန ကိုယ့်ကိုကိုယ် အပြစ်တင်လိုက်မိလေသည်။

နောက် ဖခင်၏အတွင်းရေးမှူးမလေးကို ခေါ်ယူကာ သူသိ

လိုသောအချက်အလက်နှင့် စာအုပ်များကို တောင်းယူကာ မေးမြန်း
ကြည့်ရှုလိုက်လေတော့သည်။

ညနေစောင်းမှ ချစ်သူထံ ခဏတဖြုတ်ဝင်တွေ့တော့မည်ဟု
ဆုံးဖြတ်လိုက်လေသည်။

◆





## အခန်း(၁၆)

ညနေစောင်းတွင် သူ ပိုးပြည့်စုံအိမ်သို့ ရောက်ခဲ့သည်။ ပိုးပြည့်စုံ အိမ်၌ ရှိမနေ။

"စာအုပ်သွားအပ်ပါတယ်၊ ထိုင်စောင့်ပါလား မောင်ရင်"

"ဝေးသလား"

"မဝေးပါဘူး။ ဟိုဘက်လမ်းထိပ်တင်ပါ။ ပြန်လာခါနီးပါပြီ"

"အပြင်ကပဲ စောင့်နေပါ့မယ်။ ဒါထက် သျှင်ငြိမ်းကော"

"ကျူရှင်က ပြန်မလာသေးပါဘူး"

ဓနု ပိုးပြည့်စုံ၏အိမ်ရှေ့မြက်ခင်းပြင်ပေါ်မှ သက်တီခုံပိုင်းလေးတွင် ထိုင်စောင့်နေလိုက်သည်။

သိပ်ကြာကြာ မစောင့်ရ။

ခွေးနှစ်ကောင် မျက်စိနောက်အောင် လူးလာ ခေါက်တုန့် လုပ်ရင်း ပြေးလာလိုက် ပြန်ပြေးလိုက်လုပ်နေသည့် နောက်တွယ်မှ

လုမိဖုရားက တစ်လောကလုံးကို ထိမထင်သည့်ခြေလှမ်းမျိုးနှင့် ကြွ
ချီလာလေသည်။

သူကိုယ်တိုင် ထိုမာနမျက်နှာပေးနှင့် ခပ်ကြောကြောအမူအ
ရာကို နှစ်သက်သဘောကျခဲ့သည် မဟုတ်ပါလား။

"ဝုတ် ဝုတ် ဝုတ်"

"ယက္ခ ဂုမ္ဘာန် မင်းတို့ သူ့ကို မဟောင်ရဘူး။ ဒါ ငါညှော့သည့်
နောက် အမြဲလာမှာ"

ခွေးတွေက သူ့ကိုမြင်တော့ ရန်လိုစွာ ဟောင်သည်။ ပိုး
ပြည့်စုံက ခွေးနှစ်ကောင်ကို လှမ်းပြောလိုက်သည်။

အင်းခွေးစပ်ခွေးတွေဖြစ်၍ အကောင်က ထွားကြိုင်းလှသည်။
ပိုးပြည့်စုံစကားကို နားလည်ဟန်နှင့်အဟောင်ရပ်သွားပြီး အမြီးနှံ့လေ
သည်။

မိတ်ဖွဲ့သည့်သဘော။

သူ တိရစ္ဆာန်တွေကိုမချစ်တတ်သဖြင့် ဖာသိဖာသာနေလိုက်
သည်။

ပိုးပြည့်စုံ ဆိုသည့် သူချစ်သူသည် အရာရာ သူနှင့်ဆန့်ကျင်
ဘက် ဖြစ်နေပါလား။

"မောင် ညနေစာစားပါလား။ ကျွန်မ ဒီနေ့ဟင်းတစ်မျိုးစမ်း





ချက်ထားတယ်"

"ဘာဟင်းလဲ"

"ကြက်ဟင်းခါးသီး ဝက်သားရောင်ချက်"

"ကြက်ဟင်းခါးသီး"

သူ မစားဖူးသော အစားအစာတစ်မျိုးပင်။

မိဘနစ်ပါးကပဲ အနောက်တိုင်းဆန်ဆန်အပြုတ်အကြော်အ
လော့နှင့်ဖြူရော်ရော်ဟင်းများကို ကျွေးခဲ့၍လား မသိ။ သူ့ပါးစပ်သည်
ခပ်ပေါ့ပေါ့ ဖြစ်နေသည်။

"မစားဖူးဘူး"

"စားဖူးတယ် ရှိအောင် စားပါလား။ မောင့်အမေက ကျွန်မ
ကို မိန်းမ မပီသဘူးလို့ ယူဆပုံရတယ်။ ကျွန်မက အဲဒီယူဆချက်ကို
ဖျောက်ဖျက်ဖို့ ကြိုးစားရမယ်လေ။ ဒါကြောင့် မိန်းမဆိုတာ မီးဖိုချောင်
နိုင်ရမယ်၊ အိမ်ထောင်မှု နိုင်နင်းရမယ်ဆိုတဲ့အယူအဆကို ကျွန်မအ
တွက် အပန်းမကြီးပါဘူးဆိုတာ ပြရမယ်လေ"

သူ မိခင်နှင့် ချစ်သူကြား မျက်နှာပူသွားသည်။

"မာမာက အရမ်းစည်းစနစ်ကြီးလွန်းတာပါ"

ချစ်သူဘက်က ဖေးမချင်သည်မှာ ယောက်ျားသဘာဝထင်
သည်။

"မိန်းမဆိုတာ မိန်းမတွေတတ်အပ်တဲ့ပညာကိုလည်း တတ်သင့်တယ်လေ။ ဘယ်အတတ်ပညာမဆို အသေးအမွှားပါ၊ အရေးမပါဘူးလို့ ယူဆလို့မရဘူးဆိုတာ ကျွန်မ သဘောပေါက်သွားတယ်။ ဒါကြောင့် ကျွန်မကိုယ်ကျွန်မ ပြုပြင်ဖို့ဆုံးဖြတ်လိုက်တယ်။ အဲဒါ ဘာကြောင့်လို့ မောင်ထင်သလဲ"

ပိုးပြည့်စုံ၏ပြောင်းလဲမှုကို သူ မယုံကြည်နိုင်အောင်ဖြစ်သွားရလေသည်။ လုပချောမောသလောက် စကားပရိယာယ်လည်း ကြွယ်လှလေသည်။

"မောင့်ကို ချစ်လို့လား"

"ဒါပေါ့ မောင်ရဲ့။ မောင်ဟာ ကျွန်မရဲ့ချစ်ဦးသူနဲ့ အချစ်ဆုံးလူတစ်ယောက်ပဲဟာ။ ဒီတော့ ချစ်သူနဲ့ပတ်သက်လာရင် လိုက်လျောခြင်း၊ အနစ်နာခံခြင်း ဆိုတာတွေ ရှိရမှာပေါ့ မဟုတ်ဘူးလား။ ကဲ လာပါ မောင်၊ ကျွန်မ လက်ရာလေး စားကြည့်လိုက်ပါဦး။ မောင် လျှာလည်သွားပြီး မောင်ကျွန်တစ်တို့ဖြစ်သွားမှာ ကျိန်းသေတယ်"

"မောင် ရေမချိုးရသေးဘဲ ထမင်းမစားတတ်လို့"

"ဒါကလည်း မောင်တို့အိမ်ကြီးရဲ့ ပုံသေနည်း တစ်ခုပဲလား ဟင်"

ခနေ စိတ်ထဲ ရှက်သလိုလို ဖြစ်သွားသည်။ သူသည် မိဘ





လာင်းရိပ်အောက်က မလွတ်သေးသော ကလေးသူငယ်ပမာ ဖြစ်နေသည်ဟု ချစ်သူက ဆိုလိုတာလား။

"ကဲပါ မောင် ပိုးလေးလက်ရာကို စားသွားပါ့မယ်"

"ဒါမှ ကျွန်မရဲ့မောင်၊ ကဲ . . . လာ"

ပိုးပြည့်စုံသည် ထားလာသော မဂ္ဂဇင်း၊ ဝတ္ထုလုံးချင်းစာအုပ်တို့ကိုပွေ့ပိုက်လျက် သူနှင့်အတူ အိမ်ထဲသို့ လိုက်ဝင်ခဲ့လေသည်။

ထမင်းပွဲသည် အဆင်သင့်ပြင်ဆင်ပြီး ဖြစ်နေသည်။

ပိုးပြည့်စုံက လှမ်းပြောလိုက်သည်နှင့် သူ့အတွက် ထမင်းပန်းကန်ပါ ခူးပြီး ဖြစ်သွားသည်။

ဖွယ်ဖွယ်ရာရာ စုံလင်သော မြန်မာဟင်းမျိုးစုံဖြစ်သည်။ ငပိချိုစရာလည်း ပါဝင်လေသည်။

"မောင့်အတွက် စပ်များ စပ်နေမလားတော့ မသိဘူး။ ဒါပေယ့် ကျွန်မကိုယ်တိုင်လည်း အစပ်သိပ်မစားတော့ ဒေါ်သန်းက သေသချာချာ ချက်ပေးတယ်"

"သျှင်ငြိမ်းကို အငြိမ်းစားပေးလိုက်ပြီပေါ့"

"ဒါပေါ့ မောင်၊ သူဖြစ်ချင်တဲ့ ရည်မှန်းချက်တွေ ဖြစ်မြောက်အတွက် ကြိုးစားချိန် ပိုရသွားတာပေါ့"

ပိုးပြည့်စုံသည် သျှင်ငြိမ်းအပေါ်၌ အလွန်ကောင်းသည့်ကို

တော့ သူဝန်ခံသည်။

ပိုးပြည့်စုံ၏မနောကို သူမိခင် မမြင်တွေ့သေး၍ပါ။ မြင်တွေ့လျှင် ပိုးပြည့်စုံကို သဘောကျလာစေရမည်ဟု . . .

"ကြက်ဟင်းခါးသီးဆိုပြီး မခါးပါလား"

"ဘယ်နေရာမဆို နည်းပညာလိုအပ်တယ်လေ မောင်။ နည်းပညာကောင်းရင် အခါးဓာတ်တောင် အချိုဓာတ် ဖြစ်သွားစေတတ်တယ်။ ပြုပြင်ပြောင်းလဲခြင်းဆိုတာ ဖြစ်နိုင်တဲ့ကိစ္စပဲ"

"အင်း . . . ပိုးလေးပြောတာ မောင်လက်ခံတယ်။ ဘာပဲပြောပြော ကြက်ဟင်းခါးသီးကိုခါးတယ်ဆိုပြီး မစားခဲ့ဖူးတဲ့ မောင်က ကြက်ဟင်းခါးသီးကို ကြိုက်သွားပြီ"

"ခါးသွားရင်ကော မောင်ကြိုက်မှာလား"

"အဲဒါတော့ မကြိုက်ဘူး ထင်တယ်။ ဒီလိုစိမ့်သက်နေတဲ့ အရသာကိုတော့ ကြိုက်တယ်"

"ကျွန်မကတော့ သဘာဝအတိုင်း အခါးကိုပဲ ပိုနှစ်သက်တယ်။ ဒါလိုမျိုးကို အပြောင်းအလဲအနေနဲ့ တစ်ခါတစ်ရံမှ စားတာ မောင်"

ပိုးပြည့်စုံသည် သဘာဝကိုဦးစားပေးခံစားတတ်သောညာဉ် ရှိပုံရသည်။





ဘာပဲပြောပြော ချစ်သူကို အပြစ်မမြင်၊ အချစ်တွေဝင်လျက်ရှိရာ ပိုးပြည့်စုံ၏ အရည်အချင်းတွေကို မိခင်သဘောကျလာစေရန် ဆွဲဆောင်ရမည်မှာ သူ့တာဝန်ဟု ခနက ဆုံးဖြတ်လိုက်လေသည်။

ထိုနေ့က သူ ညခုနစ်နာရီမှ အိမ်ပြန်ခဲ့လေသည်။

လမ်း၌ အိမ်ကကားတစ်စီးနှင့် ဆုံသည်။ သျှင်ငြိမ်းကို လိုက်ပို့သောကားဖြစ်သည်။

သျှင်ငြိမ်း ပြန်ချိန်တောင် နှစ်နာရီလောက် နောက်ကျနေသည်ပဲ။ သူ့မိခင်က ဘာတွေများ လက်ချာပေးနေသည် မသိ။

ခနု မိခင်နှင့်ရင်ဆိုင်ရမည့်အရေးအတွက် ရင်လေးသလိုဖြစ်သွားသဖြင့် သက်ပြင်းချလိုက်မိလေသည်။

သက်ပြင်းချမိပြီးမှ ဖခင်၏စကားကို သတိရမိသည်။

"ယောက်ျား ဆိုတာ ရဲရင့် ပြတ်သားရတယ်။ တွေဝေတာ၊ ငေးမောတာတို့မလုပ်ရဘူး။ သက်ပြင်းချတဲ့ ထွက်ပေါက်မျိုးကိုဆို သာလုပ်ရဘူးကွ။ ရင်ဆိုင်စရာရှိတာကို ရဲရဲရင့်ရင့်သာ ရင်ဆိုင်လိုက်ရမယ်"ဟူ၍ . . ။

◆

## အခန်း(၁၇)

"သား သူ့ကို ဘယ်လောက်ပဲ အမွှန်းတင်တင်၊ မာမာရဲ့စိတ်ထဲမှာ မိဘကို ဆန့်ကျင်ပြီး တစ်ယောက်တည်းနေတယ်ဆိုကတည်းက မကြိုက်ချင်ဘူး။ ကျောင်းသူအရွယ်ဆိုတာ မိဘရဲ့ဆိုဆုံးမမှုနဲ့လောင်းရိပ်မှာပဲ နေသင့်သေးတာ"

"မိထွေးနဲ့ အဆင်မပြေလို့"

"ဒါဟာ မိုးပြိုမှာစိုးတဲ့ တစ်တီတူးငှက်ရဲ့ ဆင်ခြေမျိုးပါ။ လွတ်လပ်မှုဆိုတာ နေရာတကာတိုင်း ကောင်းတာမဟုတ်ဘူး။ မိဘပိုက်ဆံနဲ့ အညွှန့်သားနေပြီး သုံးဖြုန်းနေတယ်၊ ဖခင်ကို အပြစ်မြင်တယ်၊ စဉ်းစားကြည့်စမ်း သား။ ဒါ ကောင်းတဲ့အပြုအမူလား"

ခနေ ခေါင်းရှုပ်သွားသည်။

မိခင်ကို သူနိုင်အောင် ပြောနိုင်လိမ့်မည် မထင်။

"အဖေ နောက်အိမ်ထောင်ပြုလို့စိတ်နာရင် ကိုယ့်ခြေထောက်





ပေါ် ကိုယ်ရပ်တည်ပြီး သျှင်ငြိမ်းတို့လို ဘဝကို ရန်းကန်ပြီး ကိုယ့်တက်လမ်း ကိုယ်ရှာပေါ့။ ခုတော့ ဖခင်ကို စိတ်နာတယ်။ မိထွေးမျက်နှာမကြည့်ချင်ဘူးဆိုပြီး ဖခင်ရဲ့အထောက်အပံ့နဲ့ ရွှေဘုံမင်းသမီးလို စံမြန်းနေတဲ့ မိန်းကလေးတစ်ယောက်ကို မာမာ ဘယ်လိုမှချစ်ခင်လို့ မရနိုင်တာအမှန်ပဲ သား။ မာမာတို့ ပါပါတို့လည်း အောက်ခြေကနေ ဘဝကို စခဲ့တဲ့သူတွေမို့လို့ ဘဝဆိုတာရုန်းကန်ခြင်းလို့ပဲ ခံယူတယ်သား။ ဒီလိုရုန်းကန်ခဲ့လို့ ဒီလိုအခြေအနေရောက်တာ"

"မျိုးရိုးဇာတိ ဆိုတာလည်း ခိုင်မာတဲ့အခြေခံတစ်ခုပါ မာမာ။ သူ့မိဘများမျိုးရိုးစဉ်ဆက်ကိုက တော်ဝင်မျိုးတွေပဲ မာမာ။ ဒါကို သားတို့ ငြင်းလို့ ရမလား"

"တော်ဝင်မျိုး မကလို့ ဘာပဲဖြစ်ဖြစ်၊ ဒါတွေဟာ ဒီခေတ်မှာ ဆိတ်သုဉ်းသွားပြီ။ ခုလို တိုးတက်နေတဲ့ခေတ်ကြီးမှာ လူတစ်ယောက်ရဲ့ပင်ကိုယ်အရည်အသွေးသာ အဓိကပဲ။ ကဲပါ သား၊ သားမိန်းကလေး ပြောင်းလဲတိုးတက်လာမှုကို မာမာ လေ့လာကြည့်ပါ့မယ်။ တကယ်ပဲ သူ့ရဲ့ပင်ကိုယ်အရည်အချင်းဟာ တိုးတက်လာတယ်ဆိုတော့လည်း သားဆန္ဒကို မာမာတို့ လိုက်လျောပေးမှာပါ။ ဒါပေမယ့် သား ကတိတစ်ခုတော့ မာမာတို့ကို ပြန်ပေးရလိမ့်မယ်"

"ဘာကတိလဲ မာမာ"

"မာမာတို့မသိဘဲ လက်ထပ်ထားတာတို့ ဘာတို့ မလုပ်မိစေ ဖို့ပါ။ ချစ်သူရည်းစားအနေနဲ့ကတော့ သဘာဝအတိုင်းတွဲသွားတွဲလာ ကိုတော့ မာမာ မတားပါဘူး"

ခနအတွက် ဤကတိမျိုးသည်ခက်ရာခက်ဆစ်မှမဟုတ်ပေပဲ။

"ရပါတယ် မာမာ၊ ဒီကတိ သား ပေးရဲပါတယ်"

မိခင်က ကျေနပ်စွာ ပြုံးလေသည်။ မိခင်အပြုံးသည် လျှို့ဝှက် မှုနိုင်သောအပြုံးဖြစ်လေသည်။

ခနရင်ထဲ၌ စိုးထိတ်မှုတစ်ခုတော့ ရှိနေသည်။ ထိုစိုးထိတ်မှု သည် ဘာကြောင့်ရယ်မသိ။ သူ့ရင်မှာ လေးလံချက် ရှိသည်။

သူ့မိခင်၏အပြုံးနှင့် သူ့ချစ်သူ၏အပြုံးသည် တူညီနေသလို ခံစားရလေသည်။ သူ့ဘဝ၌ အချစ်ဆုံးမိန်းမနှစ်ယောက်သာရှိသည်။

ထိုမိန်းမနှစ်ယောက်သည် သူ့မိခင်ဒေါ်နှင်းမြတ်နှင့် သူ့ချစ်သူ ပိုးပြည့်စုံသာလျှင် ဖြစ်သည်။

သူတို့နှစ်ယောက်သာ သင့်မြတ်သွားမည်ဆိုပါက သူ့လောက် ကံကောင်းသူ ကမ္ဘာမှာ ရှိနိုင်ပါ့မလား။

သူတို့နှစ်ဦးကြား ရင်ကြားစေ့ပေးရန် သူ့အစွမ်းကုန်ကြိုးစား ရမည်။

◆





# အပိုင်း(၃)

## အခန်း(၁၈)

သျှင်ငြိမ်း၏ခေါင်းထဲ ဘယ်လိုသောကမျိုးကိုမှ အဝင်မခံနိုင်ခဲ့။ သျှင်ငြိမ်းခေါင်းထဲ၌ ရည်ရွယ်ချက်ပြည့်ဝဖို့သာ ရှိလေသည်။

အမြင့်ကို ရောက်ဖို့အတွက် သျှင်ငြိမ်း လှေကားထစ်ပေါင်းများစွာကို ခက်ရာခက်ဆစ် တက်နေရသည်။ ဒီနှစ်ရောက်မှ အကုသိုလ်က အစုလိုက်အပြုံလိုက် ဝင်ချင်သည်။ ဒေါ်နှင်းမြတ်နှင့်မယ်ပိုးတို့၏ ပဋိပက္ခကြား၌ သူကြားညပ်နေသည်။ ဒေါ်နှင်းမြတ်သည် သူစာသင်ချိန်ပြီးသည်နှင့် မယ်ပိုးအကြောင်း ကရားရေလွှတ် တတွတ်တွတ်မေးလေသည်။ သျှင်ငြိမ်း စိနည်းလွတ်စေရန် ရှောင်ရှားပြီး ဖြေရသည်။

မယ်ပိုး ဘာမှမလုပ်။ လုပ်စရာမလို။ ဘွဲ့ဟာစ်ခုယူမည်။ ပြီးလျှင် လုပ်ငန်းတစ်ခုခုလုပ်မည်။ ထိုလုပ်ငန်းသည် သူ ဝါသနာပါသောလုပ်ငန်းပဲ ဖြစ်ရမည်ဟု မယ်ပိုးက ဆုံးဖြတ်ထားသည်။

တိရစ္ဆာန်တွေကို သူချစ်တတ်သည်။ သူတို့နှင့် စကားပြော

သည်။ ပန်းတွေ လိပ်ပြာတွေကိုလည်း ထိုင်ကြည့်ချင် ကြည့်နေတတ်သည်။ သစ်ရွက်ကြွေတာကိုလည်း ခံစားတတ်သည်။

သူ့ဘဝပေးအခြေအနေကိုက ထမင်းဆာလိုက်တာဟူသည်နှင့်စားရန် အဆင်သင့်ဖြစ်နေတတ်သည့်ကံကြမ္မာပေပဲ။ မယ်ပိုး ဘာမှမလုပ်ခြင်းအတွက် သျှင်ငြိမ်း တစ်ခါမှ ဘာမှ မဖြစ်ခဲ့။ အခန်းဆောင်မှာ နှစ်ယောက်တည်းနေစဉ်ကလည်း မယ်ပိုး ပန်းကန်တစ်ချပ်ဝင်ဆေးမှာကိုပင် သူ စိုးရိမ်ခဲ့သည်။ ဆပ်ပြာရေအထပ်ထပ်ဆေးသဖြင့် ရေချွေတာရသောအဆောင်တွင် သူစိတ်ညစ်ရသဖြင့် ဝင်မလုပ်ရန် တားခဲ့ရသည်။ ကြက်သွန် ဝင်ခွာလျှင် မှားထိသည်။ ထမင်းအိုး တည်လျှင်အပူလောင်သည်။ ထို့ကြောင့်

"မယ်ပိုး ရှင် ကျုပ်ကိုကူညီချင်တယ်ဆိုရင် ဘာမှဝိုင်းမလုပ်ပေးခြင်းနဲ့ အကူအညီပေးပါနော် ကျေးဇူးရှင်" ဟု သူ ယတိပြတ်ပြောခဲ့ရသည်။, မယ်ပိုးကို သျှင်ငြိမ်းအနေနှင့် ဘာအပြစ်မှ မတွေ့ချေ။

ခု မယ်ပိုးဖခင်ဝယ်ပေးသော အိမ်ကြီး၌ အငြိမ့်သား အခန့်သား သူနေရသည်ကိုပင် မလုံမလဲဖြစ်လာသည်။ ဒီကြားထဲ ဒေါ်နှင်းမြတ်ကြောင့် သူ့ကို မယ်ပိုးအထင်လွဲသွားမှာ သျှင်ငြိမ်းစိုးရိမ်လာသည်။

"မယ်ပိုး"

"ဝုပ်"





"ရှင် အားသလား"

"ဘုရားရေ အမြဲတမ်း အားနေတဲ့လူကို အမြဲတမ်းမအားတဲ့သူက မေးရတယ်လို့"

"ဒါပေမယ့် ရှင် စာဖတ်နေတယ်လေ"

"ချထားလို့ ရပါတယ်"

"ကျုပ် ရှင့်ကို ပြောစရာတွေ ရှိနေတယ်"

မယ်ပိုးက စာအုပ်ကိုချလိုက်ပြီး သူ့ကိုစူးစမ်းသောအကြည့်ဖြင့် ကြည့်လာသည်။

သျှင်ငြိမ်းအနေဖြင့် မဟုတ်တာ မလုပ်ခဲ့သူဖြစ်၍ မည်ကဲ့သို့သောတုန့်လှုပ်မှုမှ မရှိချေ။ ထို့ကြောင့် ရဲရင့်စွာပင် ရင်ဆိုင်လိုက်ပြီး

"ဒေါ်နှင်းမြတ်နဲ့ ရှင့်ကြားမှာ ကျုပ် သိပ်အနေရခက်တယ်"

"ရှင့်ကို နေ့တိုင်း အင်ကွာရီလုပ်နေတယ်ပေါ့"

"ဟုတ်တယ် ဘာတွေလုပ်သလဲလို့ ရှင် မေးမနေနဲ့တော့။ အဓိကက ရှင့်ကို သူ့သားနဲ့ သဘောမတူတဲ့အတွက် ခြေထိုးဖို့ အပြစ်ရှာနေတာ"

"ဒါလား ကျုပ် အရေးမလုပ်ပါဘူး။ အဓိကက သူ့သားပဲ ဓနကို မီးသေဖို့ ကျုပ်ကြိုးစားမယ်။ ဒါပါပဲ။ ရှင် လွတ်လပ်စွာပြောခဲ့နိုင်တယ်။ ကျုပ်ကို ငဲ့ညှာစရာ မလိုဘူး"

"ရှင် အဲဒီလို မပြောပါနဲ့။ ရှင့်ကို ကျုပ်စကားကြောင့် တိုက်ခိုက်မှာ ကျုပ် မလိုလားဘူး။ ကျုပ် စိတ်ရှုပ်ပြီး အနေကျဉ်းကျပ်လာတယ်။ စာတောင် ကောင်းကောင်းကျက်လို့ မရဘူး"

"ရှင်ဟာ လောကဓံကို ကြံ့ကြံ့ခိုင် ရင်ဆိုင်လာတဲ့သူပဲ မယ်ငြိမ်းရယ်။ သူ့ကို အရေးမလုပ်ပါနဲ့။ အဲ အလုပ်ကထွက်ချင် ထွက်လိုက်ပေါ့။ ရှင့်အတွက် လိုအပ်တဲ့ကျောင်းစရိတ်ကို ကျုပ်ပေးပါ့မယ် ဆိုတော့လည်း ရှင်က တလွဲမာနထားတယ်"

သျှင်ငြိမ်း ကိုယ့်ဝမ်းနာ ကိုယ်သာ သိသည်။ အတတ်ပညာကောင်းကို လိုချင်တော့ ရင်းနှီးမှုက များလေသည်။ ကွန်ပျူတာကလည်း သင်ယူရသေးသည်။ ဘယ်အရာမှ သူများနောက် မရှိစေရ။

ဒေါ်နှင်းမြတ်က သူ့မြေးကိုသင်ပေးရင်း သူ့အတွက်ပါ ကွန်ပျူတာတစ်လုံးထားပေးပြီး တွဲလျက်သင်စေသည်။

သျှင်ငြိမ်းအတွက် ရောက်နအသင့် ကြာအသင့်ဖြစ်ရသည်။ ဒေါ်နှင်းမြတ့်ထံမှလည်း အလုပ်မထွက်ချင်။ အမှီကောင်းတစ်ခုလို ဖြစ်နေသည်။

"ဒေါ်နှင်းမြတ်ဟာ ကလေးဆန်တာလား။ အတ္တကြီးတာလား ကျုပ်မသိဘူး။ ရှင် ဘယ်အချိန်ထတတ်သလဲ၊ ဘယ်အချိန်အိပ်သလဲ၊ ဘာလုပ်သလဲ၊ အသေးအမွှားလေးတွေကအစ သူ သိချင်တယ်"





"ပြောလိုက်ပေါ့"

"ကျုပ်တော့မပြောချင်ဘူး။ မနက်မိုးလင်းတာနဲ့ ကျုပ် အပြင်ထွက်တယ်၊ ကျောင်းသွားတယ်၊ ကျူရှင်သွားတယ်၊ ကျူရှင်သင်တယ်၊ မိုးချုပ်မှ ပြန်ရောက်တယ်။ မယ်ပိုးကို ဘာလုပ်သလဲ ကြည့်ချိန်တောင် မရှိပါဘူးလို့ ပြောလိုက်တယ်"

"ဒါဖြင့် ရှင် ဘာဖြစ်ချင်သလဲ"

"ကျုပ် အဆောင်ပြောင်းနေချင်တယ်"

"ဟင် ရှင်က ကျုပ်ကို ခွဲထားနိုင်ပြီလား"

သျှင်ငြိမ်း စိတ်မကောင်း။

သို့သော် မျက်ရည်မကျတတ်သော မိန်းမအမျိုးအစားတွင် ပါဝင် နေသောသူ့အတွက် မျက်နှာမပျက်ဘဲ

"ရှင့်ကို ကျုပ် စိတ်ချပြီလေ။ ဒေါ်သန်း၊ ဘွားစိန်၊ ပြီးတော့ မနု။ သူတို့တွေဟာ ရှင့်အတွက် အဖော်ကောင်းတွေပဲ။ ကျုပ် ကျူရှင်တွေအတွက်လည်း အဆင်ပြေတဲ့ မမစန္ဒီအဆောင်မှာပဲ ကျုပ်ပြန်နေချင်တယ်"

မယ်ပိုး ငြိမ်သက်တွေဝေစွာဖြင့် သူ့ကိုငေးကြည့်လိုက်သည်။ နောက်မှ

"ကျုပ်ပါ ပြန်လိုက်မယ်"

"ဒါတော့ မဖြစ်ဘူး။ ကျုပ်အတွက် အချိန်တွေက အရေးသိပ်ကြီးနေပြီ။ ထမင်းကို ချက်စားချင်မှချက်စားမယ်။ ကြုံရာမှာ စားလိုက်မယ်။ ထွက်လာသမျှ အချိန်တွေဟာ စာကြည့်ချိန်ပဲ ဖြစ်ချင်တယ်။ ရှင့်အတွက် ကျုပ် အချိန်ပေးနိုင်တော့မှာမဟုတ်ဘူး။ ဒီလိုနေခြင်းအားဖြင့် ဒေါ်နှင်းမြတ်ရဲ့မေးခွန်းတွေလျော့ပါးသွားရင် ကျုပ်အတွက် အချိန်ပိုထွက်လာနိုင်တယ်လေ။ စိတ်ကျဉ်းကျပ်မှုလည်း မဖြစ်စေဘူး။ ကျုပ်အတွက်ပါ ကျုပ်ကို ရှင် နားလည်ပေးပါ"

မယ်ပိုးက ခေါင်းညိတ်လိုက်သည်။

"ကျုပ်သဘောပေါက်တယ်။ ဒါပေမယ့် ရှင် ကျုပ်ကိုအဆက်အသွယ် လုံးဝမဖြတ်ရဘူး"

"ဘာဖြစ်လို့ ဖြတ်ရမှာလဲ။ ကျုပ်အပေါ် အရမ်းကောင်းတဲ့ ရှင့်ကို ကျုပ် တစ်နေ့ ကျေးဇူးဆပ်ခွင့်ကြုံမှာပါ။ အဲဒီအခါ ကျုပ်ဟာ ဘယ်လိုမိန်းမလည်းဆိုတာ ရှင် သိမှာပါ"

"ရှင် ဘယ်တော့သွားမှာလဲ"

"သဘက်ခါ လဆန်းရက်လေ။ တစ်ခါတည်းပဲဝင်လိုက်မယ်။ မမစန္ဒီက တစ်ယောက်ခန်းတစ်ခန်းလပ်နေတယ်၊ လာနေမယ်ဆို ဖယ်ထားမယ် ပြောတယ်။ ကျုပ် ခုပဲ ဖုန်းဆက်လိုက်တော့မယ်"

"ရှင့်သဘောပဲ မယ်ငြိမ်းရယ်။ ကျုပ်ဟာ ရှင့်အတွက် ဝန်ထုပ်





ဝန်ပိုးဖြစ်ခဲ့ရတာကိုပဲ ကျုပ် စိတ်မကောင်းပါဘူး။ ကျုပ်လည်း တစ်နေ့နေ့တစ်ချိန်ချိန်မှာတော့ ရှင့်ရဲ့ကျေးဇူးကို ဆပ်ခွင့်ကြုံဦးမှာပါ။ ကဲ ကဲ ရှင်လိုအပ်တာ ဘွားစိန်ကို ကူသိမ်းခိုင်းနော်။ ရှင်သွားရင် ကျုပ်နဲ့ ခနဲ လိုက်ပို့ပေးမယ်"

"ရတယ် ကျုပ်တာပည့်လေးအိမ်က ပို့ပေးမယ်ပြောတယ်"

"ဒါဖြင့်လည်း ပြီးရောလေ"

မယ်ပိုးက စာအုပ်ကိုယူပြီး အပေါ်ထပ်သို့ တက်သွားလေသည်။

မယ်ပိုး စိတ်မကောင်းဖြစ်သွားသည်ကို သူရိပ်မိလိုက်သည်။ မတတ်နိုင်။ ကိုယ့်ဘဝအခြေအနေကိုက ကြိုးစားရန်းကန်မှ တော်ရုံကျမည်။

သူ့ရည်မှန်းချက်က ထိပ်ဆုံးမှာဆိုတော့ အသေးအမွှားသော အရှုပ်အထွေးကိုမျှပင် လက်မခံချင်။

သူ့ဝယ်ချင်းသံယောဇဉ်ကတော့ ဘယ်အခါမှ ပြတ်တောက်သွားလိမ့်မည် မဟုတ်ချေ။ အချိန်က စကားပြောမှာပါ။

◆

## အခန်း(၁၉)

"သမီး ဘာဖြစ်လို့ အဆောင်ပြောင်းနေတာလဲ"

ဒေါ်နှင်းမြတ်က သူ့ကို ယခင်ကလို ဆရာမဟုပင် မခေါ်တော့။ သမီး သမီးနှင့် ပါးစပ်ဖျားက မချတော့သည်မှာ ဗိုးပြည့်စုံအိမ်တက်၌ မိုးပြည့်စုံနှင့် ကတောက်ကဆဖြစ်ပြီးကတည်းက ဖြစ်သည်။

"ကျူရှင်နဲ့နီးတာလည်း တစ်ကြောင်း၊ မာစတာဆရာမနဲ့ နီးတော့ စာမေးချင်ရင် လွယ်တယ်လေ ကြီးမေ။ ဟိုမှာက ကားမရှိရင် မလွယ်ဘူးလေ။ အံထဲထဲဝင်ရတာကိုက တမျှော်တခေါ်"

"ဒီမှာ လာနေပါလား သမီးရယ်"

"ကျွန်မ လွတ်လွတ်လပ်လပ်ပဲ နေချင်တယ်။ ဒါမှ စာကျက်ရတာ ဘာအနှောင်အဖွဲ့မှ ရှိမနေဘဲ ပိုထိရောက်ပါတယ် ကြီးမေ။ ဒါကြောင့်ပါ"





ဒေါ်နှင်းမြတ်က ကျေနပ်စွာ ပြုံးလိုက်လေသည်။

"ဟုတ်တယ်။ တို့များ မင်းအရွယ်တုန်းကလည်း မင်းလိုပဲ ကြိုးစားခဲ့တာ။ တို့များ ရည်မှန်းချက်က မင်းလိုပဲ၊ မိဖုရားအဖြစ်ထက် ဘုရင်မအဖြစ်ကို လိုလားခဲ့တယ်။ ဒါပေမယ့် နောက်ဆုံးမှာ နှလုံးသားကိုအလိုလိုက်မိလို့ မိဖုရားအဖြစ်နဲ့ပဲကျေနပ်ခဲ့ရတယ်။ ဒါလည်း မှားတော့ မမှားဘူး။ ဘုရင်မတာဝန်ကမှ ခေါင်းပိုများမယ်၊ ကြီးမယ်။ ခုတော့ မိဖုရားအရာက လက်ညှိုးညွှန်ရာ ရေဖြစ်တဲ့ အနေအထားဆိုတော့ တို့များ နောင်တရစရာမရှိဘူးပေါ့"

သျှင်ငြိမ်းစိတ်ထဲ၌ ဒေါ်နှင်းမြတ်၌ ခံစားချက်တစ်ခုခုရှိလိမ့်မည်ဟု သိနေသလို ခံစားရသည်။

ဒေါ်နှင်းမြတ်၏ရုပ်ရည်သည် ချောမောလှပသော စာရင်းမျိုးမဝင်။ သို့သော် မျက်ဝန်းကတော့ လှသည်။ အသားညိုသည်။ အရပ်သိပ်မမြင့်။ သူ့ထက်စာလျှင်တော့ မြင့်သည်ဟု ဆိုနိုင်သည်။

ဦးကြိုင်လျှမ်းကတော့ အံတော်ကိုရုပ်ဖြောင့်သော၊ အရပ်အမောင်းလည်းကောင်းသော၊ အသားအရည်လည်းလှသော ယောကျ်ားကြီးတစ်ယောက် ဖြစ်သည်။ သားသမီးတွေအားလုံး ဦးကြိုင်လျှမ်းနှင့် ပင်တူသဖြင့် ချောမောကြသည်။

သို့သော် သူတို့၏သားသုံးယောက်အနက် ခနကြိုင်လျှမ်းကို

ဖယ်လိုက်လျှင် သားကြီးနှင့် သားလတ်နှစ်ယောက်စလုံး၏ မိန်းမများသည် အချောကြီးမဟုတ်သော်လည်း ဆရာဝန်တစ်ဦးနှင့် ဒုညွှန်ကြားရေးမှူးတစ်ဦး ဖြစ်နေသည်။

ဆန်နီ့မိခင် သမီးကတော့ အမေရိကန်သို့ ခင်ပွန်းနှင့်အတူ လိုက်ပါသွားသည်။ ဓာတ်ပုံအရတော့ ဆန်နီ့မိဘ နှစ်ဦးစလုံးမှာ ချောမောသည်။

ဒေါ်နှင်းမြတ်၏ ချွေးမ ရွေးချယ်ပုံမှာ ရုပ်အဆင်းသဏ္ဌာန်ထက် ပညာဂုဏ်ကို အဓိကထားလေသလား၊ မျိုးရိုးဇာတိကို အဓိကထားလေသလားဆိုတာကို သျှင်ငြိမ်း သိချင်လာသည်။

ဒါမှလည်း သူ့အချစ်ဆုံးသူငယ်ချင်းပိုးပြည့်စုံအတွက် သတင်းတစ်ခုတော့ ပေးခြင်းဖြင့် ကူညီနိုင်မည်။

သို့သော် ထိုအကြောင်းကို မေးရန် မဝံ့မရဲဖြစ်မိသည်။ မိမိသည် အပျိုစင်လေး ဖြစ်နေသည့်အပြင် ဂုဏ်ထူးတန်းကျောင်းသူမှ မဟာသိပ္ပံ၊ ပြီးတော့ ပီအိပ်ချ်ဒီဘွဲ့ကိုရယူရန်ရည်ရွယ်ထားသူဖြစ်သည်။

ဒေါ်နှင်းမြတ်က ပညာကို ရွေးချယ်တာပါဟု ဖြေလိုက်လျှင် သူ့မျက်နှာ ဘယ်သွားထားရမည်နည်း။

“လိုအပ်တာရှိ ပြောနော် သမီး။ ညနေစာစားပြီး ကွန်ပျူတာ ဆက်သင်ပြီးရင် အဲဒီဆရာမနဲ့အတူတူ သမီးကို ပြန်ပို့ပေးမယ်။ ဒါကို





တော့ သမီး မငြင်းပါနဲ့”

“ဟုတ်ကဲ့ပါ။ ကျွန်မအတွက် အတိုင်းမသိကောင်းမွန်တဲ့အစီအစဉ်ပဲ ကြီးမေရယ်။ ကျွန်မ လိုက်နာပါ့မယ်”

“ကဲ . . လာ၊ ထမင်းစားရအောင်။ ဆန်နီကော”

“စက်ဘီးတစ်ပတ်သွားစီးပါတယ် ကြီးမေ”

“သြော် . . . ဒီကလေးနယ် ရသမျှအချိန်လေးတောင်မှ ပြေးဆော့သေးတယ်”

“ဆော့ပါစေ ကြီးမေ။ ကလေး ဆိုတာ ကစားပေးမှလည်း ကျန်းမာသန်စွမ်းပြီး ဉာဏ်ရည်ထက်မြက်စေတာ။ ထမင်းစားချိန် သူသိပါတယ်။ ကျွန်မ မှာလိုက်ပါတယ်”

“ကောင်းပြီလေ။ ဒါဆို တို့များ ထမင်းစားခန်း သွားကြရအောင်။ သမီးအန်ကယ်ကတော့ ဒီနေ့ ညစာစားပွဲဆက်လိမ့်မယ်”

ကိန်းခန်းကြီးပါသည်ဟု သတင်းကြီးသော ဦးကြိုင်လျှမ်းနှင့် ဒေါ်နှင်းမြတ်သည် သူ့အပေါ်တွင်တော့ လုံးဝ မာနမထားသော၊ အနောက်တိုင်းဆန်သော ပြုမူဆက်ဆံမှုမျိုး လုံးဝ မရှိပါချေ။

အခြားသူ့သည်များကိုတော့ ချိန်းထားမှသာလျှင် ကြိုဆိုခွင့်ပြုခြင်းမျိုး၊ ညှိခဲခြင်းမျိုး ရှိသည်။ သူတို့မိသားစုသည် အဆိုးကြီးတော့ မဟုတ်ပါချေ။

သို့သော် ပိုးပြည့်စုံအပေါ်သဘောမကျနိုင်ခြင်းကိုမူကား သျှင်ငြိမ်း [illegible]

ပိုးပြည့်စုံလို [illegible] ရုပ်နှင့်ပြည့်စုံသည့် [illegible] ရှိသည်။ ထိုမိန်းကလေးမျိုးကို [illegible] ကျသည်။ [illegible] နည်း။

အိမ်မှုကိစ္စ လုပ်စရာမလို၍ မလုပ်ခြင်းသည့် [illegible] သျှင်ငြိမ်း [illegible] မြတ်ထံ၌ ရှိနေလေရော့သလား။ [illegible]

[illegible] ပိုးပြည့်စုံ [illegible] ခနှင့် ပိုးပြည့် [illegible] သည်။

[illegible] ဖြစ်သည်။





## အခန်း(၂၀)

"မယ်ပိုး ခနနဲ့ ရှင်တွေ့ဖြစ်ရဲ့လား"

ကျောင်း၌ ပိုးပြည့်စုံနှင့် ခဏတာဖြုတ်တွေ့ဆုံသည့်အခါတွင် သျှင်ငြိမ်းက သိချင်သည်ကို အလျင်မေးလိုက်သည်။

"တွေ့ပါတယ် ရှင်နဲ့ရော"

"မတွေ့ဘူး။ ခု သူက စီးပွားရေးကိုပါ လုပ်ဖို့ လေ့လာနေပြီဆိုတော့ အိမ်မှာ တစ်ခါမှမတွေ့ရဘူး။ ရှင်တို့ချင်းကတော့ ပြေလည်တယ် မဟုတ်လား"

"ပြေလည်ပါတယ်။ သူ့အမေရဲ့ခြေလှမ်းတွေကရော ခပ်သွက်သွက် မှုရှိရဲ့လား"

"ကျုပ် မလေ့လာချင်ဘူးဟာ"

သျှင်ငြိမ်း အမှန်တကယ်ပင် စိတ်ထဲမှာရှိသည့်အတိုင်း ဖြေသည်။

"ခါပေမယ့် ကျွန်တစ်ခုတော့ တွေးမိတာ ရှိတယ်။ ဒေါ်နှင်းမြတ်ရဲ့အတိတ်မှာ ကျုပ်တို့မသိနိုင်တဲ့အကြောင်းရင်းများ ရှိနေမလား လို့"

"ဘာအကြောင်းရင်းလဲ။ ရှင်အချိန်ရရဲ့လား။ ရှင့်ကိုမေးရတာ တော့ အားနာပါတယ်။ ရှင့်အတွက်က တစ်စက္ကန့်လည်း အကျိုးရှိနေတဲ့ အချိန်တွေကို ကျုပ် ဖဲ့မယူချင်ပါဘူး"

သျှင်ငြိမ်း စိတ်မကောင်းဖြစ်သွားသည်။

"ဒီလို မပြောပါနဲ့ မယ်ပိုးရယ်။ ကျုပ်ဘဝက အမြဲကြိုးစားရုန်းကန်နေမှ ဖြစ်မှာ။ ကျုပ်မှာ နောက်ခံဘက်ဂရောင်းမရှိဘူးလေ။ ရှင့်အတွက် ကျုပ် အချိန်တွေပေးနိုင်ပါသေးတယ်"

ပိုးပြည့်စုံက လုပစွာ ပြုံးရင်း

"ဆောရီး ဆောရီး ကဲ...ပြော"

"ဒေါ်နှင်းမြတ်ဟာ သိပ်လှတဲ့မိန်းမတွေကို တွေ့ရင် အပြစ်ရှာတဲ့ မျက်လုံးတွေနဲ့ ကြည့်တတ်တယ်။ သူ့မှာ ဘာခံစားချက်ရှိမယ်ဆိုတာကိုတော့ ကျုပ် မသိပေမယ့် ခန့်မှန်းလို့ရတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူ့ခွေးမနှစ်ယောက်စလုံး မလှဘဲ သာမန် ရှက်ကြမ်းရေကြို ရုပ်မျိုးလောက်ပဲရှိတယ်လေ။ တကယ်ဆို မနေ့အစ်ကိုတွေလည်း မနေ လိုပဲ ချောကြတယ်။ နေနဲ့လ၊ ရွှေနဲ့ မြလို လက်တွဲဖော်တွေ ရနိုင်ပါ





လျက်နဲ့ စဉ်းစားရေ မကောင်းဘူးလား"

"အင်း..ရှင့်စကားက အတော် စိတ်ဝင်စားစရာကောင်းနေပြီ"

"ကိုင်း ကျုပ် လိုင်ဗရီမှာစာအုပ်သွားရှာလိုက်ဦးမယ် ရှင်လိုက် မလား"

"မလိုက်ဘူး။ ကျုပ် မောင်နဲ့ ချိန်းထားတယ်။ ကျုပ်အသွား ဒီနေ့ လာမယ်။ လေဆိပ်မှာ သွားကြိုဖို့ မောင့်ကို ပြောထားတယ်"

"ကောင်းပြီ။ ဒါဆို ကျုမ်သွားတော့မယ်"

သျှင်ငြိမ်း ကင်တီးမှထွက်ခဲ့လေသည်။ ပိုးပြည့်စုံနှင့်ခနကြိုင်လျှမ်းတို့ကို အဆင်ပြေစေချင်သည်။

အဘက်ဘက်မှ ပြည့်စုံကုံလုံကြွယ်ဝသော ရွှေဘုံစံမင်းသမီး ဘာမှမလုပ်ခြင်းသည် အပြစ်တစ်ခုမဟုတ်ဟု သျှင်ငြိမ်း ထင်သည်။

တစ်ခုပဲ သူ စိုးရိမ်သည်။

ပိုးပြည့်စုံ သူ့အပေါ် အထင်လွဲသွားမှာကိုပင်။

ဒေါ်နှင်းမြတ်က သူ့ကို အလွန် အရေးပေးသည်။ ဒါကိုက ပိုးပြည့်စုံအတွက် သံသယဝင်စရာကောင်းနေသောအချက်ပင်။

ပိုးပြည့်စုံအထင်မလွဲရအောင် သူ ဒေါ်နှင်းမြတ်ထံမှ အလုပ်ထွက်လိုက်ဖျင်တော့ ကိစ္စပြတ်မည်။

သို့သော် သူ့အတွက်က ဒေါ်နှင်းမြတ်ထံမှာ အလုပ်လုပ်ရ

ခြင်းသည် အရမ်းကိုအဆင်ပြေသည်။ ဆယ်တန်းသုံးဝိုင်းစာလောက် ဝင်ငွေရသည်။ ထို့အပြင် သူသင်လိုသော ကွန်ပျူတာကိုပင် အခမဲ့ သင်ကြားခွင့်ရသည်ဆိုတော့ အတိုင်းထက်အလွန်ပင်။

ထို့ကြောင့် ဒေါ်နှင်းမြတ်ဟူသော အမိုသဟဲကောင်းကြီး ကိုတော့ သူ မစွန့်ခွာနိုင်ချေ။

သျှင်ငြိမ်းသည် တစ်ကောင်ကြွက်ဘဝဖြင့် လောကကြီးတိုက် ပွဲဝင်နေရသည်။ ခုချိန်မှာ ဘယ်သူ့ကိုမှ ငဲ့စောင်းမကြည့်နိုင်ချေ။

မိမိ မှားသလား၊ မှန်သလားကိုလည်း ဝေဖန်ဆန်းစစ်နေ၍ မရ။

အရေးကြီးသည်က ကိုယ့်ရည်မှန်းချက်ပန်းတိုင် ရောက်ဖို့ ကိုယ့်လမ်းကိုယ်လျှောက်သွားရန်သာ အရေးကြီးသည်။

ကိုယ့်ကြောင့် တစ်ပါးသူမထိခိုက်မနစ်နာစေရန်တော့ မနည်း သတိထားရသည်။

ဒါကြောင့်လည်း သူ ပိုးပြည့်စုံနှင့် ခွဲခွာလိုက်ခြင်းဖြစ်သည်။

ပိုးပြည့်စုံသည် ဒေါ်နှင်းမြတ်ကို တော်ရုံနှင့် အရှုံးပေးမည် မဟုတ်။ မုသားသုံးကာ ခနမှုတစ်ဆင့် ဒေါ်နှင်းမြတ်ကို သိမ်းသွင်းမှု များကိုသိရှိနေရသော သူ့အတွက် စကားများသွားမှာစိုးရိမ်သဖြင့် ရှဉ်လည်း လျှောက်သာ၊ ပျားလည်းစွဲသာစေရန် သူ ရှောင်ပေးလိုက်ခြင်း





ဖြစ်သည်။ သူ့အနေနဲ့ကတော့ ဘယ်သူ့မှ မနစ်နာစေချင်ပါ။ ပြေလည် သွားစေချင်သည်။

သို့သော် ရင်ကြားစေ့ဖို့အရေးကို မလွယ်ကူ။ ဒေါ်နှင်းမြတ် ကော ပိုးပြည့်စုံပါ အင်မတန်ခေါင်းမာသော မိန်းမများ ဖြစ်နေကြ ကြောင်းကို သူသိနေသောကြောင့် ခက်သည်။

စာကြည့်တိုက်ထဲရောက်သည်နှင့် အတွေးအာရုံအမျှင်တန်း ကို နှင်ထုတ်ပစ်လိုက်ရလေသည်။

◆

အခန်း(၂၁)

ကွန်ပျူတာဆရာမက တစ်ပတ်၌ လေးရက် သင်ပေးသည်။ ကျန်သုံးရက်၌ ဆန်နီနှင့် သူ ကိုယ်ဘာသာကိုယ် လေ့ကျင့်ယူရင်း ဆက်သင်ကြသည်။

ကလေးကို ကွန်ပျူတာနှင့် စာသင်ရသည်မှာ တစ်မျိုးပျော်စရာကောင်းလေသည်။

ယနေ့ ကွန်ပျူတာဆရာမ မလာသောရက်ဖြစ်၍ သူတို့ဆရာ တပည့်နှစ်ယောက် လေ့ကျင့်နေစဉ် တိုးဝင်လာသော အသံသဲ့သဲ့များကြောင့် သျှင်ငြိမ်းရင်ထဲ ထိတ်ကနဲဖြစ်သွားသည်။

"ခနေ မင်းကိုလွတ်လပ်ခွင့်ပေးထားတာကို မင်း အလွဲသုံးစားလုပ်သလား"

"ကျွန်တော့်လုပ်ရပ် မမှားဘူး မာမာ"





"မင်းကို ရည်းစားထားခွင့်ပဲ ပေးထားတာလေ။ အိမ်ထောင်ဖက်ကို ရွေးချယ်ခွင့်မပေးထားဘူး။ ခွေပြမျိုးပြလုပ်ရလောက်အောင် ခွင့်အရေးမျိုး မာမာ မပေးထားဘူး"

"ခွေပြမျိုးပြကိစ္စမှ မဟုတ်တာ။ သူ့အစ္စားကို သွားကြိုတာ အား လိုက်ပို့ပေးတယ်။ ဒါပဲလေ မာမာ"

"သြော် . . . ပြောတာက လွယ်လွယ်လေးပဲ။ သူ့အဘွားနဲ့ င်းကို မိတ်မဆက်ပေးဘူးလား"

"ဆက်ပေးတာပေါ့။ ဒါက လောကဝတ်ပဲလေ"

"တော်ဝင်ခွေကြီးမျိုးကြီးကိန်းခန်းကြီး ဒေါ်စပ်သီရိက မင်းကို တအံ့တဩ ဘာတွေမေးမြန်းလိုက်သေးလဲ"

သျှင်ငြိမ်း အံ့အားသင့်သွားသည်။ ဘွားသီရိ အမည်ကိုပင် မိန်နှင်းမြတ် သိနေပါလား။

"မာမာက ပိုးပြည့်စုံမိသားစုအကြောင်း တော်တော်သိထား ထင်တယ်"

"အေး . . ဟုတ်တယ်။ သိတယ်။ သိတာမှကမ္ဘာမကြေတမ်း ကို သိတယ်။ မင်းဘဇာ အဲဒီဟာမနဲ့ လက်ထပ်မယ်ဆိုရင် အားလုံးကို သခန်းဖြတ်ရမယ်ဆိုတာ မြဲမြဲ မှတ်ထားလိုက်ပါ ဒါပဲ"

အသံများ တိတ်ဆိတ်သွားလေတော့သည်။

သျှင်ငြိမ်း သက်ပြင်းချလိုက်သည်။

သျှင်ငြိမ်း ကြို့တင်မှန်းဆထားသော လျှို့ဝှက်ချက်သည် သားစုအတွင်းရေးများဖြစ်ခဲ့လေပြီ။

"ဆရာမ သား စက်ဘီးသွားစီးတော့မယ်"

"အေး···အေး···သွား ဆရာမလည်း ပြန်တော့မယ်"

ဆရာတပည့်နှစ်ယောက် စာသင်ခန်းထဲမှ ထွက်လာသော အခါ ဧည့်ခန်းဆိုဖာဆက်တီ၌ ငုငုကြီးထိုင်နေသော ခနကို တွေ့လိုက် ရသည်။

ခနက သူ့ကိုမြင်တော့ မချိုပြုံးပြုံးကာ

"ခဏ အချိန်ပေးနိုင်မလား သျှင်ငြိမ်း။ ကျွန်တော် ပြန်ပို့ပေး ရင်း တစ်နေရာမှာ စကားပြောရအောင်"

"ရပါတယ်"

သျှင်ငြိမ်းကိုယ်တိုင်လည်း ခနထံမှ ဘွားသီရိနဲ့ ပတ်သက် သောအကြောင်းအရာများကို သိချင်သည်။

ဘွားသီရိရောက်နေသည်ဆိုတော့ သူကိုယ်တိုင်လည်း ဘွား သီရိထံ သွားရောက်တွေ့ဆုံကန်တော့ရဦးမည်။

တောင်ကြီးသို့ လိုက်လည်စဉ်က ဘွားသီရိသည် သူ့အငယ် လိုလေသေးမရှိ ကောင်းခဲ့လေသည်။





"ထမင်းစား ပြီးပြီလား"

"ပြီးပါပြီ"

"ဒါဖြင့် သွားရအောင်"

"ဟုတ်ကဲ့"

ကျွန်မဥ္ဂ ယောက်ျားလေးသူငယ်ချင်းများတော့ ရှိကြသည်။

သို့သော် သူတို့နှင့်က စာအကြောင်းဆွေးနွေးရုံမှအပ နှစ် ယောက်တွဲကာ လက်ဖက်ရည်ဆိုင် ထိုင်ခြင်း၊ ကင်တီးထိုင်ခြင်းမျိုး မရှိခဲ့ပါချေ။

ခနနှင့်က ယခုအကြိမ်ပါဆိုလျှင် ဒုတိယအကြိမ်ဖြစ်သည်။ Oh La La ကော်ဖီဆိုင်သို့ ခနက ခေါ်ခဲ့လေသည်။

ထိုဆိုင်ကို ဘတ်စ်ကားပေါ်မှဖြတ်သွားဖြတ်လာသာ သူတွေ့ ခဲ့ဖူးသည်။ ယခု ပထမဦးဆုံးအကြိမ်အဖြစ် အထဲထဲသို့ ဝင်ခွင့်ရခြင်း ဖြစ်လေသည်။

"ဘာသောက်မလဲ"

"ဘာလက်ခ် ကော်ဖီပဲ"

"ညအိပ်မပျော်ဘဲ နေမှာပေါ့"

"ကျွန်မအတွက် အိပ်ချိန် ၅နာရီ ဆိုရင် အတော့်ကိုပြည့်ဝလုံ လောက်နေပါပြီ"

"သျှင်ငြိမ်းကို ကြည့်ရတာ အမြဲတမ်းလန်းဆန်းပြီး လှုပ်ရှားနေတာပဲ"

"ငြိမ်းသက်သွားတဲ့ နေ့က ကျွန်မ သေဆုံးသွားတဲ့နေ့ပဲ ဖြစ်လိမ့်မယ်"

သျှင်ငြိမ်းက စိတ်ညစ်ညူးနေပုံရသောခနေအတွက် ဖြေသိမ့်ရာဖြေသိမ့်ကြောင်း ပြောလိုက်ခြင်းဖြစ်သည်။

ခနေမျက်နှာ ပြုံးမလာ။

"ကျွန်တော် သျှင်ငြိမ်းကို ဘာလို့ခေါ်လာသလဲဆိုတာ သျှင်ငြိမ်း ရိပ်မိနေသလား"

"ခနေတို့သားအမိ စကားများတဲ့အသံ ကျွန်မတို့အခန်းက သဲ့သဲ့ ကြားလိုက်ရတယ်"

"ထင်တယ်။ ကျွန်တော် ပိုးလေးကို မေးရင်တော့ရပါတယ်။ ဒါပေမယ့် အခြေအနေတွေက ရှုပ်ထွေးလာတယ်"

"ဘယ်လိုရှုပ်ထွေးလာသလဲ"

သျှင်ငြိမ်းမှာ သိချင်ဇောဖြင့် ရင်ခုန်သံပင် မြန်၍ နေချေသည်။

"ဘွားသီရိဟာ ကျွန်တော့်မိဘတွေနာမည်ကြားတော့ မျက်မှောင်ချိုးပြီး ထပ်မေးတယ် ဒီလို"





သျှင်ငြိမ်း၏အာရုံသည် မင်္ဂလာဒုံ အပြည့်ပြည့်ဆိုင်ရာလေဆိပ်ဆီသို့ ရောက်ရှိသွားလေသည်။

ခနေ၏အပြောကို အတွေးအာရုံဖြင့် ထင်လင်းစွာ မြင်တွေ့နေရသည့်အလား ခံစားလိုက်ရလေသည်။

◆

## အခန်း(၂၂)

"ဘွားဘွား၊ ဒါ ပိုးချစ်သူ နေကြိုင်လျှမ်းတဲ့"

ဘွားသီရိက ပြုံးလိုက်သည်။

အသက် ခုနစ်ဆယ့်ငါးနှစ်ကျော်ပြီ ဖြစ်သော်လည်း အရောင်မမှိန်သေးသော စူးရှထက်မြက်မှု မလျော့ပါးသေးသော မျက်ဝန်းဖြင့် နေကြိုင်လျှမ်းကို နှဖူးရေ ဒူးရေ အကဲခတ်လိုက်သည်။

"ဟုတ်လား။ လူချောလူဖြောင့်ပဲ။ မိဘများကကော ဘယ်သူများ လဲကွယ်"

"ဦးကြိုင်လျှမ်းနဲ့ ဒေါ်နှင်းမြတ်ပါ"

ဘွားသီရိ မျက်မှောင်အနည်းငယ်တွန့်သွားလေသည်။

"ဘယ်သူတွေ... ပြန်ပြောပါဦးကွယ်။ အသက်က ကြီးလာတော့ သောတအာရုံတွေများ ချို့ယွင်းနေသလား မသိပါဘူးကွယ်"

"ဘွားဘွားကလဲ"





ပိုးပြည့်စုံသည် အဘွားဖြစ်သူ နားလေးသည်ဟု ပြောသံမကြားဖူးချေ။ နားပါးသည်။ အကင်းပါးသည်ဟုသာ သိထားသည် ဖြစ်၍ မကျေမနပ်ရေရွတ်လိုက်သည်။

မနကတော့ အပြုံးမပျက် စိတ်ရှည်စွာဖြင့်မှင်

"ဦးကြိုင်လျှမ်းနဲ့ ဒေါ်နှင်းမြတ်ပါ ဘွားဘွား"

"ဒေါ်နှင်းမြတ်၊ နေပါဦး။ မင်းက အဖေတူတယ် ထင်တယ်။ မေတူတော့ ဟုတ်ဟန်မတူဘူး"

နေ အံ့အားသင့်သွားသည်။

"ဟုတ်ကဲ့ ကျွန်တော်က အဖေတူပါ။ ညီအစ်ကို မောင်နှမ ယောက်စလုံး တစ်ယောက်မှ အမေ မတူဘဲ အဖေနဲ့ပဲ တူကြယ်။ ဘွားဘွားက မာမာ့ကို သိလို့လား"

"မော်လမြိုင်သူမနှင်းမြတ်မှန်ရင်တော့ ဘွားဘွားသိတဲ့သူပဲ"

"ဟုတ်ပါတယ်။ မာမာတို့က မော်လမြိုင်ဇာတိတွေပဲ"

နေ ဝမ်းသာသွားသည်။ မိဘအချင်းချင်း ခွေပေါင်း မျိုးကင်းတွေ ဆိုပါက သူတို့နှစ်ဦး၏အနာဂတ်သည် အလားအလာကောင်းလေပြီဟု မျှော်လင့်ကာ ပြုံးလိုက်လေသည်။

သို့သော် -

"နေပါဦး။ မင်းမိဘတွေက ပိုးလေးရဲ့မိဘမျိုးရိုးကို မသိသေး

ဘူးလား။ မင်းမိဘတွေနဲ့ ပိုးလေး မတွေ့ရသေးဘူးလား"

ဘွားသီရိသည် ခေတ်မှီသကဲ့သို့ ပွင့်လင်း ပြတ်သားသေ

အဘွားကြီးလည်း ဖြစ်သည်။

အခု ဓနု ရုတ်တရက် ဘာပြန်ဖြေရမှန်းမသိ ဖြစ်သွား

ပိုးပြည့်စုံက ဝင်၍

"ဘွားဘွားကလဲ ပိုးက မိန်းကလေးလေ။ ယောကျ်ားကလေ

အိမ်ဘယ်သွားဖို့မလဲ။ ခု ဓနုကိုသာ ဘွားဘွားနဲ့ ပထမဦးဆုံး ပေးပေ

တာ။ ဘွားဘွားသဘောကျမှ ပိုးက ဓနုမိဘများနဲ့ တွေ့ဆုံဖို့ကို လက်

မှာပေါ့"

ဘွားသီရိက မြေးဖြစ်သူ၏မျက်နှာကိုစေ့စေ့ကြည့်ကာ အ

ခတ်လိုက်သည်။

ဘွားသီရိမှာ မြေး(၉)ယောက်ရှိသည်။ ၎င်းအထဲတွင် ခေ

အမာဆုံးနှင့် ပြောရဆိုရအခက်ဆုံးမြေးမှာ ပိုးပြည့်စုံ ဖြစ်သည်။ ချ

တွေ့လာပြီဖြစ်သောမြေးသည် ထင်ရာစွတ်လုပ်ဦးမှာလား။ တခွတ်

တဆောက်ကန်နိုင်စွာဖြင့် သူ့ဆန္ဒကို ဦးစားပေးမှာလား။

"ဒီလိုဆိုရင် ပိုးပြည့်စုံဆိုတဲ့ မိန်းကလေးဟာ ဒေါ်စပ်သီရိရဲ့

ဦးပြည့်စုံ ဒေါ်မြန်းမာလာတို့ရဲ့သမီး ဆိုတာ မသိသေးဘူး ထင်တ

ဒီလိုလုပ်ပါ မောင်ရင်။ မင်းချစ်သူ ပိုးပြည့်စုံဟာ ဘယ်သူ့မြေး ဘယ်





သမီးဆိုတာကို မင်းအလျှင်ပြောပြလိုက်ပါ။ အဲဒါကို လက်ခံတယ်ဆိုရင်

မင်းမိဘတွေဟာ လူကြီးစုံရာနဲ့ ပိုးပြည့်စုံကို လာကြောင်းလမ်းထားပါ။

ဒါဆိုရင် ဘွားဘွား စိတ်ချစွာနဲ့ မင်းနဲ့တွဲသွားတွဲလာကို ခွင့်ပြုနိုင်မယ်"

"ဟင်"

ပိုးပြည့်စုံသည် အဘွားဖြစ်သူကို တအံ့တဩ ကြည့်လိုက်

သည်။ ပြီးမှ ဓနုကို လှည့်ကြည့်လိုက်သည်။

ဓနုသည် မျက်စိမျက်နှာ ပျက်ကာ ဖြူသောအသားအရည်

ပင်လျှင် နီစပ်စပ် ဖြစ်သွားလေသည်။

"အခုလဲ မင်းဟာ ငါ့မြေး ပိုးလေးရဲ့ချစ်သူဖြစ်လို့ ကြည်ဖြူ

စွာနဲ့ မင်းကားကို လိုက်စီးချင်ပေမယ့်၊ မင်းကားဟာ ဒေါ်နှင်းမြတ်ရဲ့

ကားဖြစ်နေလို့ ဘွားဘွား လိုက်မစီးနိုင်တာ ခွင့်လွှတ်ပေတော့။ ကိုင်း

· · သမီးရေ ပရိုက်ဗိတ်တက္ကစီနဲ့ပဲ သွားရအောင်။ အင်း · · · မြေးအ

တွက်ရယ်၊ ဘွားလာရင် သုံးဖို့ရယ် ကားတစ်စီးတော့ဝယ်ပေးခဲ့ရမှာပဲ"

ပိုးပြည့်စုံနှင့် ဓနု တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်

လိုက်သည်။ ဓနုက

"ဒေါ်နှင်းမြတ်က ဒေါ်နှင်းမြတ်ပါ။ လောလောဆယ် ဓနက

နေပါပဲ ဘွားဘွား။ ကျွန်တော့်ကားကိုပဲ ပရိုက်ဗိတ်တက္ကစီ သဘောထား

ပြီး ဘွားဘွား လိုက်စီးပါ"

ဘွားသီရိက ပြုံးကာ ခေါင်းခါလိုက်သည်။

"မြေး ပိုးလေး။ မင်းလူကို မင်း တစ်ခုခု အဖြေပေးလိုက်လေကွယ်"

"ဝမ်းနည်းပါတယ် မေနရယ်။ ဘွားဘွားက ဘူးဆိုရင် ဖရုံမသီးတတ်ဘူး။ ဒါကြောင့် မေနပြန်တော့။ ကျွန်မကို မေနဆက်သွယ်ရဦးမှာပဲ"

မေန မျက်စိမျက်နှာပျက်စွာဖြင့် ချစ်သူအလိုကျ လိုက်လျောလိုက်ရလေသည်။ ဘွားသီရိကို နှုတ်ဆက်လိုက်သည်။

"ကျွန်တော့်ကို ခွင့်ပြုပါ ဘွားဘွား"

"အေး…အေး…မင်း ဘွားတို့အိမ်ကို လာခြင်းကောင်းစွာဖြင့်လာနိုင်ပါစေလို့ ဘွားဘွား မျှော်လင့်နေမှာပါ"

"ဟုတ်ကဲ့။ ကျွန်တော်လာနိုင်မှာပါ။ ပိုးလေး ကိုယ်ပြန်မယ်"

မေန ကိုယ့်ကိုကိုယ် အားပေးလိုက်လေသည်။

ပိုးပြည့်စုံက ခေါင်းညိတ်လိုက်သည်။ ပိုးပြည့်စုံက မာနကြီးသောမိန်းကလေးပီသစွာပင် မျက်စိမျက်နှာပျက်ခြင်း လုံးဝ မရှိချေ။

ဘွားအေ၏ဆန္ဒသည် သူ့ဆန္ဒအလားရှိနေရာ မေနသည် ရင်လေးစွာဖြင့် မြေးအဘွားနှစ်ယောက်နှင့်အဖော်မိန်းကလေးတစ်ဦးကို လေဆိပ်၌ စိတ်မချစွာထားပြီး ပြန်ခဲ့ရလေတော့သည်။

◆





## အခန်း(၂၃)

"အဖြစ်က အဲဒါပဲ သျှင်ငြိမ်း"

မေနစကားအဆုံး၌ သျှင်ငြိမ်း သက်ပြင်းချလိုက်မိလေသည်။ သူကြိုတင်တွက်ဆထားချက် မှန်ကန်လေပြီ။ ဒေါ်နှင်းမြတ်၌ရှိနေသော လျှို့ဝှက်ချက်သည် ပိုးပြည့်စုံ၏မိဘများနှင့် ပတ်သက်နေလေသည်။

"ကျွန်မ ဘယ်လိုကူညီပေးရမလဲ"

"မာမာဆီက ဘွားသီရိနဲ့ပတ်သက်တဲ့ အတိတ်က အရိပ်ကို ကျွန်တော် မေးပါမယ်။ ပိုးလေးရဲ့ဆန္ဒကိုလည်း သိချင်တယ်"

"ကျွန်မ ဘွားဘွားကို သွားပြီးဂါရဝပြုမှာပါ။ အဲဒီအခါ မေနအတွက် ထူးခြားတဲ့ အဖြေတစ်ခုတော့ ရလာလိမ့်မှာတော့ သေချာတယ်"

"ပိုးလေးဆီ ကျွန်တော် ဖုန်းနဲ့ဆက်သွယ်ကြည့်ဦးမယ်။ မာ

ဟစိတ်ဓာတ်ကလည်း စကားတစ်ခွန်းကို ပြန်ပြင်ဖို့ တော်တော်ခဲယဉ်းတယ်"

"ဘွားသီရိကလည်း ဒီအတိုင်းပါပဲ"

"ကျွန်တော်တော့ အတော့်ကို ညစ်သွားတာပဲ"

သျှင်ငြိမ်းသည် နှလုံးမီးတောက်အပူဟပ်မှုကြောင့် သောကဗျာပါဒဖိစီးနေပုံရသော ဓနကို စိတ်မသက်သာစွာကြည့်ရင်းက တစ်စုံတစ်ခုသောမေးခွန်းကို မရည်ရွယ်ပါဘဲ နှုတ်မှအလိုအလျောက်ထွက်သွားလေသည်။

"အကယ်၍ ရှင် မယ်ပိုးနဲ့ ကြီးမေ တစ်ယောက်ယောက်ကို ရွေးချယ်ရမယ်ဆိုရင်ကော"

ဓနက သူ့အား ဖျတ်ကနဲကြည့်ပြီး ခေါင်းခါလိုက်လေသည်။

"ပိုးလေးနဲ့ ကျွန်တော့်မိသားစုပါ"

"ဆောရီး။ ဟုတ်သားပဲ"

ကြီးမေဆန္ဒဟာ အနိကယ်ဆန္ဒပေပဲ။

သျှင်ငြိမ်းသည် ဒေါ်နှင်းမြတ်၏ဩဇာအရှိန်အဝါကြီးမားမှုကို သဘောပေါက်ထားပြီးဖြစ်ပါလျက် နှုတ်မှ ရုတ်တရက်ထွက်သွားသော မေးခွန်းအတွက် နောင်တရသွားသည်။ သူသည် ဘယ်အခါမှ စကားကို လွယ်လင့်တကူ မပြောတတ်ပါချေ။





"ဒီအတွက် ကျွန်တော် မစဉ်းစားရသေးဘူး။ ဖြစ်ချင်တာကတော့ မိသားစုနှစ်စုစလုံး ငြိမ်းချမ်းမှုရစေချင်တာပဲ။ ဒီအတွက် အရင်ကြိုးစားကြမယ်"

ဓနသည် သူ ကြိုတင်ထင်ထားသလို လူပေါ်ကြော့ တစ်ယောက် မဟုတ်ချေ။

လူငယ်တို့ဘာသာဘာဝ မိန်းကလေးသူငယ်ချင်းများ ရှိခဲ့သော်လည်း ဘာကိုလုပ်လုပ် အလေးအနက် စဉ်းစားတတ်သကဲ့သို့ အလုပ်ကိုလည်း လေးလေးစားစားလုပ်တတ်သည်။ ဒါကိုကပဲ သူ့မိသားစု၏အမွေအနှစ်လိုဖြစ်နေသည်။

သျှင်ငြိမ်းရင်ထဲဆန္ဒက နှစ်ဦးနှစ်ဘက်ပြေလည်စေချင်သည်။

သူ မည်ကဲ့သို့ စွမ်းဆောင်ပေးရမည်ကို မသိအောင် ဖြစ်နေသည်။ တတ်နိုင်သမျှတော့ ကြိုးစားပေးရမည်။

"နှစ်ဘက်စလုံး ညှိနှိုင်းလို့ မရရင်တော့လည်း ချစ်သူနှစ်ဦးပေါင်းစုံနိုင်ဖို့ လိုအပ်တဲ့အကူအညီကိုတော့ ကျွန်မ ပေးနိုင်လိမ့်မယ်"

"ကျေးဇူးပဲ သျှင်ငြိမ်း"

"ကျွန်မတို့ပြန်ကြရအောင်။ ခေါင်းအေးအေးထားပြီး နောက်ဆုံးနှစ်စာမေးပွဲကို အောင်အောင်မြင်မြင် ဖြေဖို့ အရင် ကြိုးစားလိုက်ပါဦး။ ဖူးစာမှန်ရင် သိကြားမင်းဖျက်တောင် မပျက်နိုင်ပါဘူး"

"ကျွန်တော် နားလည်ပါတယ်။ ဒါပေမယ့် ကျွန်တော် စိုးရိမ်တာ ပိုးလေးကိုပဲ။ ပိုးလေးစိတ်က သိရခက်တယ်။ သူ့စိတ်ဓာတ်က တစ်မျိုးပဲ။ အနိုင်လိုတတ်သလားလို့"

သျှင်ငြိမ်းရင်ထဲက တိတ်တဆိတ်သောက်ခံလိုက်သည်။ အမှန်တကယ်ပင် ပိုးပြည့်စုံစိတ်ကို သိနေ၍ သူ အဆောင်ပြန်ပြေးခဲ့ရခြင်းဖြစ်သည်။ အချစ်ရေးနှင့် သူ ကြားမဝင်ချင်ပါ။

"ကဲ. . .သွားကြရအောင်။ ဆောရီးပဲ သျှင်ငြိမ်း။ ကျွန်တော်တို့ကြောင့် သျှင်ငြိမ်းရဲ့အဖိုးတန်တဲ့အချိန်တွေ ပဲ့ကုန်ပြီ"

သျှင်ငြိမ်းအကြောင်းကို မနု အဟော်သိထားပုံရသည်။ ပိုးပြည့်စုံပြောထား၍ ဖြစ်နိုင်သည်။

"ရပါတယ် မနုရယ်။ လူဆိုတာ တစ်ယောက်တည်းမှ ရပ်တည်လို့ မရဘာ။ မိတ်ဆွေအပေါင်းအသင်းအတွက်လည်း အချိန်ဆိုတာ ဖဲ့ပေးရမှာပဲပေါ့"

နှစ်ယောက်သား ကော်ဖီဆိုင်ထဲမှ ထွက်ခဲ့လေသည်။ မနုကသူ့အား အဆောင်ဝန်း ကားဝင်၍ရသည့် နေရာအထိ ပို့ပေးခြင်းကို သျှင်ငြိမ်း မငြင်းဆန်တော့ပါချေ။

သူတို့နှစ်ဦး၏လိပ်ပြာက ရှင်းသန့်နေသည်ပဲ။

◆





## အခန်း(၂၄)

ဘွားသီရိ၏စူးရှထက်မြက်သောမျက်ဝန်းဝယ် စူးစမ်းဝိုပ်တို့ထင်ဟပ်နေသည်။

သျှင်ငြိမ်း၌ ဘာမှအမှားအယွင်းမရှိဟု သူကိုယ်သူယုံကြည်သည်။ လိပ်ပြာလည်း သန့်သည်။ ထို့ကြောင့် ဘွားသီရိကို သူရဲဝံ့စွာပင် ရင်ဆိုင်လိုက်သည်။

"ဘွားဘွား လာမယ်ဆိုလို့ ကျွန်မ ဘွားဘွားကြိုက်တတ်တဲ့ ငါးကျည်းကြပ်တိုက်ခြောက်တွေ ရှာဝယ်ပြီး ဘာလာချောင်ကျော်လာခဲ့တာပါ ဘွားဘွား"

ပြောပြောဆိုဆို ဘွားသီရိကို မိုင်လိုပုလင်းလွတ်နှင့် အပြည့်သိပ်ထားသော ငါးကျည်းကြပ်တိုက် ဘာလာချောင်ကျော်ပုလင်းကို ကမ်းပေးပြီး ကန်တော့လိုက်သည်။

ထိုအခါမှ ဘွားသီရိ၏မျက်ဝန်းတောက်ပမှုကို ရပ်သိမ်းကာ

မျက်လွှာချပြီး ဆုတွေ တသီကြီးပေးလေတော့သည်။

ဆုအဆုံး၌

"ခုံပေါ်ထိုင်လေ သမီး"

"ဟုတ်ကဲ့။ မနေ့ကတည်းက ဘွားဘွားကို လိုက်ကြိုချင်တာ။ ဒါပေမယ့် အလုပ်ချိန်တွေနဲ့ တိုက်သွားလို့ပါ"

"ရပါတယ် ဘွားဘွားနားလည်ပါတယ်။ ဒါပေမယ့် နားမလည်နိုင်တာတစ်ခုက ပိုးလေးနဲ့ ခွဲပြီး နေတာကိုပဲ"

"ဒါကတော့ ဘွားဘွားရယ်။ ကျွန်မဘဝကိုက ရုန်းကန်လှုပ်ရှားနေရမယ့် ဇာတာကို ပါလာတာဆိုတော့ စည်းစိမ်အပြည့်နဲ့ နေရတာကိုပဲ မနေတတ်မထိုင်တတ် ဖြစ်နေလို့ပါ။ ဒီအတွက် ကျွန်မကို ခွင့်လွှတ်ပေးပါ ဘွား ဘွား"

"အေးလေ လူတစ်ယောက်ရဲ့လွတ်လပ်ခွင့်နဲ့ ကိုယ်ပိုင်ဆုံးဖြတ်ချက်ကို ဘွားဘွား ဘယ်တားပိုင်ခွင့် ရှိမှာလဲ။ တစ်ခုပဲ ရှိတယ်။ ဘွားဘွားမြေးအတွက် မင်းဟာ အမြဲတမ်း သူငယ်ချင်းကောင်း ဖြစ်နေဖို့ပဲ လိုအပ်ပါတယ်"

"စိတ်ချပါ ဘွားဘွား။ ကျွန်မဟာ စိတ်မပါဘဲနဲ့ လူတစ်ယောက်ကို မပေါင်းသင်းပါဘူး"

သျှင်ငြိမ်း စကားမှားသွားလေပြီ။ ဘွားသီရိက ချက်ချင်းပင်





သူ့စကားကိုနင်းကာ ခြေရာကောက်ပြီး အချက်ကျကျထိုးနှက်လိုက်လေသည်။

"ဒါဖြင့် ဒေါ်နှင်းမြတ်ကိုဆက်ဆံနေရတာကိုကော မင်းစိတ်ထဲ ပါတယ်ပေါ့"

သျှင်ငြိမ်းရင်ထဲ နာကျင်သွားသည်။ တစ်ကောင်ကြွက်တစ်မျက်နှာအပေါ်ထိုးနှက်မှုများက ပြင်းထန်လှချေလား။ အစစအရာရာပြည့်စုံကြွယ်ဝနေသူတို့အတွက်တော့ မာနတရားဆိုတာ ရှိနေပေလိမ့်မည်။ သူ့အတွက်ကတော့ -

"ဒါကတော့ ဘွားဘွားရယ်၊ အလုပ်ရှင်နဲ့ အလုပ်သမားလေ။ သူဟာ ကျွန်မရဲ့အလုပ်ရှင်ဖြစ်သွားပြီပဲ။ ကျေးဇူးတရားကြောင့် မချစ်သော်လည်း အောင့်ကာနမ်းရမှာပဲ"

"ကောင်းပါတယ် ဒီလိုကျေးဇူးသိတတ်သူအတွက် တစ်နေ့နေ့တစ်ချိန်ချိန်မှာ ရလာဒ်ကောင်း ဆိုတာ ရရှိလာမှာပဲ။ ကဲ ဘွားဘွား ဘုရားသွားလိုက်ဦးမယ်"

"ကျွန်မလည်း ပြန်တော့မယ်"

"မပြန်နဲ့ဦးလေ။ ပိုးလေး သူ့အခန်းထဲမှာ ရှိနေတယ်။ သူနဲ့ သွားတွေ့လိုက်ဦး"

"ဟုတ်ကဲ့"

ဘွားသိရိဆွေမျိုးများထဲမှ ကားလာရောက်ခေါ်ကာ သွားလိုရာသို့ ပို့ပေးပုံရသည်။

မာစီတီးတစ်စီး ဆိုက်ရောက်လာပြီး အသက်ငါးဆယ်အရွယ် လင်မယားနှစ်ယောက်ကိုယ်တိုင် ဆင်းကြိုပြီး ဂရုတစိုက် ခေါ်ဆောင်သွားသည်ကို တွေ့လိုက်ရသည်။

သူ အံ့အားသင့်သွားသည်။

ချစ်သူနှင့်ကွေကွင်းရခြင်းဟူသော ဆင်းရဲဒုက္ခအတွက် ပိုးပြည့်စုံ၌ သောကခံစားချက်ဖြင့် ညှိုးနွမ်းနေလိမ့်မည်ဟု။

ယခုတော့

သျှင်ငြိမ်း၏ထင်မြင်ချက်နှင့်မြင်တွေ့ရချက်သည် တက်တက်စင်ကွဲလွဲလျက်ရှိနေသည်။

"လာ မယ်ငြိမ်း။ သဘော်သီးသုတ် စားဦး။ ဘွားဘွား လာတုန်း သဘော်သီးရှမ်းသုတ်စားချင်တယ် ဆိုလို့ ဘွားဘွားကိုယ်တိုင် နှုတ်နဲ့ သုတ်ပေးထားတဲ့အသုတ်လေ"

မျက်နှာပြင်ပေါ်၌ သောကအရေးအကြောင်းက ရေးရေးမျှ မထင်သည့်အပြင် စစ်ပွဲတစ်ခုကို ရင်ဆိုင်ရမည်ကိုပင် ကျေနပ်အားရနေသောစစ်သူကြီး၏အသွင်မျိုး စစ်သွေးကြွနေသည်။

"ရှင် ဘွားဘွားနဲ့ တွေ့လိုက်သေးလား"





"အင်း တွေ့လိုက်တယ်။ ခု အပြင်သွားတယ်"

"ရှင် ကျုပ်တို့အကြောင်း သိပြီးပြီလား"

သျှင်ငြိမ်း လှျပ်တစ်ပြက် စဉ်းစားလိုက်သည်။

ခနနှင့် သူတွေ့ဆုံခဲ့သည့်အကြောင်း ပြောပြသင့်၊ မသင့်။

မှန်ကန်ခြင်းသည် သစ္စာတရားဟု သူခံယူလိုက်သည်။

ထို့ကြောင့်

"အင်း . . . ခန ပြောပြတယ်"

"သူ ဘယ်အတိုင်းအတာအထိ ပြောပြသလဲ"

"လေဆိပ်မှာ ဘွားဘွားနဲ့တွေ့ဆုံပြီး ဘွားဘွားပြောလိုက်တဲ့စကားတွေကိုပေါ့"

"အခြားကော သူ ဘာပိုသိသေးသလဲ"

စိတ်ကျဉ်းကြပ်ဖို့ ကောင်းလိုက်သည့် အဖြစ်။ တရားခံတစ်ဦးကို အစစ်ခံနေရသည့်အနေအထား။ သူမည့်သူ့အပေါ်မှာမှ ဘာကိုမျှ မကောင်းတာ မလုပ်ခဲ့ပါဘဲလျက် -

"သူ့အမေက ဘာမှပြောမပြသေးဘူးတဲ့။ နေစမ်းပါဦး။ ရှင်နဲ့သူ မတွေ့ကြဘူးလား။ တယ်လီဖုန်းနဲ့ဖြစ်ဖြစ်ပေါ့"

"မတွေ့ချင်သေးဘူး"

"ဘွားဘွားက ခွင့်မပြုလို့လား"

"မဟုတ်ဘူး"

"ဒါဖြင့်"

သျှင်ငြိမ်းအတွက် ပိုးပြည့်စုံသည် အသစ်အဆန်းသူငယ်ချင်းတစ်ဦးလိုဖြစ်နေသည်။

အေးစက်မာကြောသောမျက်နှာရိပ်ပေါ်၌ နွေးထွေးသောခံမင်မှု လုံးဝပျောက်ဆုံးလျက်ရှိလေသည်။

"ထောင်ငါးရာအချစ်ဟာ လူ့ဘဝအတွက် အရေးအကြီးဆုံးအစိတ်အပိုင်းလား။ မရှိမဖြစ်လိုအပ်တဲ့ အရာကြီးလား။ ဒါမှမဟုတ်သာယာမှုတစ်ခုအတွက် လိုအပ်ချက်လား"

"မယ်ပိုး"

ပိုးပြည့်စုံကို ရူးသွပ်သွားလေပြီလားဟု သျှင်ငြိမ်း တွေးလိုက်မိပြီး ရုတ်တရက်လန့်သွားသည်။

ပိုးပြည့်စုံက လက်ကာပြကာ

"ကျုပ်ပြောတာ နားထောင်ဦး"

"ကျုပ် ခနကို ဘာအတွက် ချစ်ခဲ့သလဲ။ ကျုပ်စိတ်ထဲ သူနဲ့ ပြောဆိုသွားလာရတာကို သာယာလို့ ကျေနပ်လို့ လက်ခံခဲ့တာ။ ဒါကို အချစ်လို့ သတ်မှတ်နိုင်သလား။ အချစ်ဆိုတာကြီးက လူ့ဘဝကို ဘယ်လို စွမ်းဆောင်နိုင်သလဲ၊ ဒါတွေ ကျုပ် စဉ်းစားနေတဲ့အချိန်မှာ





သူနဲ့တွေ့ဖို့ မလိုအပ်ဘူးလို့ ကျုပ်ထင်တယ်။ ဒါကြောင့် ကျုပ် မတွေ့သေးတာ"

"လူ့လောကကြီး မဆိတ်သုဉ်းဖို့ လူသားတွေမှာ အချစ်ဆိုတဲ့တွန်းအားနဲ့ အိမ်ရာထူထောင်ကြမယ်။ အဲဒီကနေ လူသားမျိုးဆက်သစ်တွေ တစ်ဆက်ပြီးတစ်ဆက် ပေါ်ထွန်းလာမယ်။ ဒါဟာ လူသားသဘာဝတရားတစ်ခုပဲ။ အဲဒါကိုပါ ရှင်ထည့်သွင်းစဉ်းစားမယ် ဆိုရင်အချစ်ဟာလည်း လောကကြီးရဲ့ အရေးပါတဲ့ အစိတ်အပိုင်းတစ်ခုဆိုတာ ရှင် ငြင်းပယ်လို့ မရဘူးနော်"

သူ့စကား အဆုံး၌ ပိုးပြည့်စုံက ဟက်ဟက်ပက်ပက် ရယ်မောလိုက်လေသည်။

"ဟက် ဟား ဟား"

"ရှင် ဘာရယ်တာလဲ"

သူ နေမထိ ထိုင်မသာဖြစ်ကာ မေးခွန်းထုတ်လိုက်လေသည်။

"ရှင့်ကိုလေ ဟင်း···ဟင်း"

"ကျုပ် ဘာဖြစ်လို့လဲ"

"ရှင် ဒီလောက်အထိ လူသားမနသာအကြောင်း သိနေမှတော့ အဲဒီလူသားတာဝန်ကို ရှင် ဘာဖြစ်လို့ ကျေပွန်အောင်မထမ်းဆောင်သလဲ၊ ရှင်ပဲ ထမ်းဆောင်လိုက်ပါလား"

"ရှင်နော်၊ ကျုပ်က ရှင့်အတွက်အကောင်းပြောတာကို။ ကျုပ်ကတော့ ထားပါတော့လေ။ ကျုပ်ကို ချစ်တဲ့သူ၊ ကျုပ်ကလည်း ချစ်နိုင်တဲ့သူ ရှာမတွေ့သေးလို့ပါ"

"တွေ့ရင်ကော"

"တွေ့ရင် နားလည်မှုနဲ့အတူ လက်တွဲရမှာပဲပေါ့"

"တယ်ဟုတ်တဲ့ စာဆိုပါလား"

ပိုးပြည့်စုံ၏အဓိပ္ပာယ်ကို သျှင်ငြိမ်း နားမလည်နိုင်တော့ပေ။

"ရှင်က ကျုပ်အကောင်းပြောတာကို။ ကဲပါ ရှင်နဲ့ကျုပ် မငြင်းချင်ဘူး။ ကျုပ် ဘာအကူအညီပေးရမလဲဆိုတာရယ်၊ နှစ်ဘက်လူကြီးတွေ ဘာဖြစ်ခဲ့တယ်ဆိုတာ ရှင် သိပြီလား"

"မနေက မသိဘူးလား"

"သူ့အမေ ပြောမပြသေးဘူး"

"ကောင်းပြီလေ၊ သူတို့ဘက်က ပြောတာလည်း ရှင် နားထောင်လိုက်ပါ။ ကျုပ်တို့ဘက်က ဘွားဘွားပြောပြချက်အရကတော့ ရန်ကုန်တက္ကသိုလ်မှာ ကျောင်းလာတက်တဲ့ ဖေဖေနဲ့ ဒေါ်နှင်းမြတ်နဲ့ ရည်းစားဖြစ်ကြတယ်။ အဲဒါ ဘွားဘွားကကြားတော့ ဒေါ်နှင်းမြတ်ကို လာကြည့်တယ်။ အင်မတန် အလုကြိုက်တဲ့ဘွားဘွားဟာ ဒေါ်နှင်းမြတ်ရဲ့ ရုပ်ရည်နဲ့ အဆင့်အတန်းကို သဘောမကျဘူး ဖြစ်သွားတယ်"





သျှင်ငြိမ်းရင်ထဲ စာနာတရားလေးတစ်ခု ဖြစ်သွားလေသည်။ ထိုစာနာတရားသည် ကိုယ်ချင်းစာတရား ဖြစ်ပေလိမ့်မည်။ ရုပ်ရည်အားနည်းချက်သည် အပြစ် မဟုတ်သလို၊ ဆင်းရဲခြင်းသည်လည်း အပြစ်တစ်ခု မဟုတ်ပေ။ စည်းကမ်းမဲ့၍ ဆင်းရဲသူ၊ ဘဝအကျိုးပေး၍ ဆင်းရဲသူ နှစ်တန်းစားတော့ ရှိပေလိမ့်မည်။ ဘဝအကျိုးပေးနည်း၍ ဆင်းရဲခြင်းကိုတော့ အပြစ်မမြင်သင့်ဘူးဟု သျှင်ငြိမ်း ထင်သည်။

"ဒီတော့ ဘွားဘွားက ချက်ချင်းပဲ ဖေဖေ့ကို ကျောင်းထုတ်၊ ထပေးစာယူ ဟိုခေတ်တုန်းက စာပေးစာယူပေါ့ဟာ။ အဲဒါပဲ ယူခိုင်းပြီး ဘွဲ့ယူစေတယ်။ အလုပ်ကိုလည်း လွှဲပေးလိုက်တယ်"

"အန်ကယ်လ်က အမေစကား နားထောင်တယ်ပေါ့"

"နားထောင်တယ်လေ။ ဘာဖြစ်လို့လည်း ဆိုတော့ ကျုပ်ဘိုးဘိုးက ဖေဖေ (၁၀)နှစ်သားလောက်ထဲက လေဖြတ်ပြီး ကိုယ်တစ်ပိုင်းသေပြီး အိပ်ရာထဲလဲ့နေတဲ့ နာတာရှည်ရောဂါသည်လေ။ ဘွားဘွားပဲ လုပ်ငန်းနဲ့ မိသားစုကြီးတစ်ခုလုံး ရှာကျွေးခဲ့ရတာဆိုတော့ သားကြီးဖြစ်တဲ့ဖေဖေဟာ ဘွားဘွားစကားကို နားထောင်လိုက်တယ်။ အဲဒါ ဖေဖေ့အမှားလား သူငယ်ချင်း"

"မမှားဘူး အန်ကယ်လ် မမှားဘူး"

"အချိန်တန်တော့ ဘွားဘွားက ကျုပ် မေမေနဲ့ လက်ထပ်

ပေးခဲ့တယ်။ ကျုပ်မေမေက သိပ်ချော သိပ်လှသလို စီးပွားဘက် လည်း ဖြစ်တယ် ရွှေနဲ့မြလိုပဲ အလားသဏ္ဍာန်ညီတယ်"

သျှင်ငြိမ်းရင်ထဲ အတွေးစတစ်ခုတော့ ဝင်လာသည်။

ပိုးပြည့်စုံ၏ဖခင် ဦးပြည့်စုံသည် မီခင် လက်ထပ်ပေးသော ဒေါ်ပန်းမာလာကို ချစ် မချစ် ဆိုသည့် အချက်ပင်။ အဘယ်ကြောင့် ဒေါ်ပန်းမာလာ ကွယ်လွန်ပြီး နှစ်အနည်းငယ်အတွင်း နောက်အိမ် ထောင် ထူထောင်လိုက်သနည်း။

သျှင်ငြိမ်း မသိနိုင်သေးသော အချစ်၌ လျှို့ဝှက်ချက်များစွာ ရှိနေပေလိမ့်မည်။

"အဲ . . .ဖေဖေ့ကို ဘွားဘွား ပြန်ခေါ်သွားပြီး သိပ်မကြာ လိုက်ဘူး။ ဒေါ်နှင်းမြတ်လက်ထပ်လိုက်တဲ့သတင်းကော ဖိတ်စာကော ရခဲ့တယ်။ ဘွားဘွားက သိမ်းထားတုန်းပဲ"

သျှင်ငြိမ်းစိတ်ထဲ၌ အမျှော်အမြင်ကြီးပါပေတယ် ဘွားသီရိ ရယ်။ နောင်လာနောက်သားမျိုးဆက်တွေအတွက် ကိုင်ခြောက်ဖို့ လက် နက်ကောင်း ရသွားတာပေါ့ ဟူ၍ပင်။

"ဇာတ်လမ်းက ဒါပဲ။ ဒါပေမယ့် ဘယ်သူမှားတယ်မှန် တယ် ဆိုတာကို ကျုပ် စဉ်းစားနေသလို၊ ကျုပ် မေကို ဘာကြောင့်ချစ်ခဲ့သ လဲ၊ ခွဲခွာနေခြင်းအတွက် ကျုပ် ဘယ်လို ခံစားရမလဲ၊ ဒါတွေကိုပါ





ကျုပ် စဉ်းစားနေတယ်"

သျှင်ငြိမ်း[illegible] အတွေးမျှင်များ ကူးစက်ရစ်ပတ်လာလေပြီ။

"ကောင်းပြီလေ။ ရှင် တွေးတောလို့ အဖြေ ပေါ်ရင်တော့ ကောင်းပါတယ်။ ရှင်ချတဲ့ ဆုံးဖြတ်ချက်ဟာ မှန်ကန်တဲ့ ဆုံးဖြတ်ချက် တစ်ခု ဖြစ်ပါစေလို့ ကျုပ် ဆုတောင်းပေးတယ်။ ရှင် အကူအညီလို မယ်ဆိုရင် ကူညီပေးပါ့မယ် အချိန်မရွေးတောင်းပါ"

"အင်း"

"ရှေ့အပတ် ဖြေရမယ့် စာမေးပွဲကိုလည်း ခေါင်းထဲ ထည့် ထားဦးနော်"

"ရပါတယ်။ ကျုပ်ဘဝမှာ ဘယ်တော့မှ အရှုံးမရှိစေရဘူး"

"ကောင်းပြီလေ။ ဒီလိုဆို ကျုပ်ပြန်မယ်"

သျှင်ငြိမ်း ပြန်ထွက်ခဲ့လေသည်။

ရင်ထဲ မလေးစမ့် လေးလံလျက်ရှိသည်။

ဦးပြည့်စုံနှင့် ဒေါ်နှင်းမြတ်တို့၏မေတ္တာဇာတ်လမ်းမှာ ရိုးရိုး ကလေး ဖြစ်သည်။ နှစ်ဘက်စလုံး လက်ဖမိုးနှင့် လက်ဖဝါးအမြင်လို ကိုယ့်ဘက်အမြင်နှင့်ကိုယ် မှန်ကန်နေကြလိမ့်မည်ဟု သျှင်ငြိမ်း ယူဆ မိလေသည်။

◆

## အခန်း(၂၅)

"မာမာ ဘာမှ မရှင်းပြချင်ဘူး။ ကိုယ့် ရုပ်အားနည်းချက်အပေါ် ချိုးချိုးဖဲ့ဖဲ့ပြောဆိုနှိမ်ချခံရတဲ့ မာမာ့ရဲ့ခံစားချက်ကို နားလည်မယ်ဆိုရင် မာမာ အရင် အိမ်ထောင်ပြုပြုလိုက်ခြင်းအပေါ် သျှင်ငြိမ်း နားလည်မှာပါ။ ကဲ . . . မာမာ ဘုရားကိုးဆူ သွားမလို့၊ ဆန်နီလည်း ခေါ်သွားမယ်။ သျှင်ငြိမ်းကို သားပဲ လိုက်ပို့လိုက်တော့"

"ဟုတ်ကဲ့"

ခနကိုယ်တိုင် လိုလားစွာပင် ထကာ ကားသော့ ယူလိုက်သဖြင့် သျှင်ငြိမ်း၌ ငြင်းနိုင်သောအခွင့်အား မရှိချေ။

ယနေ့ သောကြာနေ့ဖြစ်ခြင်းကြောင့် သျှင်ငြိမ်းသည် ဘုရားဂြိုလ်တိုင်၌ ရေသပ္ပာယ်ကာ ဆီမီးထွန်းပူဇော်ကာ အရဟံပုတီး (၉) ပတ် စိတ်ခြင်းဟူသော အလုပ်က ရှိနေသည်။





ကားပေါ်တက်မည်လုပ်တော့

"ကျွန်တော်တို့ တစ်နေရာရာသွားရအောင်နော် သျှင်ငြိမ်း"

သျှင်ငြိမ်း အားနာမနေနိုင်တော့

"ကျွန်မကို ရွှေတိဂုံဘုရားပဲ ပို့ပေးခဲ့ပါလား ခန၊ ကျွန်မမှာ အဓိဋ္ဌာန်ဝင်ထားတာရှိနေလို့ပါ"

"ကောင်းပြီလေ။ အဲဒီကို ပို့ပေးမယ်။ အပြန်လည်း စောင့်ခေါ်မယ်။ ကားပေါ်မှာပဲ စကားပြောသွားရအောင်။ ရှေ့မှာ လာထိုင်ပါလား"

ခန၏တောင်းတောင်းပန်ပန်နှင့် လိုက်လျောတောင်းဆိုချက်များကို သျှင်ငြိမ်း မငြင်းရက်တော့။

"ကောင်းပြီလေ"

ခနဖွင့်ပေးသော ရှေ့ခန်း၌ပင် ဝင်ထိုင်လိုက်သည်။

အပြင်သွားရန် ပေါ်တီကိုသို့ထွက်လာသော ဒေါ်နှင်းမြတ်၏ အပြုံးကို သျှင်ငြိမ်းတွေ့လိုက်ရသည်။

"တီချယ် တာ့တာ"

"အေး . . . တာ့တာ"

သျှင်ငြိမ်းက တပည့်ကျော်ဆန်နီကို ပြန်နှုတ်ဆက်လိုက်သည်။

ဒေါ်နှင်းပြွတ်၏ကျေနပ်သောအပြုံး၌ လျှို့ဝှက်မှု ပါနေလေသည်။

ခြံဝန်းထဲမှ ကားအပြင်သို့ရောက်သည်နှင့်

"ကျွန်တော့်ကို ကူညီဦး သျှင်ငြိမ်း"

"ဘာကိုလဲ"

"ပိုးလေး ကျွန်တော့်ကို လုံးဝ အတွေ့မခံဘူး။ ဖုန်းလည်း ဆက်သွယ်လို့ မရဘူး"

နေထံ၌ ပိုးပြည့်စုံနှင့်ပတ်သက်ပြီး သောကရိပ်တို့ကိုတွေ့မြင်နေရတော့ သျှင်ငြိမ်း ပင့်သက်ရှိုက်မိလေသည်။

"သျှင်ငြိမ်း သူ့ဆီ ရောက်တယ် မဟုတ်လား"

"ရောက်ပါတယ်။ သူ့ကို ဘွားဘွားက တွေ့ခွင့်မပေးဘဲ စဉ်းစားထားခိုင်းတယ်"

"စဉ်းစားထားခိုင်းတယ် ဆိုတာ"

"ဘာဖြစ်သင့်သလဲ၊ ဘာလုပ်သင့်သလဲ ဆိုတာပေါ့"

"ကျွန်တော်နဲ့ ဘာမှမတိုင်ပင်ဘဲ သူ တစ်ဘက်သတ် ဆုံးဖြတ်ချက်ချလို့ ရမလား"

"စာမေးပွဲအတွက်ကော စာကျက်ဖြစ်ရဲ့လား နေ"

"ကျွန်တော် ဦးနှောက်ရေးရာနဲ့ နှလုံးသားရေးရာ ရောထွေး





မထားပါဘူး။ ဒါပေမယ့် ချစ်သူဆိုတာ ဆိုးတူကောင်းဘက် တိုင်ပင်ညှိနှိုင်းသင့်တယ်လို့ထင်တယ်။ ခုတော့ သူ့စိတ်သဘောကိုလည်း ကျွန်တော် မသိရတော့ စိတ်ထဲမှာ လိပ်ခဲတည်းလင်းနဲ့ ဘာလုပ်လို့လုပ်ရမှန်းမသိ ဖြစ်နေတယ်"

"စာမေးပွဲဖြေရင်တော့ သူ အပြင်ထွက်လာမှာပါ။ အဲဒီအခါတွေကြပါလား"

"အဲဒီအထိ မစောင့်နိုင်ဘူး။ ကျွန်တော် စာပေးလိုက်မယ် သျှင်ငြိမ်း သွားပို့ပေးပါ"

သျှင်ငြိမ်းအတွက် အခက်တွေ့ရသော်လည်း နေ့ကို သနားသွားသည်။

ပိုးပြည့်စုံနှင့် နေကို ယှဉ်ကြည့်မိသည်။

နေကတော့ အချစ်မီးတောက်လောင်မှုကြောင့် ညှိုးနွမ်းကာ သောကရိပ်တို့ ဖုံးအုပ်ထားသောမျက်နှာနှင့်

ပိုးပြည့်စုံကတော့ ဘာမှ မဖြစ်သလိုပင်။

ဒါ ရင်၌ဖွဲ့တည်သော အချစ်၏ အတိမ်အနက်နှင့် ဆိုင်ပေလိမ့်မည်။

ထို့ကြောင့်

"ဒီအတွက်တော့ စိတ်ချပါ နေ၊ ကျွန်မ စွမ်းဆောင်နိုင်သမျှ

ကို ကျွန်မ ဆောင်ရွက်ပေးပါ့မယ်"

"ကျေးဇူးပဲ သျှင်ငြိမ်း၊ ကျွန်တော့်ဘဝအတွက် ပိုးပြည့်စုံဟာ အရေးပါတဲ့ မိန်းမတစ်ယောက်ပါ။ ကျွန်တော် သူ့ကိုပဲ လက်ထပ်ဖို့ ဆုံးဖြတ်ထားပါတယ်"

"မယ်ပိုးကလည်း ရှင့်လိုပဲ ခံယူချက်ရှိမှာပါ"

သို့နှင့် ရွှေတိဂုံဘုရားမြောက်ဘက်မုခ်သို့ ရောက်လာသည်။

"ကျွန်မကို မစောင့်ပါနဲ့။ ကျွန်မဘာသာ ကျွန်မပဲ ပြန်လိုက်ပါ့မယ်"

"ရပါတယ်။ ကျွန်တော်လည်း ဘုရားမှာ ဆုတောင်းစရာရှိနေတယ်။ ပြီးတော့ ညဘက် သျှင်ငြိမ်းတစ်ယောက်တည်း ပြန်ရတာ မကောင်းပါဘူး"

သျှင်ငြိမ်း မည်သို့ပင် တားဆီးပါစေ၊ ခနကဖော့ သူ့အား လိုက်ပို့ပေးသည်။ သူ ပုတီးစိပ်ခြင်းကိုလည်း စိတ်ရှည်လက်ရှည်ပင် စောင့်ပေးသည်။

ဘုရားရိပ် တရားရိပ်၏ အေးချမ်းမှုကို သူတို့နှစ်ဦး ကြည်နူးစွာခံစားရင်း တဒင်္ဂတော့ သောကတို့ လွင့်ပြယ်သွားလေတော့သည်။

ထိုနေ့ အဆောင်ကို ကိုးနာရီမှ ပြန်ရောက်လေသည်။

မမစန္ဒီနှင့် တိုးသဖြင့်





"နောက်ကျလှချည်လား သျှင်ငြိမ်း၊ ခနနော် မင်း ငါ့ညီမကို ဒီအချိန်အထိ ညှင်းထားတာတော့ လွန်တာပေါ့"

မမစန္ဒီစကားက အမြီးမလွတ် အမောက်မလွတ် ဖြစ်ရလေရာ သျှင်ငြိမ်းမျက်နှာထူပူသွားသကဲ့သို့ ခနမျက်နှာလည်း နီရဲသွားပြီး

"မဟုတ်ရပါဘူးဗျာ"

"ဘာ မဟုတ်ရတာလဲ၊ မင်းတူလေး ဆန်နီကို စာသင်ပေးနေတာ မဟုတ်လား"

"ဟုတ်ပါတယ်"

"အေးလေ ဒီအချိန်ထိ သင်နိုင်းရသလား"

"မဟုတ်ပါဘူး ကျွန်မ ဘုရားသွားလို့ လိုက်ပို့ပေးနေတာပါ"

သျှင်ငြိမ်းက ကြားလျှင် စကားတွေ ပို၍ရှုပ်ကုန်မှာ စိုးသဖြင့် ကြားဖြတ်ဖြေလိုက်ရသည်။

"ဪ . . . ဒီလိုလား"

"ကျွန်တော် သွားမယ် ဆရာမ"

"အေး . . . အေး"

ခနကား ပြန်ထွက်သွားမှ သျှင်ငြိမ်း ခြံဝန်းတံခါးကို ပြန်မပေးရင်း

"ခနနဲ့ ကျွန်မက ရိုးရိုးသားသားပါ မမစန္ဒီ"

"ဘယ်သူက မရိုးသားဘူး ပြောနေလို့လဲ။ ဒါပေမယ့် စကား တစ်ခုတော့ ရှိတယ်နော်။ ကျော်တော့ လေ့သူကြီး၊ ညားတော့ လေ့ထိုး သား ဆိုတာလေ။ အဲဒီလို ဖြစ်သွားတော့လည်း တစ်မျိုးကောင်းတာ ပါပဲ"

"ဩော် . . မစန္ဒီကလဲ ကျွန်မ မမလိုပဲ အပျိုကြီးလုပ်မှာ။ နောက်ပြီး သူများအချစ်ရေးမှာ ဘယ်တော့မှ စီလိန်ဝင်မလုပ်ဘူး"

"အေး . . အေး . . ပြောသေးတာပေါ့ ကြည့်ကြသေးတာပေါ့ လေ"

သျှင်ငြိမ်း မမစန္ဒီကို တုံ့ပြန်မပြောတော့ဘဲ အခဆောင်ထဲသို့ ဝင် ခဲ့လေသည်။ စိတ်ထဲမှာ ကသိကအောင့်ဖြစ်လျက်တော့ ရှိသည်။ သူငယ်ချင်းအပေါ် ဘယ်တော့မှ သစ္စာမဖောက်။ သူ့သစ္စာတရားကို သူယုံကြည်လေသည်။ ထို့အတူ ခနေ၏အချစ်က ပိုးပြည့်စုံအပေါ် အ လေးအနက်ရှိသည်။ တော်ရုံပြဿနာလောက်နှင့်စိတ်ပျက်ကာ သစ္စာ ဖောက်လိမ့်မည်မဟုတ်ဟု သူယုံကြည်လေသည်။

သူ၏အဆောင်ခန်းလေးထဲရောက်သည်နှင့် အလုပ်နှင့် စာ ကျက်ခြင်းကို ဇယ်ဆက်သလိုလုပ်လိုက်လေသည်။

သို့တိုင်အောင် ခနေ၏ ချောမောခန့်ငြားပြီး ယောကျ်ားပီသ သောရုပ်ရည်နှင့် ပြောဆိုပုံ သူ့အပေါ် ညှာတာဂရုစိုက်မှုကို ပြန်မြင်





ယောင်မိလေသည်။

ခေါင်းကို ခါရမ်းပြီး

"ငါ မဟုတ်သေးပါဘူး။ ငါ့ဘဝမှာ ယောကျ်ားကလေး တစ် ယောက်အတွက် နေရာပေးစရာမ ရှိဘူး"

သူ့ကိုယ်သူ ခုံးမပြီး စာထဲ၌ အာရုံ မနည်းစူးစိုက်နစ်မြုပ် လိုက်ရလေသည်။

◆

## အခန်း(၂၆)

ပိုးပြည့်စုံ၏ မျက်နှာပြင်ပေါ်၌ ခနဲ့ပြုံး မဲ့ပြုံးများကိုသာ တွေ့လိုက်ရလေသည်။

စာအဆုံး၌ သူ့ကို စေ့စေ့ကြည့်ကာ

"ရှင့်ရဲ့ကျေးဇူးရှိနေလို့ ကျုပ် ဒီစာကိုလက်ခံလိုက်တာ။ ဘွားဘွားသာ သိရင် ရှင့်ကို ခွင့်လွှတ်မှာ မဟုတ်ဘူး"

သျှင်ငြိမ်း ကသိကအောင့်နှင့် ခံရခက်သွားလေသည်။

"ရော့ ရှင် ဖတ်ကြည့်ပြီး ရှင်ပဲ ပြန်ယူသွားလိုက်ပါ"

"ရှင် သူ့ကို တစ်ခုခု အကြောင်းမပြန်ဘူးလား"

သျှင်ငြိမ်းသည် ပိုးပြည့်စုံကမ်းပေးသောစာကို ယူကာ စာအိတ်ထဲ ပြန်ထည့်လိုက်သည်။

ဤသည်ကို စိတ်ဝင်စားသွားဟန်တူသော ပိုးပြည့်စုံက သူ့မေးခွန်းကို အဖြေပေးသေးဘဲ သူ့အား မေးခွန်းပြန်ထုတ်လေသည်။

"ရှင် တကယ်ပဲ သူ့စာ မဖတ်ဘူးလား"





"ရှင်တို့နှစ်ယောက်တည်းပဲ ဖတ်သင့်တဲ့စာပဲလေ။ ရှင် သိမ်းမထားနိုင်ဘူးဆိုတော့ သူ့ကို ပြန်ပေးရုံပဲပေါ့"

ပိုးပြည့်စုံ သက်ပြင်းတစ်ချက်ချလိုက်သံကို သူ ကြားလိုက်ရသည်။

"ပြောလိုက်ပါ။ စာမေးပွဲဖြေပြီးရင် လူကြီးစုံရာနဲ့ လာစေ့စပ်ပါလို့။ နှစ်ယောက်ချင်းတွေ့ဖို့ကိုတော့ မကြိုးစားပါနဲ့လို့သာ ပြောလိုက်ပါ"

ချစ်သူနှင့်ကွေကွင်းရခြင်း ဟူသော ဒုက္ခဆင်းရဲကို ခံစားရပုံမရသော ပိုးပြည့်စုံကို သူ အရဲစွန့်ကာ တစ်ခွန်းမေးလိုက်မိလေသည်။

"ရှင့်ပုံ ကြည့်ရတာ အေးတိအေးစက်နဲ့။ ရှင် ဓနကိုကော တကယ်ချစ်တာမှ ဟုတ်ရဲ့လား"

"အဟင်း…ဟင်း…ကျုပ်ပုံက သူ့ကို မချစ်တဲ့ပုံပေါက်နေလို့လား"

"မပြောတတ်ပါဘူးဟယ်။ ဓနကတော့ ရှင့်ငိုကို မဟုတ်ဘူး။ ညှင်းသိုးသိုးနဲ့ မျက်ဆန်ချောင်နဲ့ တကယ့်ကို သောကရောက်နေတဲ့ပုံပေါက်တယ်"

"ဟုတ်လား။ အဲဒါ ယောကျ်ားမာယာပဲ ဖြစ်မှာပါ"

သျှင်ငြိမ်း၌ ပြောစရာစကားမရှိသလိုခံစားလိုက်ရလေသည်။

"ရှင် ဘွားဘွားစကားကို လိုက်နာမယ်ပေါ့"

"မှန်အောင်။ ကျုပ်ဟာ တစ်ကောင်ကြွက်မှ မဟုတ်တာ။ မိဘဆွေမျိုးအသိုင်းအဝိုင်းရှိတဲ့ ကျုပ်ကို မိဘဆွေမျိုး အသိုင်းအဝိုင်း ရှိတဲ့ နေတို့ဘက်က လာတောင်းရမ်းလက်ဆပ်ယူရမယ်။ ဒီ ထုံးတမ်း အစဉ်အလာကောင်း တစ်ခုပဲ။ ဒါကို သူတို့ လိုက်နာရမယ်။ ဒီလိုဆို ကျုပ်တို့ရဲ့အနာဂတ်အရေး ဘာမှအနှောက်အယှက်မရှိပါဘူး။ ရှင် နားလည်ရဲ့လားဟင်"

ပိုးပြည့်စုံ၏နောက်ဆုံးမေးခွန်းက သူ့ရင်ကို ထိရှနာကြင်စေသည်။ အားနည်းချက်ရှိသော သူ့အပေါ်ကို အချစ်ဆုံးသူငယ်ချင်းက ထိုးနှက်လိုက်ခြင်းကို သူ ယူကျုံးမရ ခံစားလိုက်ရလေသည်။

သို့သော် ဒီထက်မက ခံစားခဲ့ရသော ဒုက္ခတွေကို ကြုံတွေ့ခဲ့ရ သူပီပီ တုန်လှုပ်မှုကို ထိန်းချုပ်လိုက်ပြီး

"နားလည်ပါတယ်။ ရှင့်စကားအတိုင်းပဲ ကျုပ် သူ့ကို ပြောပြလိုက်ပါ့မယ်။ ကိုင်း ... ကျုပ်ပြန်မယ်"

"နေဦးလေ။ ကားပြန်လာရင် ပြန်ပို့ခိုင်းလိုက်မယ်"

"ရပါတယ်။ သဘက်ခါ စာမေးပွဲလေ။ အချိန်တွေဟာ စက္ကန့်နဲ့အမျှ တန်ဖိုးရှိနေတယ် ပြန်မယ်ကွာ"

သျှင်ငြိမ်း ပြန်ခဲ့လေသည်။





ပိုးပြည့်စုံ သူ့အပေါ် ဆက်ဆံရေးသည် အေးစက်နေသည် ဟု သူ့အတွေးအလျှောက်ခံစားလိုက်ရလေသည်။

အချစ်ဟူသောအရာသည် ကာယကံရှင်နှစ်ဦးစလုံးက ပတ်ဝန်းကျင်သို့ပါ ကူးစက်ရိုက်ခတ်တတ်လေသည် ထင်ပါသည်။

သျှင်ငြိမ်းခြေလှမ်းတို့သည် လေးလံနေသည်။ ခြံထဲသို့ ဝင်လာသောကားတစ်စီးကြောင့် သျှင်ငြိမ်း ရှောင်ပေးလိုက်စဉ်

"သမီး သျှင်ငြိမ်း"

ရင်းနှီးသောခေါ်သံကြောင့် သျှင်ငြိမ်း ကားထဲသို့ လှမ်းကြည့်လိုက် သည်။

ဦးပြည့်စုံ

"ဟာ ... အန်ကယ်လ် ဘယ်တုန်းက ရောက်နေတာလဲ"

"အခုပဲလေ။ သမီး ဘယ်သွားမလို့လဲ"

ဦးပြည့်စုံသည် သူ့အပေါ် ဒ ပြောင်းအလွဲမရှိ။ နွေးထွေးနေဆဲဖြစ်သည်။

"ပြန်တော့မလို့ပါ အန်ကယ်ယ်"

သူ့စကားအဆုံး၌ ဦးပြည့်စုံ အံ့အားသင့်သွားပုံရသည်။

"ဟင် ဒီမှာ မနေဘူးလား"

"ကျုပ်ရှင်တွေနဲ့ ဝေးလို့ပါ အန်ကယ်လ်၊ အဆောင်မှာပဲ အ

ဆင်ပြေလို့"

"အန်ကယ်လ်ကို ပြောရောပေါ့။ ကားစီစဉ်ပေးမှာပေါ့"

"ရပါတယ် အန်ကယ်လ်၊ ဒီလိုပဲ နေသားကျနေပါပြီ၊ သမီးကို ခွင့်ပြုပါဦး"

ဖခင်က ငယ်စဉ်ကတည်းက ဆုံးပါးသွားသဖြင့် ဖခင်မေတ္တာ ငတ်မွတ်ခဲ့သောသူ့အတွက် ဦးပြည့်စုံထံမှ နွေးထွေးသောမေတ္တာ ရရှိခဲ့ခြင်းအတွက် သူ ဘယ်တော့မှ မေ့ပျောက်၍ ရနိုင်လိမ့်မည် မဟုတ်ချေ။

"နေဦးလေ သမီး၊ အန်ကယ်လ်ဆင်းပြီး ပစ္စည်းတွေချပြီးရင် ဒရိုင်ဘာကို လိုက်ပို့ခိုင်းလိုက်မယ်"

"ရပါတယ် အန်ကယ်လ်၊ ကျူရှင်အိမ်ဝင်ရဦးမှာမို့လို့ပါ။ သမီး မနက်ဖြန်မှ လာတွေ့ပါဦးမယ်"

"မလာနဲ့သမီး၊ အန်ကယ်လ် မနက်ဖြန်မနက် သမီးကို လာတွေ့ဦးမယ်၊ ကဲ . . . ကဲ . . . သွား သွား မိုးချုပ်နေဦးမယ်"

သျှင်ငြိမ်း ဦးပြည့်စုံထံမှခွင့်ပြုချက်ရသည်နှင့်ပြန်ခဲ့လေသည်။ စိတ်ထဲ မကြည်လင်မှုများကြောင့် တက္ကစီတစ်စီးလှမ်းတားကာ ပြန်ခဲ့လေသည်။

အဆောင်ရောက်တော့ ညှိုသည်တစ်ဦး အဆင်သင့်စောင့်





နေသည်။

မနုကြိုင်လျှမ်း၊

ကြိုက်မရှက် ငိုက်မရှက် ဖြစ်နေရှာသော မနုကို ကရုဏာ သက်စွာပင် လှမ်းကြည့်ပြီး အားပေးပြုံးပြုံးကာ

"ရောက်နေတာ ကြာပြီလား မနု"

"ဆိုပါတော့ ဆရာမနဲ့ စကားပြောရင်း စောင့်နေတာ"

"ကဲ သျှင်ငြိမ်း လာပြီဆိုတော့ ပင်းတို့ချင်း ပြောကြတော့"

မမစန္ဒီက ရှောင်ထွက်သွားလေသည်။

သူ မဟာန်တားမိတော့။ မနုနှင့် သူ ရှိသားကြောင်းကိုဖည်း ရှင်းပြမနေချင်တော့။ အရေးကြီးသည်က မနုအတွက် ဖြေသိမ့်မှုတစ်ခု ခုပေးချင်သည်။

ပိုးပြည့်စုံ ပြန်ပေးလိုက်သောစာနှင့် အားပေးရာ မကျောင်သော ပိုးပြည့်စုံ၏တုံ့ပြန်ချက်ကို မနု နားဝင်သက်သာစေရန် မည်သို့ ပြောကြားပေးရမည်ကိုသာ အပြေးအလွှား ဦးနှောက်သုံးလိုက်သည်။

"ဘယ်လိုလဲ သျှင်ငြိမ်း၊ သူ ဘာပြောလိုက်သလဲ၊ ဘာပေး လိုက်သလဲ၊ သူနဲ့ကော တွေ့ခဲ့ရဲ့လား"

"တွေ့ပါတယ်။ သူဘက်ကတော့ မနုအပေါ်မှာ မေတ္တာလုံးဝ မပျက်ပြယ်ပါဘူး။ ဒါကြောင့် ကျွန်မကို မှာလိုက်ပါတယ်"

စိတ်ပင်ပန်းကြီးစွာဖြင့် သတိထားဖြေရလေသည်။

"ဘာ…ဘာတဲ့ခမ်း ပြောပါ သျှင်ငြိမ်း၊ ကျွန်တော့်ရင်ထဲမှာ၊ တောက်နေပြီ၊ ကျွန်တော့်တစ်သက်မှာမခံစားဖူးတဲ့ ခံစားမှုတွေကြောင့် ပိ တောက်နေပြီ"

"ခနမိဘတွေဘက်ကကျေနပ်တယ်ဆိုရင် လူကြီးစုံရာနဲ့လာ စေ့စပ်ပါတဲ့။ သူ့ဘက်က အဆင်သ…"

ခနု မျက်နှာပျက်သွားလေသည်။

မဖြစ်နိုင်သောအနေအထားကို တောင်းဆိုလိုက်သော ပိုး ပြည့်စုံကြောင့် စိတ်ဓာတ်အကြီးအကျယ်ကျဆင်းသွားရလေသည်။

ခနမိဘများက ဘယ်နည်းနဲ့မှ သဘောတူလိမ့်မည်မဟုတ် ကြောင်း သူကိုယ်တိုင်သိနေခြင်းကြောင့် သျှင်ငြိမ်းရင်သို့ပင် ခန၏ သာကမီးအပူလာဟပ်၍ ပူလောင်ခြင်းဖြစ်ပါလေသည်။

"ကျွန်တော် ဘာဆက်လုပ်ရမလဲ"

"ကြီးမေကိုပဲ ဖွင့်ပြောလိုက်ပါ"

"မေမေက ရမယ် မထင်ဘူး"

"ခန ဘာလုပ်ချင်သလဲ"

"ကျွန်တော့်ဆန္ဒ စာထဲမှာ ထည့်ရေးထားပါလျက်နဲ့ သူက ဘာဖြစ်လို့ ဒီစကားပြောရသလဲဆိုတာ စဉ်းစားလို့ မရဘူး"





စာဆိုမှ ခနကို ပြန်ပေးရမည့်စာကို သတိရပြီး

"သူမှာ ရှင့်စာကိုတောင် ရဲရဲတင်းတင်းမဖတ်ရဲဘူး။ သိမ်းထား လို့ မဖြစ်သို့ထင်တယ်။ ကျွန်မကို ပြန်ပေးခိုင်းလိုက်တယ်"

"ကျွန်တော် နားလည်သွားပါပြီ"

ခနက သျှင်ငြိမ်းအား အားနည်းသောမျက်လုံးနှင့် ကြည့်ကာ ခပ်လေးလေးပင် ပြောလိုက်ပြီး သျှင်ငြိမ်းကမ်းပေးသောစာကိုပင် လှမ်း မယူတော့ဘဲ

"သျှင်ငြိမ်းပဲ သိမ်းထားလိုက်ပါတော့။ ကျွန်တော်ပြန်တော့ မယ်။ ကျွန်တော် ဘာဆက်လုပ်ရဦးမယ်ဆိုတာကို စဉ်းစားလိုက်ပါဦး မယ်"

"ဩော်…စာမေးပွဲဖြေပြီး နောက်ပိုင်းမှ လာစေ့စပ်ပါတဲ့။ ဒီကြားထဲ စာထဲ အာရုံနှစ်ထားပြီး အေးအေးဆေးဆေးဖြေပါလို့လည်း မှာလိုက်သေးတယ်"

ခနက မချိပြုံးနှင့် ပြုံးကာ ခေါင်းညိတ်ပြီး

"သျှင်ငြိမ်း ကျွန်တော့်စာကို ဖတ်မိလား"

"ပေးဖတ်ပါတယ်။ ကျွန်မ မဖတ်ရသေးဘူး"

"ဖတ်လိုက်ပါ။ ကျွန်တော် စွမ်းဆောင်နိုင်ဆုံးကိစ္စကို အဖွင့်မ်း ကုန် ဖွင့်ဟရေးထားပြီးပါပြီ။ ကိုင်း သွားပြီ"

စကားအဆုံး နှုတ်ဆက်ပြီးထွက်သွားသော မနေနောက်ကျော
ပြင်ကိုကြည့်ပြီး ရင်ထဲ နင့်ကနဲ ခံစားလိုက်ရလေသည်။

သို့သော် ချက်ချင်းပင် ထိုသနားစိတ်ကို ဖျောက်ဖျက်ပစ်ပြီး
အခန်းရှိရာသို့ လျှောက်လှမ်းစဉ်

"အဲဒါပေါ့။ အောင်သွယ်နဲ့ ညားတတ်တဲ့အဖြစ်မျိုး"

"ကျော်တော့ လေ့သူကြီး၊ ညားတော့ လေ့ထိုးသား ဆိုသလို
မျိုးပေါ့နော်"

"ဒါပေါ့၊ အရင်တုန်းကလည်း အိုင်တီအစ်၊ အခုလည်း အိုင်
တီ အစ်ပေါ့ ဟင်း....ဟင်း"

သျှင်ငြိမ်း ဖြတ်သွားတာကို သိလျက်နှင့်ပင် တမင် ကြား
အောင်ပြောဆိုခြင်းဖြစ်မည်ကို သူ အတပ်သိသည်။

ဒီလောက်ကတော့ သျှင်ငြိမ်းအတွက် အရေးမကြီးပေ။ ထု
သားပေသား ရနေပြီ ဖြစ်ခြင်းကြောင့် တုံ့ပြန်မှုမပေးဘဲ ကိုယ့်အခန်း
ကိုဝင်ကာ ကုတင်ပေါ် ကျောဆန့်လိုက်သည်။

အလျင်စလိုလုပ်ချင်နေသော အလုပ်ကို လုပ်လိုက်ရလေ
သည်။

မနေစာကို ထုတ်ဖတ်လိုက်ရခြင်းပင်။

◆





## အခန်း(၂၇)

ပိုးလေး

ချစ်သူနဲ့ ခဏတာ ကွေကွင်းရခြင်း ဆိုတဲ့ ဒုက္ခဆင်းရဲကို
တောင် မောင် မခံစားနိုင်တော့ဘူး။ တစ်သက်တာအရေးကို မောင်
ယောင်လို့တောင် မစဉ်းစားရဲဘူး။

မောင့်ကိုယ်မောင်လည်း အံ့ဩမိပါတယ်။ မောင့်အသည်း
ဟာ သံမဏိလိုမာခဲ့မယ်လို့ထင်ထားခဲ့ပြီး မိန်းမချောလေးတွေ တစ်
ယောက်ပြီး တစ်ယောက် လက်တွဲ လေ့လာပြီး ချစ်သူ ရွေးချယ်ခဲ့
တယ်။ ဒါပေမယ့် ပိုးလေးကို မောင် ဒီလောက်အထိ ချစ်နိုင်ခဲ့လိမ့်
မယ်လို့ မထင်ခဲ့မိတာ အမှန်ပဲ။

ခွဲခွာနေရမှ ချစ်ခြင်းရဲ့တန်ဖိုးကို သိလာတယ်။

မာမာနဲ့ ပါပါကို တောင်းပန်ပြီး ပိုးလေးကို တောင်းပေးဖို့
အတွက် မောင် အစွမ်းကုန်ကြိုးပမ်းခဲ့ပြီးပါပြီ။

မာမာရဲ့နာကြည်းချက်။ ဘွားသီရိနှုတ်က ကြိုက်စရာ ရှား လို့ သားရယ်၊ ကိုယ်နဲ့ ဂုဏ်ခြင်း ခြားနားရတဲ့အထဲ အကျည်းတန်တဲ့ မိန်းမကိုမှ ရွေးချယ်ရလောက်အောင် မင်း မျက်စိများကန်းနေသလား တဲ့လေ။ မာမာဟာ သိပ်ကို နာကြည်းခဲ့ပါတယ်။ ရုပ်ရည်အားနည်း ချက်ရှိသူအပေါ် ဒီလောက် ချိုးချိုးဖဲ့ဖဲ့နှိမ်ချမပြောဆိုသင့်ဘူး။

ဒါကြောင့် မာမာဟာ ပါပါ့ကို တမင်လက်ထပ်ယူပြီး ဘွား သီရိကို စိန်ခေါ်ပြလိုက်တာပဲ။

မာမာအကြောင်းတွေ ပါပါသိတယ်။

ပါပါနဲ့ မာမာဟာ ငယ်သူငယ်ချင်း၊ ရုပ်ချွေရုပ်မျိုးတွေ ဆို တဲ့ သံယောဇဉ်နဲ့ ပါပါက မာမာ့အပေါ် ခွင့်လွှတ်လိုက်ရှေ့လျှောခြင်းတွေ နဲ့ သစ္စာမြဲမြဲခဲ့တယ်။ ခုလည်း မာမာ့ဆန္ဒဟာ ပါပါ့ဆန္ဒဖြစ်လို့ အဓိက ကျတဲ့မာမာ့ကို မောင် စည်းရုံးနေရတယ်။

မရတဲ့အဆုံးတော့ မောင့် ရွေးချယ်မှုဟာ ပိုးလေးပဲ။

မောင် ယောကျ်ားပါ ပိုးလေး။ ပိုးလေးကို မောင် တဲကုပ်မှာ တော့ မထားဘူး။ ထမင်းရည်လည်း မသောက်နိုင်းပါဘူး။ မောင့်အစွမ်း မောင့်လုံ့လနဲ့မောင် ပိုးလေးမိဘထက် မနိမ့်ကျတဲ့အဆင့်မျိုး ထားနိုင် အောင် ကြိုးစားမှာပါ။

ဒီအတွက် တစ်ခုတည်းသောတွန်းအားက ပိုးလေးရဲ့ အချစ်





နဲ့ သစ္စာပါပဲ။ မောင့်ဘက်က ပိုးလေး ထာဝရ ရပ်တည်ပေးမယ်ဆို ရင် မောင် ဘာကိုပဲ စွန့်လွှတ်ရ စွန့်လွှတ်ရ စွန့်လွှတ်ပါ့မယ်။ အချစ်သူ ရဲ့ကောင်းဘွဲ့ကို မောင် မခံယူပါဘူး။ ယောကျ်ားကောင်းတစ်ယောက် ရဲ့လုံ့လနဲ့သစ္စာတရားကတော့ မောင့်မှာ ထာဝရတည်နေမှာပါ။

ဒါ မောင့်ဆန္ဒပါ။ ပိုးလေးဖြစ်ချင်တာကိုပြောပါ။ မောင် ပိုး လေးနဲ့တွေ့ဆုံမေးမြန်းချင်ပါတယ်။ လောလောဆယ် တွေ့ဆုံခွင့်ပေး ပါဦး။

အလွမ်းများစွာနဲ့
မောင် (ခနု)

စာအဆုံး၌ ရင်မှာ နာကျင်နေမှုကို သတိပြုမိလိုက်လေသည်။ ခနုကို ကရုဏာသက်ခြင်းနှင့် အတူ လေးစားမှုပါ ဖြစ်သွား လေသည်။

ပိုးပြည့်စုံ၏အတ္တချွတ္တကို သူ မသိနိုင်သော်လည်း ခနု၏အတွင်း မနောကိုတော့ သူသိရှိလိုက်ရလေသည်။

အားကိုးလောက်သည့် ယောကျ်ားတစ်ယောက်ဟု။

သက်ပြင်းချကာ စာကို သေချာစွာသိမ်းဆည်းလိုက်ပြီး နှုဖူး ပေါ် လက်တင်ကာ စဉ်းစားခန်း ဝင်လိုက်လေသည်။

သူ ဘာလုပ်ပေးသင့်သလဲ။

အဖြေမရပေ။

နောက်ဆုံးအဖြေက ဒေါ်နှင်းမြတ်နှင့် တွေ့ဆုံ စကားပြော

ရန်ဟုသာ . . .။





## အခန်း(၂၈)

ဒေါ်နှင်းမြတ်ကတော့ အေးဆေးတည်ငြိမ်စွာပင်။

"သား ပြောပါတယ်။ စာမေးပွဲပြီးရင် လိုက်တောင်းဖို့ တဲ့။ မာမာ မ ယုံဘူး သမီး"

"ဘာဖြစ်လို့လဲ ကြီးမေ"

"ပိုးပြည့်စုံ ကြီးမေကို ကြည့်လိုက်တဲ့မျက်လုံးထဲမှာ အနိုင်ယူလိုမှုတွေနဲ့ အာဃာတနဲ့အငြိုးအတေးတွေဟာ နက်ရှိုင်းစွာပေါ်လွင်နေတယ်။ သူဟာ လွယ်လွယ်ကူကူနဲ့ အရှုံးပေးမယ့် မိန်းမစားလေး မဟုတ်ဘူးလို့ မာမာ ထင်တယ်"

သျှင်ငြိမ်းရင်ထဲ ကျောင်းနေစဉ်က ကာလကို သတိရလိုက်မိသည်။ ရန်ဖြစ်သော သူငယ်ချင်းတစ်ယောက်ကို တစ်ဘက်က ပြန်ခေါ်ခြင်းကိုပင် လက်မခံဘဲ ယနေ့ထက်တိုင် မခေါ်ခြင်းမျိုးက ရှိနေသည်။

ယခုထက်ထိ ဖခင်ကို စကားမပြော။ ထို့ကြောင့် ဦးပြည့်စုံနှင့် သူ ရင်းနှီးသွားရခြင်းဖြစ်သည်။ ဦးပြည့်စုံက သမီးကိုတွေ့ချင်၍ လာ သည်။ သမီးက ထွက်မတွေ့သောအခါ သူက သမီးကိုယ်စား တွေ့ ခွင့်ပေးရင်း တစ်ဆင့်ခံ ပြောပေးနေရသည့်အဖြစ်ပင်။

"သမီး ဘာတွေနေတာလဲ"

"ကျွန်မ ကြီးမေ ပြောတာကို နားမလည်နိုင်လို့ပါ"

"ဒီလိုလေ သမီး၊ လူကြီးစုံရာနဲ့ သွားပါပြီတဲ့။ သူတို့ဘက်က ငြင်းလွှတ်လိုက်တာတို့၊ ရိုင်းရိုင်းစိုင်းစိုင်း ပြောဆိုလွှတ်လိုက်တာတို့ဆို ရင် ဘယ်လိုလုပ်မလဲ၊ သမီး တာဝန်ယူရဲလား"

သျှင်ငြိမ်း တွန့်ခနဲ ဖြစ်သွားသည်။

သူ တာဝန်ယူရဲသလားတဲ့။

ပိုးပြည့်စုံ၏ခေါင်းမာမှုကိုသိနေသော သူ့အတွက် တာဝန်ယူ ရသလား။

သူ ခေါင်းငုံ့ကာ နေလိုက်သည်။

သူ၏ဆိတ်ဆိတ်နေမှုသည် ဝန်ခံခြင်းကို ရောက်ရှိသွားလေ သည်။

"သမီး သူငယ်ချင်းအကြောင်းလည်း သမီးသိမှာပါ။ ဒေါ်သီရိ ဟာ နောင်တ တကယ်ရရှိခဲ့တယ်ဆိုရင် သူ တို့များကို လာတောင်း





ပန်သင့်တယ်။ တို့များဘက်က ဘာအမှားမှ မကျူးလွန်ခဲ့ပါဘူး။ ရုပ် ရည်အားနည်းချက်ဟာ အပြစ်တစ်ခု မဟုတ်ပါဘူးကွယ်"

ကိုယ်ချင်းစာနာတတ်ရားဖြင့် သျှင်ငြိမ်း ခေါင်းညိတ်မိလျက် သားဖြစ်သွားလေသည်။

"ကျွန်မမှာ ပြောစရာစကားတစ်ခုရှိပါတယ် ကြီးမေ။ တကယ် လို့ ကျွန်မစကားကြောင့် ကြီးမေ စိတ်ဆိုးသွားမယ်၊ ဒေါသဖြစ်ရမယ် ဆိုရင် ကျွန်မ နားမလည်မှု မသိတတ်မှုအတွက် ခွင့်လွှတ်ပေးပါလို့ ကြိုတင်တောင်းပန်ပါရစေ"

သျှင်ငြိမ်း အတော်ပင် စိတ်လှုပ်ရှားနေသည်။ အရာရာကို ခေါင်းအေးအေး ထား၊ သွေးအေးအေး ထားပြီး ရင်ဆိုင်နိုင်ခဲ့ပါလျက် ဤကိစ္စတွင် ကြားဝင်ရသည်မှာ အင်မတန်မှ ခက်ခဲ ပင်ပန်းလွန်းလှ လေသည်။

ဒေါ်နှင်းမြတ်၏စူးရှထက်မြက်သောမျက်လုံးက သူ့အားအကဲ ခတ်လျက်ရှိပြီး

"အရှယ်က စကားပြောလာလို့လားတော့ မသိပါဘူး။ မာန် မယ်တွေက ကျိုးသွားပါပြီ။ ပြောပါ သမီး။ မာမာ ဒေါသကို ထိန်းနိုင်ပါ ပြီ"

"အန်ကယ်လ်ဦးပြည့်စုံက မှာလိုက်ပါတယ်။ ခွင့်ပြုမယ်ဆို

ယခုထက်ထိ ဖခင်ကို စကားမပြော။ ထို့ကြောင့် ဦးပြည့်စုံနှင့် သူ ရင်းနှီးသွားရခြင်းဖြစ်သည်။ ဦးပြည့်စုံက သမီးကိုတွေ့ချင်၍ လာသည်။ သမီးက ထွက်မတွေ့သောအခါ သူက သမီးကိုယ်စား တွေ့ခွင့်ပေးရင်း တစ်ဆင့်ခံ ပြောပေးနေရသည့်အဖြစ်ပင်။

"သမီး ဘာတွေနေတာလဲ"

"ကျွန်မ ကြီးမေ ပြောတာကို နားမလည်နိုင်လို့ပါ"

"ဒီလိုလေ သမီး၊ လူကြီးစုံရာနဲ့ သွားပါပြီတဲ့။ သူတို့ဘက်က ငြင်းလွှတ်လိုက်တာတို့၊ ရိုင်းရိုင်းစိုင်းစိုင်း ပြောဆိုလွှတ်လိုက်တာတို့ဆိုရင် ဘယ်လိုလုပ်မလဲ၊ သမီး တာဝန်ယူရဲလား"

သျှင်ငြိမ်း တွန့်ခနဲ ဖြစ်သွားသည်။

သူ တာဝန်ယူရဲသလားတဲ့။

ပိုးပြည့်စုံ၏ခေါင်းမာမှုကိုသိနေသော သူ့အတွက် တာဝန်ယူရဲသလား။

သူ ခေါင်းငုံ့ကာ နေလိုက်သည်။

သူ၏ဆိတ်ဆိတ်နေမှုသည် ဝန်ခံခြင်းကို ဖော်ကျိုရှိသွားလေသည်။

"သမီး သူငယ်ချင်းအကြောင်းလည်း သမီးသိမှာပါ။ ခေါ်သိရှိသာ နောင်တ တကယ်ရရှိခဲ့တယ်ဆိုရင် သူ တို့များကို လာတောင်း





ပန်သင့်တယ်။ တို့များဘက်က ဘာအမှားမှ မကျူးလွန်ခဲ့ပါဘူး။ ရုပ်ရည်အားနည်းချက်ဟာ အပြစ်တစ်ခု မဟုတ်ပါဘူးကွယ်"

ကိုယ်ချင်းစာနာတတ်ရေးဖြင့် သျှင်ငြိမ်း ခေါင်းညိတ်မိလျက်သားဖြစ်သွားလေသည်။

"ကျွန်မမှာ ပြောစရာစကားတစ်ခုရှိပါတယ် ကြီးမေ။ တကယ်လို့ ကျွန်မစကားကြောင့် ကြီးမေ စိတ်ဆိုးသွားမယ်၊ ဒေါသဖြစ်ရမယ်ဆိုရင် ကျွန်မ နားမလည်မှု မသိတတ်မှုအတွက် ခွင့်လွှတ်ပေးပါလို့ကြိုတင်တောင်းပန်ပါရစေ"

သျှင်ငြိမ်း အတော်ပင် စိတ်လှုပ်ရှားနေသည်။ အရာရာကိုခေါင်းအေးအေး ထား၊ သွေးအေးအေး ထားပြီး ရင်ဆိုင်နိုင်ခဲ့ပါလျက်ဤကိစ္စတွင် ကြားဝင်ရသည်မှာ အင်မတန်မှ ခက်ခဲ ပင်ပန်းလွန်းလှလေသည်။

ဒေါ်နှင်းမြတ်၏ရှုးရှုထက်မြက်သောမျက်လုံးက သူ့အားအကဲခတ်လျက်ရှိပြီး

"အရွယ်က စကားပြောလာလို့လားတော့ မသိပါဘူး။ မာန်မာနတွေက ကျိုးသွားပါပြီ။ ပြောပါ သမီး။ မာမာ ဒေါသကို ထိန်းနိုင်ပါတယ်"

"အန်ကယ်လ်ဦးပြည့်စုံက မှာလိုက်ပါတယ်။ ခွင့်ပြုမယ်ဆို

ယခုထက်ထိ ဖခင်ကို စကားမပြော။ ထို့ကြောင့် ဦးပြည့်စုံနှင့် သူ ရင်းနီးသွားရခြင်းဖြစ်သည်။ ဦးပြည့်စုံက သမီးကိုတွေ့ချင်၍ လာသည်။ သမီးက ထွက်မတွေ့သောအခါ သူက သမီးကိုယ်စား တွေ့ခွင့်ပေးရင်း တစ်ဆင့်ခံ ပြောပေးနေရသည့်အဖြစ်ပင်။

"သမီး ဘာတွေနေတာလဲ"

"ကျွန်မ ကြီးမေ ပြောတာကို နားမလည်နိုင်လို့ပါ"

"ဒီလိုလေ သမီး၊ လူကြီးစုံရာနဲ့ သွားပါပြီတဲ့။ သူတို့ဘက်က ငြင်းလွှတ်လိုက်တာတို့၊ ရိုင်းရိုင်းစိုင်းစိုင်း ပြောဆိုလွှတ်လိုက်တာတို့ဆိုရင် ဘယ်လိုလုပ်မလဲ၊ သမီး တာဝန်ယူရဲလား"

သျှင်ငြိမ်း တွန့်ခနဲ ဖြစ်သွားသည်။

သူ တာဝန်ယူရဲသလားတဲ့။

ပိုးပြည့်စုံ၏ခေါင်းမာမှုကိုသိနေသော သူ့အတွက် တာဝန်ယူရဲသလား။

သူ ခေါင်းငုံ့ကာ နေလိုက်သည်။

သူ၏ဆိတ်ဆိတ်နေမှုသည် ဝန်ခံခြင်းကို ရောက်ရှိသွားလေသည်။

"သမီး သူငယ်ချင်းအကြောင်းလည်း သမီးသိမှာပါ။ ဒေါ်သီရိသာ နောင်တ တကယ်ရရှိခဲ့တယ်ဆိုရင် သူ တို့များကို လာတောင်း





ပန်သင့်တယ်။ တို့များဘက်က ဘာအမှားမှ မကျူးလွန်ခဲ့ပါဘူး။ ရုပ်ရည်အားနည်းချက်ဟာ အပြစ်တစ်ခု မဟုတ်ပါဘူးကွယ်"

ကိုယ်ချင်းစာနာတတ်ရားဖြင့် သျှင်ငြိမ်း ခေါင်းညိတ်မိလျက်သားဖြစ်သွားလေသည်။

"ကျွန်မမှာ ပြောစရာစကားတစ်ခုရှိပါတယ် ကြီးမေ၊ တကယ်လို့ ကျွန်မစကားကြောင့် ကြီးမေ စိတ်ဆိုးသွားမယ်၊ ဒေါသဖြစ်ရမယ်ဆိုရင် ကျွန်မ နားမလည်မှု မသိတတ်မှုအတွက် ခွင့်လွှတ်ပေးပါလို့ ကြိုတင်တောင်းပန်ပါရစေ"

သျှင်ငြိမ်း အတော်ပင် စိတ်လှုပ်ရှားနေသည်။ အရာရာကို ခေါင်းအေးအေး ထား၊ သွေးအေးအေး ထားပြီး ရင်ဆိုင်နိုင်ခဲ့ပါလျက် ဤကိစ္စတွင် ကြားဝင်ရသည်မှာ အင်မတန်မှ ခက်ခဲ ပင်ပန်းလွန်းလှလေသည်။

ဒေါ်နှင်းမြတ်၏စူးရှထက်မြက်သောမျက်လုံးက သူ့အားအကဲခတ်လျက်ရှိပြီး

"အရွယ်က စကားပြောလာလို့လားတော့ မသိပါဘူး။ မာန်ယ်တွေက ကျိုးသွားပါပြီ။ ပြောပါ သမီး။ မာမာ ဒေါသကို ထိန်းနိုင်ပါပြီ"

"အန်ကယ်လ်ဦးပြည့်စုံက မှာလိုက်ပါတယ်။ ခွင့်ပြုမယ်ဆို

ရှင် တစ်နေရာရာမှာဖြစ်စေ၊ ဒီအိမ်မှာပဲဖြစ်စေ တွေ့ဆုံ စကားပြော ချင်ပါတယ်တဲ့"

ဒေါ်နှင်းမြတ်မျက်နှာ မည်းခနဲ ဖြစ်သွားသည်။ ဒေါသကြောင့် လေလား။ စိတ်လှုပ်ရှားမှုကြောင့်ပေလား။ သျှင်ငြိမ်း ဝေခွဲ၍ မတတ် သို့သော် သူ့ရင်ထဲမှာတော့ တဒိတ်ဒိတ်ခုန်လျက်။ ဒေါ်နှင်းမြတ်၏ စကားပြန်ကို စောင့်နေလိုက်သည်။

အတန်ကြာအောင် ငြိမ်သက်နေသည်။

စက္ကန့်တံ၏ရွေ့လျားမှုပင်လျှင် ကြာလွန်းလှသည်ဟုထင်က သျှင်ငြိမ်း ဇောချွေးများပင် ပြန်လာသည်။

"သျှင်ငြိမ်း"

"ရှင် / ကြီးမေ"

"ဦးပြည့်စုံကိုပြောလိုက်ပါ။ အိမ်မှာလာတွေ့နိုင်ပါတယ်။ ညီ သည်တစ်ယောက်ကို နှင်ထုတ်ပစ်လောက်အောင်တော့ ဒေါ်နှင်းမြတ် က မရိုင်းပါဘူးလို့"

"ဟုတ်ကဲ့၊ ဟုတ်ကဲ့"

သျှင်ငြိမ်းရင်ထဲ အလုံးကြီးကျသွားလေတော့သည်။

"ကျွန်မ ပြန်တော့မယ်"

"သား လိုက်ပို့ပေးလိမ့်မယ်။ ဘယ်သူရှိသလဲ၊ အစ်ကိုလေး





သွားခေါ်လိုက်စမ်း"

အိမ်ဖော်မိန်းကလေးတစ်ယောက် အပေါ်ထပ်သို့အပြေးအလွှား တက်သွားလေသည်။

"နေပါစေ"

"နေပါစေ မလုပ်နဲ့။ သမီးသူငယ်ချင်းကိုလည်း နှစ်သိမ့်မှုပေး လိုက်ပါ။ တို့များဆန္ဒကိုလည်း သူ့ကို တစေ့တစောင်းပြောပြလိုက်ပါ။ မျှော်လင့်ချက်တော့ သိပ်မထားစေချင်ဘူး။ မျှော်လင့်ချက်သိပ်ထားပြီး ဖြစ်မလာရင် ပိုခံစားရတတ်လို့ပါကွယ်။ သားအငယ်ဆုံးဖြစ်လို့ တို့များ အချစ်ဆုံးပါကွယ်။ နှစ်သိမ့်မှုပေး ပေးပါ"

မိဘများ၏ဆန္ဒ မေတ္တာကို မိဘနေရာ မရောက်သေးသော သျှင်ငြိမ်း နားမလည်နိုင်သေး။ သို့သော် မိဘအရိပ်၏ အေးငြိမ်းမှု နွေးထွေးမှုသည် ထိုအရိပ်အောက်မှလွတ်ကင်းလာသောအခါမှ သိရ လေသည်။

ဓန ဆင်းလာသည်။

"သား ကားကို သတိထားမောင်းနော်။ သျှင်ငြိမ်းကို လိုက်ပို့ လိုက်ပါဦး။ ဒရိုင်ဘာ ခွင့်ယူထားလို့"

မိခင်ကို ဘာမှမပြော။ ကားသော့ကိုသာ သွားဖြုတ်ပြီး ညှိ ခန်းထဲမှ တောက်လျှောက်ထွက်သွားလေရာ ဒေါ်နှင်းမြတ်က

"အမေကို ဆန္ဒပြုပြီး တောင်းဆိုနေတာလေ"

"ကျွန်မကို ခွင့်ပြုပါဦး ကြီးမေ"

"အေး . . . အေး"

သျှင်ငြိမ်းအတွက် ကြီးလေးသော တာဝန်တစ်ခုတော့ ပခုံးပေါ်မှ လျော့ပါးသွားလေသဖြင့် အနည်းငယ်တော့ ပေါ့ပါးသွားသည်။ ပြည့်ပြည့်ဝဝတော့ မဟုတ်ပါချေ။

ခနနှင့် ပိုးပြည့်စုံတို့၏ ချစ်ခရီးလမ်းက ကျန်သေးသည်။

နှစ်ဘက်မိဘတွေအပေါ်မှာ မူတည်တာလား။ ပိုးပြည့်စုံအပေါ် မူတည်သလားဆိုတာကိုတော့ သျှင်ငြိမ်း မဝေခွဲတတ်ချေ။

"မာမာက ဘာတဲ့လဲ"

"အခြေအနေကောင်းပါတယ်။ ဘွားသီရိဘက်က ဖုန်းလေးပဲ ဆက်ပြီး တောင်းပန်လိုက်ရင် ကြေအေးမယ့်သဏ္ဌာန်ရှိတယ်"

"ဟုတ်ပါ့မလား"

"ပြောတာပဲလေ။ ထားပါလေ။ မနက်ဖြန် စာမေးပွဲနော်၊ အဆင်သင့်ဖြစ်ပြီလား"

"ဖြစ်ပါပြီ။ ဒီစာမေးပွဲကို မကြောက်ပါဘူး။ ဘဝစာမေးပွဲကိုပဲ ရင်ဆိုင်ရမှာကြောက်နေတာ။ ကျွန်တော့ဘဝမှာ အရှုံးဆိုတာ တစ်ခါမှ မရှိခဲ့ဖူးတော့ အရှုံးဆိုတဲ့ ဆုံးရှုံးခြင်းကို ကျွန်တော် ရင်ဆိုင်နိုင်ပါ့





မလားလို့"

"ယောကျ်ားပဲ ခနရယ်။ အချစ်ဆိုတာ ဘဝတစ်ခုလုံးရဲ့အရေးအကြီးအရာမဟုတ်ပါဘူး။ အစိတ်အပိုင်းတစ်ခုပဲလို့သာ ခေါင်းထဲသွင်းထားလိုက်ပါ"

"ခေါင်းထဲသွင်းတာက သွင်းတာပဲ၊ ဒါပေမယ့် ရင်ထဲမှာတော့ နာနေတာ ခက်တယ် သျှင်ငြိမ်း။ ပိုးပြည့်စုံသာ ကျွန်တော့်ဘက်က ရပ်တည်ပေးမယ်ဆိုရင်လည်း ကျွန်တော် ဒီလောက် ခံစားရမယ် မထင်ဘူး"

"မယ်ပိုးလည်း ရှင့်လိုပဲ ဖြစ်မှာပါ။ အသွားအလာတောင် မတွေ့ရတော့ဘူး။ အိမ်တွင်းအောင်းနေတာကိုပဲ ရှင် ကြည့်ပါလား"

"ဖုန်းလေး ဆက်ဖော်မရ၊ ဆက်တော့လည်း ကျွန်တော့်အသံကြားတာနဲ့ ချပစ်တာဟာ ကျွန်တော့်ရင်ကို ပိုထိရှစေတဲ့အကြောင်းတွေပါ"

သျှင်ငြိမ်း ပင့်သက်ရှိုက်လိုက်သည်။

"စာမေးပွဲ ပြီးသွားရင် ဘဝစာမေးပွဲအတွက်လည်း အခြေအနေတွေ ထူးထူးခြားခြားပြောင်းလွဲလာလိမ့်မယ်လို့ ထင်ပါတယ်"

"သျှင်ငြိမ်းပြောတဲ့အတိုင်း မျှော်လင့်ရတာပဲ"

"ဒီကြားထဲ ကိစ္စရှိရင် ကျွန်မဆီပဲ ခန လာလိုက်ပါ။ ဒီရက်

ကျွန်မလည်း ကြီးမေဆီ ခွင့်တင်ထားတယ်"

"ကောင်းပြီလေ"

ခနနှင့် စကားစပြတ်သွားလေသည်။

အဆောင်ရှေ့ ရောက်အောင်အထိ ပို့ပေးပြီး ခနကား ပြန်ထွက်သွားသည်ကို ငေးကြည့်နေမိရာ

"× ×မောင်× × စွဲလန်းလို့ အသည်းကျွမ်းလုပြီကွယ်× × မောင် အတူတူနေကြရအောင်လား × × ×"

ရုတ်တရက်ပေါ်ထွက်လာသောသီချင်းသံကြောင့် သျှင်ငြိမ်း သတိပြန်ဝင်လာပြီး မိမိအခန်း ရှိရာသို့ ခပ်သုတ်သုတ် လျှောက်လှမ်းလိုက်လေသည်။

"ဩော် . . .ကာယကံရှင်များက ဘယ်လောက်ပဲ သန့်ရှင်းစင်ကြယ်ပါစေ။ ပတ်ဝန်းကျင် အမြင်တင့်တယ်စေဖို့ အနေအထိုင် အသွားအလာ ဆိုသည်မှာလည်း လိုအပ်သည်ပါလား" ဟု သျှင်ငြိမ်း ဆင်ခြင်မိလိုက်လေသည်။

◆





## အခန်း(၂၉)

"သမီးက အန်ကယ်လ်တို့ရဲ့ ကိုယ်ရေးကိုယ်တာတွေကို အတွင်းကျကျသိထားပြီး ဖြစ်လို့ အန်ကယ်တို့ရဲ့ ရိုးသားသောတွေ့ဆုံမှုအတွက် သက်သေဖြစ်ရာလည်းကျအောင် လိုက်ပေးစေချင်ပါတယ်"

ငြင်းရန် မသင့်သောအနေအထားကြောင့် စာမေးပွဲ နှစ်တာတာဖြေပြီး အဆောင်ရှေ့၌ရပ်စောင့်နေသော ဦးပြည့်စုံကားနှင့်လိုက်ခဲ့လေသည်။

ဒေါ်နှင်းမြတ်အိမ်သို့ လမ်းညွှန်ပေးရင်း ပိုးပြည့်စုံ၏ စိတ်ကြီးမှုကို ဦးပြည့်စုံက စိတ်မကောင်းစွာ ပြောပြနေသည်။

"တစ်အိမ်တည်း နေတယ်၊ အဖေနဲ့ ထမင်းအတူတူ စားတယ်၊ ဒါပေမယ့် အဖေမေးတာ မပြောဘဲ နေတာကို တစ်ခါတလေတော့လည်း ရိုက်ပစ်ချင်လောက်အောင် ဒေါသထွက်မိတယ်။ ဒါပေမယ့် စိတ်လျှော့လိုက်ပါတယ်။ သမီးက အန်ကယ်လ်နဲ့တူတာကိုး"

ဟု စိတ်မကောင်းမှုကို မချိုပြုံးကလေးနှင့် ပြောလိုက်သော ဦးပြည့်စုံကို စိတ်မကောင်းစွာကြည့်လိုက်ပြီး သက်ပြင်းတိတ်တခိုးရှိုက်လိုက်မိသည်။

ဒေါ်နှင်းမြတ်အိမ်သို့ ရောက်သောအခါ အိမ်ဖော်အမျိုးသမီးက ခရီးဦးကြိုပြုလိုက်ပြီး ဧည့်ခန်း၌နေရာပေးလိုက်သည်။

"ခဏထိုင်ပါနော်၊ ကျွန်မ မေမေကြီးကို သွားခေါ်လိုက်ပါဦးမယ်"

"ကောင်းပြီ"

သျှင်ငြိမ်း ခဏတော့ထိုင်နေလိုက်သည်။ ဒေါ်နှင်းမြတ် ဆင်းလာသောအခါ

"ကြီးမေ၊ ကျွန်မ ဆန်နီဆီ သွားတွေ့လိုက်ဦးမယ်"

"ဆန်နီ မရှိဘူး။ ဘယ်မှရှောင်ရှားဖို့မလိုပါဘူး။ တို့များကြားမှာ မကြားဝံ့မနာသာ စကားတွေ မရှိပါဘူး။ ဟုတ်ပါတယ်နော် ဦးပြည့်စုံ"

အသက်(၅၀)ဝန်းကျင်သို့ ရောက်နေပြီဖြစ်သော သူတို့နှစ်ဦး၏ပြန်လည်ဆုံတွေ့မှုဝယ် ဘာပဋိပက္ခများ ဖြစ်ပေါ်ဦးမည်ကို ရင် ထိတ်ထိတ်ဖြစ်ကာ

"ဟုတ်ကဲ့။ ကျွန်မ သတင်းစာတွေ ဖတ်လိုက်ဦးမယ်။ မဖတ်





ရတာ ကြာပြီလေ။ စာကျက်နေတာနဲ့"

မယောင်မလည်ပင် ဧည့်ခန်းထောင့်တစ်နေရာရှိ စာအုပ်စင်ရှိရာလျှောက်သွားပြီး ဆိုဖာခုံဝိုင်းလေး၌ ထိုင်ကာ နေလိုက်သည်။

ကြားသာသည်။ မြင်သာသည်။ နှစ်ဘက်မိသားစုက မေးလာလျှင် ဖြေရှင်းပေးနိုင်မည်ဟု သျှင်ငြိမ်း ယူဆလိုက်သည်။

"ဘာပြောစရာ ရှိလို့လဲ ဦးပြည့်စုံ"

"ရှိပါတယ်။ ဒုတိယနှစ်ကျောင်းသားတစ်ဦးဟာ မိဘကို မလွန်ဆန်နိုင်သေးလို့ မိဘနဲ့ ပြန်လိုက်သွားပြီး ပညာဆက်သင်ကြားနေခဲ့တယ်။ ချစ်သူကို ဆက်သွယ်ပေမယ့် ပြန်စာတွေ မရခဲ့ဘူး"

"ဟင် ရှင် ဆက်သွယ်တယ်"

"ဟုတ်ပါတယ်"

ကြား၌ တိမ်မြုပ်နေသော အကွက်တစ်ကွက် ပေါ်လာသည်။

"ကျွန်မ မရခဲ့ဘူး။ ရှင်ကိုယ်တိုင်ကော စာထည့်တာဟုတ်ရဲ့လား"

"ဟုတ်ပါတယ်။ မှတ်ပုံတင်လုပ်ထည့်တာပဲ"

"ဒါဖြင့် စာတွေ ပျောက်ပျက်ကုန်တာပေါ့"

ဒေါ်နှင်းမြတ် သက်ပြင်းချလိုက်သည်။ ခင်ပွန်း၏ မျက်နှာကို မြင်ယောင်မိသည်။ သူ့အစ်ကိုလုပ်သူသည် စာတိုက်ဝန်ထမ်းတစ်ဦး

ဖြစ်သည်ကို သတိရလိုက်သည်။ ခင်ပွန်း၏လက်ချက်လေလား။

"မှတ်ပုံတင်လျက်နဲ့ ပျောက်စရာအကြောင်းမရှိပါဘူး"

"ထားပါတော့လေ၊ ကျွန်မ မရခဲ့တာ အမှန်ပဲ"

"ကိုယ်ထည့်ခဲ့တာလည်း အမှန်ပဲ"

သျှင်ငြိမ်းမျက်လုံးသည် သတင်းစာကိုကြည့်နေသော်လည်း ဘာမှ မမြင်။ ဦးပြည့်စုံနှင့် ဒေါ်နှင်းမြတ်တို့၏ စကားသံထဲတွင်သာ နစ်မျောဝင်သွားလေသည်။

"ကိုယ် နောက်ဆုံးနှစ် ဖြေပြီးတာနဲ့ မယ်မယ် ဘယ်လိုပဲ တားတား၊ မင်းရှိရာကိုလာဖို့ ဆုံးဖြတ်ချက်နဲ့ စာကြိုးစားတယ်၊ စီးပွားရေးလုပ်တယ်၊ ဒါပေမယ့် မင်းလက်ထပ်သတင်းနဲ့ဖိတ်စာဟာ မမျှော်လင့်ဘဲရောက်လာခဲ့တော့ ကိုယ့်ဘဝ ပျက်လုမတတ်ဖြစ်ခဲ့ရတယ် ဆိုတာကော မင်း သိရဲ့လား နှင်း"

ကျော် - - ဦးပြည့်စုံ၏အစွဲအလန်းသည်လည်း ကြောက်စရာပါလား။

ဒေါ်နှင်းမြတ် နှုတ်တို့သည် ဆွံ့အသွားခဲ့လေသည်။

"ဒီအပေါ် အခွင့်ကောင်းယူပြီး မယ်မယ်ဟာ ကိုယ့်ကို ပန်းမာလာနဲ့ လက်ထပ်ပေးခဲ့တယ်။ ပန်းမာလာဟာ ဘယ်လောက်လှလှ ကိုယ် ပန်းမာလာကိုမချစ်ခဲ့ဘူး။ သားသမီးတောင် တော်ရုံနဲ့မယူခဲ့ဘူး။





နောက် အိမ်ထောင်သက် လေး ငါးနှစ်ကြာမှ ကိုယ့်ဘဝအနည်းငယ် တည်ငြိမ်စပြုပြီး ပိုးလေးကို ယူခဲ့ကြတယ်"

"ပြီးတာတွေ ပြီးခဲ့ပါပြီလေ"

"မပြီးသေးဘူး နှင်း။ ပန်းမာလာဆုံးပြီး မကြာခင် ကိုယ်လက်ထပ်ယူလိုက်တဲ့ မိန်းမရဲ့ဓာတ်ပုံ ယူလာတယ်။ သူဟာ ရွာလေးတစ်ရွာက မှုလတန်းပြဆရာမလေးပဲ။ ကိုယ်မမျှော်လင့်ဘဲတွေ့ခဲ့ပြီး လက်ထပ်ဖြစ်ခဲ့တယ်။ ရော့ ဓာတ်ပုံကြည့်လိုက်စမ်းပါ"

ဦးပြည့်စုံ ဒေါ်နှင်းမြတ်ထံကမ်းပေးလိုက်သောဓာတ်ပုံကို သူ ကြည့်ချင်သည်။ ဦးပြည့်စုံ၏ နောက်မိန်းမကို သျှင်ငြိမ်း လုံးဝ မမြင်ဖူးခဲ့ပါချေ။

"ဟင်"

"ဟုတ်တယ် နှင်း။ ဒီလောက်ဆို ကိုယ် မင်းအပေါ်ထားခဲ့တဲ့ မေတ္တာကို မင်းနားလည်လောက်ပါပြီ"

နှစ်ဦးသားတိတ်ဆိတ်သွားကြသည်။ အဖွေးကိုယ်စီ၊ သောကကိုယ်စီနှင့် အတိတ်လွင်ပြင်သို့များ လွင့်ပျံနေကြလေရော့သလား။

အတန်ကြာမှ

"ကိုယ် တောင်းပန်ချင်ပါတယ်။ ကိုယ်တို့ရဲ့ အတိတ်က ပြည့်ဖုံကားချလိုက်ပါတော့။ ခု သားနဲ့ သမီးရဲ့ အနာဂတ်အတွက် မိဘတွေ

ကြောင့် တမြေ့မြေ့ခံစားရ လောင်ကျွမ်းရတာမျိုး မဖြစ်ရလေအောင် သားရှင်ဖြစ်တဲ့ မင်းလုပ်ပေးသင့်တာ လုပ်ပေးဖို့ သမီးရှင်ဖြစ်တဲ့ ကိုယ်ကပဲ အနူးအညွတ်တောင်းပန်ပါတယ်။ ကိုယ့်အပေါ် နားလည်ခွင့်လွှတ်သွားပြီဆိုရင် မင်း ဒီကိစ္စကို ဆောင်ရွက်ပေးပါ။ ကလေးတွေ စိတ်ချမ်းသာကြပါစေ"

ဦးပြည့်စုံကို သျှင်ငြိမ်း သနားသွားသည်။ လူတစ်ခု ပူမှုရယ်တဲ့ ဆယ်ကုဋေပါလားဟုပင် ဟစ်လိုက်ချင်သည်။

ထိုစဉ် ကားတစ်စီး ဆိုက်ရောက်လာသည်။ ဦးကြိုင်လျှမ်း ပြန်လာပြီဟု သိလိုက်ရသည်နှင့် သျှင်ငြိမ်းက နေရာရွှေ့ပြောင်းထိုင်လိုက်သည်။ ဦးပြည့်စုံနှင့် မလှမ်းမကမ်းဆက်တီ၌ ဖြစ်သည်။

"ဟော . . ကို ပြန်လာပြီ။ ကို့ကို ပြောထားတဲ့ ဧည့်သည်တောင် ရောက်နေပြီ"

"ဟုတ်လား။ ကိစ္စလေး နည်းနည်းပေါ်လာတာနဲ့ နောက်ကျသွားတယ်"

"ဦးပြည့်စုံ ဒါ ကျွန်မရဲ့ခင်ပွန်း ဦးကြိုင်လျှမ်းပါ။ ကို . . . ဒါ ပိုးပြည့်စုံရဲ့ဖခင် ဦးပြည့်စုံ ပါ"

"ဟုတ်ကဲ့ တွေ့ရတာ ဝမ်းသာပါတယ်။ ငြိမ်းချမ်းမှုရသွားကြပြီလား"





ဦးကြိုင်လျှမ်းက စတင်နှုတ်ဆက်စကားနှင့် လောကဝတ်ပြုလေသည်။ ဦးပြည့်စုံက ပြုံးကာ

"ဟုတ်ကဲ့။ ငြိမ်းချမ်းရေးတော့ ရပါပြီ။ ဒါပေမယ့် ရေဆက်ရမယ့်ဇာတ်လမ်းမှာတော့ ကျွန်တော်က သမီးရှင်ဖြစ်လို့ စရခက်နေပြီ"

"နားလည်ပါပြီဗျာ၊ ကလေးတွေဆန္ဒအတိုင်း ဖြစ်စေရမှာပါ သားကော မရောက်သေးဘူးလား"

သျှင်ငြိမ်း လူကြီးတွေအနားမှ အသာအယာ ဆုတ်ခွာခဲ့လေသည်။

သို့သော် အသံတွေကတော့ နောက်ပါးသို့ ကပ်ငြိပါလာလေသည်။

"ကျွန်တော် ဝန်ခံစရာတစ်ခုရှိနေပါတယ် ဦးပြည့်စုံ"

"ဘာများပါလိမ့်ခင်ဗျာ"

"ခင်ဗျားရဲ့စာတွေကို ဖျောက်ဖျက်ပစ်တဲ့ကိစ္စပါ"

"သြော် . . ဒါလား။ အချစ်နဲ့စစ်မှာ တရားတယ်၊ မတရားဘူးမှ မရှိဘဲ၊ ကိစ္စတွေ အားလုံး ပြီးဆုံးသွားပါပြီ။ ပြုပြင်ပြောင်းလဲလို့ မရနိုင်တော့ပါဘူး။ ကလေးတွေရဲ့ကိစ္စသာ . . . . "

"စိတ်ချပါ ဦးပြည့်စုံ၊ ကျွန်တော့်အပြစ်အတွက် ကျွန်တော် ပေးဆပ်ဖို့ အသင့်ပါ"

"အဲဒီလိုပါပဲဗျာ။ ကျွန်တော့်မိခင်ကြောင့် ဒေါ်နှင်းမြတ်မှာ စိတ်အနှာဟရဖြစ်သွားခြင်းအတွက်လည်း ကျွန်တော့်ဘက်က ပေးဆပ်ဖို့ အသင့်ပါ"

"ခင်ဗျားအမေကို ကျွန်တော်က စိတ်ထဲကတောင် ကျိတ်ပြီး ကျေးဇူးတင်နေတာ သိရင်ကော"

ဒေါ်နှင်းမြတ်၏မျက်စောင်းသည် ဦးကြိုင်လျှမ်းအပေါ် ကျရောက်သွားလိမ့်မည်ဟု သျှင်ငြိမ်းအတပ်သိလိုက်လေသည်။

မိမိကြားဝင်ပေးခဲ့သောကိစ္စတစ်ခု အောင်မြင်သွားခြင်းအပေါ်၌ ခံစားရသောပီတိသည် ရင်ဝယ်တသိမ့်သိမ့်နှင့် ကြည်နူးရပါလားဟု သျှင်ငြိမ်းခံစားရင်း ဦးပြည့်စုံ၏ဆန္ဒအရ ဒီကိစ္စကို ပိုးပြည့်စုံ မသိစေရန် လျှို့ဝှက်ထားပေးရပေဦးမည်။ ကိစ္စတော်တော်များများကို ရင်ဝယ် သိုဝှက်ထားတတ်သော အကျင့်က သျှင်ငြိမ်းအတွက် နေသားတကျဖြစ်နေပြီ။

◆





# အပိုင်း (၄)

## အခန်း(၃၀)

နေကြိုင်လျှမ်း၏မျက်နှာပြင်ပေါ်၌ အသွေးအရောင်များပြောင်းလဲလာသည်။

မိဘများ ခေါင်းညိတ်လိုက်ခြင်းက သူ့အတွက် ၅၀ရာခိုင်နှုန်း မင်္ဂလာရှိသွားလေပြီ။

ထို့ကြောင့် စာမေးပွဲပြီးပြီးချင်း ပိုးပြည့်စုံထံသို့ တယ်လီဖုန်းနှင့် ဆက်သွယ်လိုက်သည်။

ပိုးပြည့်စုံသည် ကားပေါ်၌ရှိနေဆဲဖြစ်ရာ နားထောင်လိုက်သည်။

"ဟဲလို"

ပိုးပြည့်စုံ၊ နေကြိုင်လျှမ်းအသံကိုကြားလိုက်ရသည်။ ပြုံးလိုက်သည်။ သူ့အပြုံးသည် မတောက်ပချေ။

"ပြော မောင်"

နွေးထွေးမှုမရှိသောတုံ့ပြန်သံအတွက် နေကြိုင်လျှမ်း၏ရင်ထဲ နင့်ကနဲ ဖြစ်သွားသည်။

"ပိုးလေး ဘယ်မှာလဲ"

"လမ်းမှာ"

"မောင်တို့ တစ်နေရာရာမှာ တွေ့ကြရအောင်လား"

"အတော်ပဲ မောင်၊ ကျွန်မနဲ့မယ်ငြိမ်း တစ်နေရာရာမှာ တစ်ခုခု သွားစားမလို့၊ မယ်ငြိမ်း ဘယ်မှာသွားစားရင် ကောင်းမလဲ"

"ဒီလိုလုပ်ပါလား။ မောင်တို့ အတူတူသွားရအောင် အနီးဆုံး တစ်နေရာမှာ ဆုံမယ်။ ခု ပိုးလေးကား ဘယ်နေရာရောက်နေသလဲ"

"ပြည်လမ်းပေါ် ခြောက်မိုင်ခွဲ"

"ဟုတ်လား။ မောင်က အင်းယားလမ်းမှာ။ ဒီလိုလုပ်။ တံတားဖြူနားမှာ စောင့်နေလိုက်။ မင်္ဂလာဒုံဘက် သွားစားရအောင်"

"ကောင်းပြီလေ။ ဒါပဲနော်"

သျှင်ငြိမ်းက ပိုးပြည့်စုံမျက်နှာကို အကဲခတ်လိုက်သည်။ ပြုံးတော့ ပြုံးနေသည်။ မျက်လုံးကတော့ မတောက်ပချေ။

"တွေ့ချင်တယ်တဲ့၊ ဦးလေး တံတားဖြူနားမှာ ဘေးကပ်ရပ်ထားလိုက်ပါ"





"ဟုတ်ကဲ့"

"အိမ်ကို အကြောင်းကြားလိုက်ပါဦး။ ဘွားဘွား မျှော်နေမယ်"

"ရှင်ကတော့လေ၊ အရာရာကို ပူပန်တယ်။ အမယ်ကြီးအို ပေါက်စလေးလိုပဲ"

"ဒါကတော့ ဝသီဖြစ်နေပြီကိုး"

ပိုးပြည့်စုံက သူငယ်ချင်းစကားကို လိုက်နာလိုက်သည်။

"ဟဲလို"

"မြေး ပိုးလေးလား"

"ဟုတ်ကဲ့ ပိုး ပါ"

"ဖြေနိုင်လား"

"ဖြေနိုင်တယ် ဘွားဘွား။ ပိုးလေ သူငယ်ချင်းတွေနဲ့လျှောက်လည်မလို့ သူငယ်ချင်းကားနဲ့ပဲ လိုက်သွားမယ်။ ကားပြန်လွှတ်လိုက်မယ်"

"လွှတ်မနေနဲ့ ယူသွား"

"ရပါတယ် ဘွားဘွားရဲ့ ဓာတ်ဆီကုန်တယ်၊ ဒါပဲနော်"

ပိုးပြည့်စုံသည် သူ့သဘောနှင့်သူ ဆောင်သည်။ ဆုံးဖြတ်ချက်ချပြီးရင် ပြင်လေ့မရှိတတ်။

သိပ်ကြာကြာ မစောင့်လိုက်ရ။ နေကြိုင်လျှမ်း၏ လင့်ခရူ

ဂိုကား ရောက်လာသည်။

ကားအပြောင်းကို နေကြိုင်လျှမ်းကကိုယ်တိုင်ဆင်းကာ တံခါး ဖွင့်ပေးသည်။

“ရေမှာ ထိုင်ပါလား”

“ရှင်တို့ပဲ သွားလိုက်ပါလား။ ကျုပ် အဆောင်မှာထမင်းချက် ပြီးသား”

“မဟုတ်တာ မပြောနဲ့နော် မယ်ငြိမ်း။ ကျုပ်က ရှင်နဲ့သွားဖို့ ရည်ရွယ်ထားတာ မှမဟုတ်လား”

ပိုးပြည့်စုံစကားကြောင့် သျှင်ငြိမ်းဇက်ကလေးပုလိုက်ပြီး

“ကျုပ်က ဆေးရိုးသည် ကန့်လန့်ကန့်လန့်ဖြစ်မှာစိုးလို့ပါအေ။ လိုက်ဆိုလည်း လိုက်ပါ့မယ်။ ခနနော် ကြားတဲ့အတိုင်းပဲ။ ရှင် ကျွန်မ ကို ကျိန်စာ မတိုက်နဲ့နော်”

သျှင်ငြိမ်းစကားကြောင့် နေကြိုင်လျှမ်းက ပြုံးလိုက်ပြီး

“ကျွန်တော် ငရဲကြီးသွားမှာပေါ့။ သျှင်ငြိမ်းဟာ ကျွန်တော်ရဲ့ ကျေးဇူးရှင်တစ်ယောက်ပဲဗျာ။ ကဲ တက်ပါ”

ပိုးပြည့်စုံ နေကြိုင်လျှမ်းစကားကြောင့် စဉ်းစားစရာဖြစ်လာ သည်။

သျှင်ငြိမ်းသည် ဤဇာတ်လမ်းဝယ် ဘယ်အတိုင်းအတာ





အထိ ကခဲ့၍ ဘွားဘွားသိရိကိုယ်တိုင် ခေါင်းညိတ်ကာ လာရောက် တောင်းခိုင်းယူရသည်အထိ ဖြစ်ရသနည်း။

သျှင်ငြိမ်းကို မေးစရာစကားတွေ ရှိနေသည်။ စာမေးပွဲပြီးပြီး ချင်း တွေ့ဆုံမေးမြန်းမည် လုပ်ကာ ရှိသေးသည်။ နေကြိုင်လျှမ်းက ပေါ်လာသဖြင့် မေးဖို့ အခွင့်မသာတော့။

“မောင် -မိနိုသွားတယ်”

“အချစ်မီးရဲ့ လောင်မြိုက်မှုလေ”

“ကျွန်မကော”

“ပိန်သွားတယ်”

“မောင့်လိုပဲ ကျွန်မ ခံစားလိမ့်မယ်လို့ မောင် မထင်မိဘူး လား”

“ထင်ချင်ပါတယ်။ ဒါပေမယ့် ရက်စက်လွန်းတယ်ကွာ”

နောက်ခန်းမှ သျှင်ငြိမ်း မကြားချင်သော်လည်း ကြားနေရ သည်။

“ဘာရက်စက်လို့လဲ၊ အိမ်ထောင်ရေးဆိုတာ လွယ်ကူတဲ့ကိစ္စ တစ်ခု မဟုတ်ဘူး။ တစ်ခါ မှားသွားရင် တစ်သက်လုံး ပြင်လို့ရတော့ မှာ မဟုတ်ဘူး။ ဒါကြောင့် စာမေးပွဲရက် ခေါင်းရှုပ်မခံချင်လို့ မောင် နဲ့ခေတ္တ အဆက်အသွယ်ဖြတ်ထားတဲ့ဥစ္စာ”

ပိုးပြည့်စုံ သျှင်ငြိမ်းကို ယုံကြည်လိုက်သဖြင့် ထိုစကားကို ပြောလိုက်ခြင်းဖြစ်သည်။

သျှင်ငြိမ်း ပင့်သက်ရှူလိုက်မိသည်။ တော်သေးသည်။ ပိုးပြည့်စုံ၏စကားကုန်ကို ခနကြိုင်လျှမ်းအား မပြောမိပေ၍ဟု။

ခနကြိုင်လျှမ်းအနေဖြင့် ပိုးပြည့်စုံထံမှပြန်လည်လိုက်လျော လာသောအနေအထားကြောင့် ကြည်နူးမှုလေးများရိုက်ခတ်လာသည်။

"မောင့်ကို နှစ်သိမ့်မှုတစ်ခုခုတော့ ဒါမှမဟုတ် မျှော်လင့်ချက် တစ်ခုခုပေးထားသင့်တယ်လို့ ပိုးလေး တစ်ခါမှ မစဉ်းစားမိဘူးလား"

"ယောက်ျားကြီးတစ်ယောက်ဖြစ်တဲ့မောင်ဟာ ပြဿနာတစ်ခုကို လွယ်လွယ်ကူကူနဲ့ လက်လျှော့တတ်လိမ့်မယ်လို့ ကျွန်မ တစ်ခါမှ မတွေးပိဘူး မောင်"

ပိုးပြည့်စုံက ထွေ့လုံးဖြင့် ပြောလိုက်သည်။

ခနကြိုင်လျှမ်း အသည်းယားနေသည်။

ဒီတစ်ချီတော့ သျှင်ငြိမ်း ပါလာခြင်းကို ပထမဦးဆုံး ငြိုငြင်မိခြင်း ဖြစ်လေသည်။

စိတ်ကို ကျိတ်ဆုံးမလိုက်ရသည်။

ဘုရားပြီး ငြိမ်းဖျက်တတ်တဲ့လူစားထဲမှာ သူပါ၍ မဖြစ်။

"ကဲ ထားပါတော့လေ စီးပွားရေးလုပ်ငန်းကိစ္စမျိုးက ဘယ်





လောက်ပဲ ခက်ခဲပါစေ၊ မောင် မမှုဘူး။ နှလုံးသားရေးရာမှာတော့ မောင်ဟာ နကန်း တစ်လုံးမှမသိသေးတဲ့ ပီဘိ ကလေးငယ်တစ်ဦး လိုပါပဲကွာ"

"ဒါကြောင့် ထင်ပါတယ်။ မိန်းမလှလေးတွေတစ်ဦးပြီးတစ် ဦးတွဲ ဖြစ်ခဲ့တာကိုး"

"ဒါက အချစ်ကို ရှာဖွေတာပါ"

"တွေ့ပြီလား"

"တွေ့ပြီလေ။ တွေ့လို့ ဘဝတစ်ခုလုံးကို အပ်နှင်းပြီး မောင့် ဘဝကို ပိုးလေးရဲ့အကျဉ်းသားအဖြစ် အပ်နှင်းတော့မှာပဲ"

"အပြောလေးတွေကတော့ လှပါရဲ့။ မောင့်မိဘတွေက တကယ်ကော လာတောင်းပေးမှာ ဟုတ်ရဲ့လား"

"ဟုတ်ပါတယ် ရက်ကောင်းရက်မြတ်တောင် ရွေးနေကြပြီ"

"မိန်းကလေးရှင်ဘက်က ရွေးရမှာ မဟုတ်ဘူးလား"

ပိုးပြည့်စုံစကားကြောင့် ခနကြိုင်လျှမ်းစိတ်ထဲ ထင့်ခနဲ ဖြစ်သွား သည်။

မိခင်က သူ့အတွက် ဗေဒင်တွက်တိုင်း လက်ထပ်ရကိန်းမမြင်သေးဟုသာ ဟောသည်။ အရှက်တကွဲဖြစ်ရကိန်းလည်း ရှိသည်ဆိုသဖြင့် မိခင်မှာ

"မာမာ ရင်လေးလိုက်တာ သားရယ်၊ သူတို့သားအဖနဲ့မာမာ တို့သားအမိမှာ ရေစက်ပါမလာဘူး ထင်ပါရဲ့"ဟုပြောခဲ့ခြင်းကို သူက

"မာမာကလဲ အယူသည်းလိုက်တာဗျာ။ ဗေဒင်လက္ခဏာ ဆရာအချို့ဟာ ယတြာကြေးကြီးအောင် ချဲ့ကားပြောဆိုတာဖြစ်မှာပါ" ဟုပင် ပုတ်ခတ်ပြောဆိုခဲ့သည်ကို အမှတ်ရမိသည်။

ထို့အတူ သျှင်ငြိမ်းကလည်း ဒေါ်နှင်းမြတ်ထံမှတစ်ဆင့် ထို အကြောင်းတွေ သိထားသဖြင့်

"မယ်ပိုးကလဲ နှစ်ဦးနှစ်ဘက်ဆိုင်တဲ့မင်္ဂလာကိစ္စပဲဟာ၊ ဘယ် နေ့လုပ်လုပ် အတူတူပဲပေါ့။ ကိုယ်တောင် အပင်ပန်းသက်သာသေး တယ်"

"အပျိုကြီးလုပ်မယ့်သူ အေးအေးဆေးဆေး နေ။ မိန်းမသား တစ်ယောက်အတွက် တစ်သက်မှာ တစ်ခါ မင်္ဂလာကိစ္စဟာ ဘယ် လောက်အရေးကြီးသလဲဆိုတာ ရှင် နားလည်လို့လား။ ကျုပ်မှာ ဘဝ ပေးသင်ခန်းစာတွေနဲ့ တနင့်တပိုးခံစားခဲ့ရတာတွေဟာ မပြီးဆုံးသေး ပါဘူး"

"ပိုးလေး ဘာတွေ ခံစားလို့မဆုံးသေးတာလဲ၊ မောင့်ကြောင့် တော့ မင်း ဘာမှမဖြစ်ပါစေနဲ့ကွာ"

နေကြိုင်လျှမ်းသည် ပိုးပြည့်စုံအပေါ် တော်ရုံမေတ္တာနှင့်ချစ်





ခြင်း မဟုတ်ပေ။ ဘဝပေါင်းများစွာကတည်းက စွဲလမ်းခဲ့သော သံ ယောဇဉ်နှောင်ကြိုးအထပ်ထပ်ဖြင့် ရစ်ပတ်ကာ ချစ်ခြင်း၊ စွဲလမ်းခြင်း မျိုးဖြစ်သည်။

ပိုးပြည့်စုံဟူသော မယ်တက္ကသိုလ်ဘွဲ့ရ မိန်းကလေး၏အလှ ဂုဏ်သတင်း၏ကျော်စောမှုကို သူ ကြားသိခဲ့ရသော်လည်း စိတ်မဝင် စားခဲ့သေးဘဲ အခြားမိန်းမချောလေးများနှင့်တွဲပြီး အချစ်ကို ရှာဖွေခဲ့ သည်။

သို့သော် တစ်နေ့ ကင်တင်းန်တစ်ခုထဲသို့ မာကြောကြော မျက်နှာ၊ တစ်လောကလုံး သူ့လုပ်စာ စားနေသည့်အတိုင်း ထီမထင် ပုံစံနှင့် မိန်းမလှတစ်ယောက်ကို စတွေ့လိုက်ချိန်၌ သူ့ရင် လှုပ်ခတ် သွားကာ

"အဲဒါ ဘယ်သူလဲ၊ ဘယ်မေဂျာကလဲ"

သူငယ်ချင်းကို လက်တို့ပြီး မေးလိုက်သည်။

"ငတိုး"

"ဘာဖြစ်လို့လဲ"

"မယ်တက္ကသိုလ်လေ"

"အချို့ မယ်တွေဟာ မီးရောင်နဲ့ မိတ်ကပ်ရောင်စုံကြောင့် လှကြတာ မဟုတ်လား၊ အပြင်မှာ သာမန်ရုပ်ရည်မျိုးပဲ။ သူကြတော့

မိုက်လှချည်လား"

"အေး မှတ်ထား။ ပိုးပြည့်စုံ တဲ့။ ပျားပိတုန်းတစ်ကောင်မှ အနားမသီနိုင်သေးတဲ့ ကွင်းနံ ပဲ"

"သူနားက အမျိုးသမီးကိုယ်ရံတော်ကထဲ ခွေးပစ်တဲ့တုတ်လောက်ပဲ ရှိတာ။ ဘာ အားကိုးနဲ့ မိုက်နေရတာလဲ"

"မသိဘူးလေကွာ။ သိချင်ရင် မင်း စမ်းသပ်ကြည့်ပေါ့ ခနရာ"

ထိုစဉ်က ပိုးပြည့်စုံနှင့်တွဲလျက် အရပ်ခပ်ပုပု မိန်းကလေးမှာ သျှင်ငြိမ်းပင် ဖြစ်ခဲ့သည်။

ပိုးပြည့်စုံနောက် နောက်ယောင်ခံရင်း သျှင်ငြိမ်းအကြောင်းကိုပါ သိခဲ့ရသည်။

သျှင်ငြိမ်းကို အောင်သွယ်နှင့်ချဉ်းကပ်ခြင်းကိုလည်း လက်မခံနိုင်သော မိန်းကလေးမျိုးဖြစ်၍ ကိုယ်တိုင်ပင် ကြိုးပမ်းခဲ့ရသည်။

ထိုသို့ကြိုးပမ်းရင်း တစ်နေ့တစ်ခြား ပိုးပြည့်စုံကို စွဲလန်းလာကာ အရူးအမူးပင် ချစ်သွားခဲ့သည်။

ချစ်သူဘဝရောက်တော့လည်း ပိုပြီးဆွဲဆောင်မှုရှိသောမိန်းမဟု ကောက်ချက်ချကာ ပိုးပြည့်စုံသာလျှင် သူ့ဘဝဟု ခံယူမိသည်အထိ ချစ်မိသွားခြင်းဖြစ်သည်။





"မောင် ငြိမ်ချက်သားကောင်းလှချည်လား၊ ဘာတွေ တွေးနေတာ လဲ"

"ပိုးလေး သဘောလေ။ ဘွားဘွားကကော ရက်ရွေးပြီးလို့လား"

"ဘွားဘွားက အသက်ကစကားပြောလာတော့ ဘာမှသိပ်မလှုပ်ရှားတော့ဘူး။ ပိုးလေးသဘောဆိုပြီး လွှဲထားတာ"

"ဒါဖြင့်လဲ မာမာ ရွေးထားတဲ့ရက်ပဲ လုပ်လိုက်ပါလား"

နေကြိုင်လျှမ်းက ပြောကြည့်လိုက်သည်။

ပိုးပြည့်စုံက ခေါင်းခါကာ

"ကျွန်မပဲ ရွေးမယ်။ ပြီးရင် မောင့်ကို အကြောင်းပြန်မယ်၊ မောင်လည်း အိမ်ဝင်ထွက်ခွင့်ရှိပြီလေ"

နေကြိုင်လျှမ်း သက်ပြင်းချလိုက်မိလေသည်။ ဖခင်သာကြား ပါက အဆူခံရမည်မှာ သေချာသည်။ ပိုးပြည့်စုံနှင့် ချစ်သူဘဝရောက် ပြီးနောက်ပိုင်း မကြာခဏဆိုသလို သူ သက်ပြင်းချတတ်နေလေပြီ။

သို့သော်

"မောင်လည်း အိမ်ကိုဝင်ထွက်ခွင့်ရှိနေပြီပဲ"ဟူသောစကားကြောင့် ပိုးပြည့်စုံနှင့်သူ့အကြား၌ အေးစက်မှုမရှိနိုင်တော့ဘူးဟု သူ

တွေးကာ ကျေနပ်သွားလေသည်။

ဦးပြည့်စုံက ဒေါ်နှင်းမြတ်နှင့် တွေ့ဆုံပြီး နောက်နေ့၌ ပြန်သွားခဲ့သည်။

စေ့စပ်ရက်နီးလာလျှင် လာခဲ့မည်။ ရက်သိလျှင် အကြောင်းကြားရန် မှာကြားသွားသည်။ သူ့သမီးကိုစိတ်မချ၍ သျှင်ငြိမ်းကို အတန်တန်မှာသွားသည်။

ပိုးပြည့်စုံသည် ပျော်ရွှင် ရွှင်လန်းတက်ကြွစွာ ရှိနေသဖြင့် သျှင်ငြိမ်း စိတ်အေးသွားရသည်။

အချစ်သည် လူကိုများစွာပြောင်းလွဲစေတတ်သည်ဟူသော အချက်ကို အချစ်နှင့်မတွေ့သေးသော သျှင်ငြိမ်းက နားမလည်ခြင်းဖြစ်သည်။

ခနကြိုင်လျှမ်း၏ကြည်နူးကျေနပ်နေသော မျက်နှာကို ကြည့်ပြီး သျှင်ငြိမ်း စိတ်ချမ်းသာသွားရသည်လည်း ပါသည်။

လိုက်ဖက်ညီသော ချစ်သူစုံတွဲလေးကို ပေါင်းဖက်စေချင်သည်မှာ သျှင်ငြိမ်း၏သန့်ရှင်းသော စေတနာပင်။

◆





## အခန်း(၃၁)

ပိုးပြည့်စုံ ချစ်သူမျက်နှာကို စေ့စေ့ကြည့်လိုက်သည်။

သူချစ်သူသည် ခပ်ပျော့ပျော့ယောကျ်ားတစ်ဦး မဟုတ်ပါဘဲလျက် အချစ်နှင့်ပတ်သက်တော့ ခံနိုင်ရည် မရှိပါသည်ကို သူ တွေ့လိုက်ရသည်။

"ဘာကြည့်တာလဲ ပိုးလေး"

"အိမ်ထောင်တစ်ခု တည်ဆောက်တဲ့နေရာမှာ ဘာ အရေးအကြီးဆုံးလို့ မောင် ထင်သလဲဟင်"

ပိုးပြည့်စုံ စကားလမ်းကြောင်းလွှဲပြီး မေးခွန်းတစ်ခုထုတ်လိုက်သည်။ လသာဆောင်ပေါ်ရှိ ဒန်းပေါ်တွင် နှစ်ယောက်သား ထိုင်ရင်း လပြည့်ည၏အရသာကို ခံစားနေကြသည်။

ဒါကလည်း ပိုးပြည့်စုံအား ခနကြိုင်လျှမ်း၏ လိုက်လျောမှု

ပင်ဖြစ်သည်။

ပိုးပြည့်စုံအိမ်၌ ညစာစားသည်။ ညစာဆိုသည့်အတိုင်း ညရှစ်နာရီခန့်ကမှ စားဖြစ်သည်။

ပြီးတော့ "ဒီနေ့ လပြည့်နေ့လေ မောင်၊ မပြန်နဲ့ဦး။ လပြည့်ညရဲ့အရသာကို မောင်နဲ့အတူ ကျွန်မ ခံစားကြည့်ချင်တယ်"ဟုတောင်းဆိုသဖြင့် နေကြိုင်လျှမ်း မငြင်းသာဘဲ လိုက်လျောခဲ့သည်။

"မောင် တစ်ခု တောင်းဆိုချင်တယ် ပိုးလေး"

"ဘာများလဲ မောင်၊ တစ်ခု မဟုတ်ဘူး။ ဆယ်ခုတောင်"

ပိုးပြည့်စုံက နေကြိုင်လျှမ်း၏ပခုံးထက်၌ ခေါင်းတင်လိုက်သည်။ နေကြိုင်လျှမ်းက အလိုက်သင့်ပင်ထွေးပိုက်လိုက်သည်။ သူ့ချစ်သူ၏အသားအရည်သည် တကယ်ပင် ပိုးသားလေးလို နူးညံ့နေသည်။ အထိအတွေ့တွေကလည်း သူ့အသည်းကို ကျွမ်းစေသည်။

"စေ့စပ်ပြီးရင် လက်ထပ်ရက်ကို အကြာကြီး ခွာမချိန်းစေချင်ဘူးကွာ၊ တစ်လလောက်ပဲ ခွာချင်တယ်"

"ဘုရားရေ၊ ဒါ ကျွန်မတို့ မိန်းမသားတွေဘက်က ပူပန်ပြီးပြောရမယ့်စကားပါ မောင်ရဲ့"

"မသိဘူးကွာ၊ မောင့်ရင်ထဲမှာ တစ်စုံတစ်ခုကို ကြောက်လန့်နေသလိုပဲ ခံစားရတယ်။ ချစ်သူနဲ့ကွေကွင်းရခြင်းဆိုတဲ့ ဒုက္ခဆင်းရဲကို





မောင် ထပ်မခံနိုင်တော့ဘူး"

"မောင်ကလဲကွယ်၊ မိုးပြို့မှာ ကြောက်တဲ့ တစ်တီတူးငှက်ငယ်လိုဖြစ်နေပြီ။ ကျွန်မလည်း ခံစားခဲ့ရတာယ်။ ဒီလိုပဲ ကျွန်မအဖေ၊ အမေနဲ့ဆက်နွယ်ပြီး ကျွန်မအမေလည်း ခံစားရမယ်"

"မောင့်မေမေပါ"

ပိုးပြည့်စုံက ပြုံးလိုက်သည်။ ထိုအပြုံးကို နေကြိုင်လျှမ်းက မတွေ့ချေ။ သူ့ပခုံးပေါ် မှီတင်ထားသော ပိုးပြည့်စုံ၏မျက်နှာကို သူဘယ်လိုနည်းနဲ့မျှ မတွေ့လိုက်ချေ။

"မောင့် မေမေ၊ ထားပါတော့ မောင့်မေမေကလည်း ကျွန်မမေမေပဲပေါ့။ အပဟင်း လွတ်လပ်စွာနေထိုင်တတ်တဲ့ ကျွန်မနဲ့ သားသမီးတွေကို ကိုယ်လိုချင်တဲ့ပုံစံချတာကို စည်းကမ်းလို့သတ်မှတ်တဲ့ ယောက္ခမ တွေကြတော့မှာပဲနော်"

"မတွေ့ပါဘူး။ ပါပါတို့က သားသမီးတွေလက်ထပ်တာနဲ့သီးသန့် အိမ်တစ်လုံးနဲ့ စီးပွားတစ်ခုကိုပါ ရင်းနှီးစားဖို့ စီစဉ်ပေးပြီးသားပါ။ ခု မောင့်ကို မေးနေတယ်။ ကုန်တိုက်ယူမလား၊ ထရေဒါလုပ်ငန်းယူမလားတဲ့။ ပိုးလေး ဘာကြိုက်သလဲ"

"မောင့်သဘောလေ။ ကျွန်မကတော့ ဘာမှ မကြိုက်ဘူး။ မောင့်ကိုပဲ ကြိုက်တယ်"

ပိုးပြည့်စုံ၏စကားကြောင့် ဓနကြိုင်လှျမ်း မချင့်မရဲဖြစ်သွားပြီး ချစ်သူကို ရင်ခွင်ထဲသို့ ဆွဲသွင်းလိုက်လေသည်။

"အို မောင်နော်"

လွင့်ပါးနေသော တိမ်မျှင်တိမ်တိုက်ညိုက အုပ်မိုးကာ ရက်တတ်သောဖိုးရွှေလကိုဖုံးအုပ်ကာ အကာအကွယ်ပေးလိုက်လေသည်။

◆





## အခန်း(၃၂)

ဓနကြိုင်လှျမ်း တံခါးကို အသာအယာပိတ်လိုက်သည်။

ထိုစဉ် မီးများက ဖျတ်ခနဲ လင်းလာသည်။ သူ့ရင်ထဲ ထိတ်ခနဲ ဖြစ်သွားသည်။

"ဘယ်အချိန်ရှိပြီလဲ သား"

လက်ပတ်နာရီကို ကြည့်လိုက်သည်။ ညတစ်နာရီခွဲနေလေပြီ။

"တစ်နာရီခွဲ"

မိခင်၏မျက်လုံးများကို သူ ရင်ဆိုင်ရန် မဝံ့မရဲဖြစ်ရသည်။

"မိန်းကလေးက ဒီအချိန်ထိ သားကို လက်ခံထားရသလား"

"သားတို့ လသာဆောင်ပေါ်မှာ လရောင်ခံစားရင်း စကားပြောနေကြတာပါ မာမာ။ ဩော် . . နောက်နှစ်ပတ်ပြည့်တဲ့နေ့မှာ သူ့

အိမ်မှာပဲ စေ့စပ်ခြင်းကို လက်ခံမယ် ပြောပါတယ် မာမာ"

မနုကြိုင်လျှမ်းက ရရှိခဲ့သောသတင်းကို ဝမ်းသာအားရပင် ဆက်ပေးလိုက်သည်။

"ဟင် နောက်နှစ်ပတ်ပြည့်တဲ့နေ့ ဟုတ်လား"

"ဟုတ်တယ် . မာမာ"

ဒေါ်နှင်းမြတ်က ပြက္ခဒိန်ရှိရာသို့ ဖျတ်လတ်စွာလျှောက်သွားပြီး ချက်ချင်းပင် ကြည့်လိုက်သည်။

"မင်းဟာမလေးကတော့လေ၊ အင်မတန် ခွကျတဲ့ မိန်းကလေးပဲ"

"ဘာဖြစ်လို့လဲ"

"လမိုက်ညကြီးလေ။ ရုံးပိတ်ရက်လည်း မဟုတ်"

"ညဘက်ပဲ လုပ်မယ်တဲ့။ လူကြီးတွေကို ညစာကျွေးရင်းပေါ့တဲ့။ တစ်ဘက်ကို စုံတွဲအစိတ်စီလောက်နဲ့ သူငယ်ချင်းတွေလောက်ဆိုရင် တော်ပြီလို့ ပြောတယ်"

"ဒါတွေဟာ ညမှ ပြောရသလား၊ အခြားအချိန်တွေမှာ ပြောလို့ မရဘူးလား။ မာမာ စိတ်တွေ လေးလိုက်တာ သားရယ်။ မာမာတို့ ရွေးပေးတဲ့ရက်ကိုလည်း လက်မခံဆိုတော့ သားကို ချစ်လွန်းလို့ရယ်၊ ဦးပြည့်စုံရဲ့တောင်းပန်မှုကြောင့်ရယ်သာ လက်ခံရတာ မာမာစိတ်ထဲ





မှာ အဲ့ဒီမိန်းကလေးကို သဘောမတွေ့တာတော့ အမှန်ပဲ"

"မာမာကလည်း ဘာတွေ ပြောမှန်းလည်း မသိဘူး။ ကျွန်တော် အိပ်ချင်ပြီ ဂွတ်နိုက် မာ"

"ဘာ ဂွတ်နိုက်လဲ၊ မောနင်းဖြစ်နေပြီ မောနင်း"

မနုကြိုင်လျှမ်း ပြုံးပြီး မိခင်ကို ကျောခိုင်းကာ အပေါ်ထပ်သို့ ခြေသံမကြားစေရန် ပြေးတက်ခဲ့လေသည်။ ဖခင်နိုးမှာ စိုးသည်။

သို့သော် လှေကား တစ်ဆစ်ချိုးတွင် လှေကားထိပ်၌ မားမား ရပ်နေသောဖခင်ကို တွေ့လိုက်ရသောအခါ ရင်ထဲ ဟိုက်ခနဲ ဖြစ်သွားလေသည်။

"မနု ဒီရက်ပိုင်းတော့ မင်းကို ပါပါ ခွင့်လွှတ်မယ်။ အဲ . . တစ်ခုတော့ သတိပေးလိုက်မယ်။ မိန်းမတစ်ယောက်ကြောင့် ဘဝ ပျက်တာမျိုးတော့ မဖြစ်စေနဲ့ ကိုယ့်စိတ်ကို ကိုယ်ထိန်းနိုင်ပါစေ"

"ဟုတ်ကဲ့ ဖေဖေ ကျွန်တော့်စိတ် ကျွန်တော် နိုင်ပါတယ်။ မဖြစ်စေရပါဘူး"

"အေး . . မိန်းမတွေကိုလျှော့မတွက်နဲ့။ မိန်းမတွေရဲ့သဘောဟာ စောကြောရခက်တယ်။ သူတို့ရဲ့နှလုံးသားဟာ နူးညံ့လည်း လွယ်တယ်၊ မာကျောချင်ရင်လည်း ယောကျ်ားတွေထက်တောင် မာကျောပြတ်သားတဲ့အခါမျိုးလည်း ရှိကြတယ်"

နေကြိုင်လျှမ်းသည် ဖခင်ဦးကြိုင်လျှမ်းကို ထူးဆန်းစွာကြည့်လိုက်သည်။ တစ်ခါမှ မိန်းမအကြောင်း အချစ်အကြောင်း မပြောဖူးချေ။ ပညာရေးအကြောင်း၊ စီးပွားရေးအကြောင်းက လွဲ၍ လက်ပွန်းတတီး မနေသော ဖခင်ထံမှ ယခုလိုစကားမျိုးပြောကြားခြင်းကို အံ့အားသင့်သွားသည်။

"မင်းကို အတတ်ပညာပေးပြီးပြီ။ လေ့ကျင့်မှုတွေလည်း ရှိပြီးသားဖြစ်တော့ လောကခံရဲ့ ရိုက်ခတ်မှုဒဏ်ကို မင်း ရင်ကော့ပြီး ရင်ဆိုင်နိုင်ရမယ်"

"ဟုတ်ကဲ့ ဖေဖေ"

"ကဲ သွားအိပ်တော့။ နီးလာမှထတော့။ လုပ်စရာရှိတာကိုတော့ စေ့စပ်ရက်မတိုင်ခင်အထိ ပုံမှန်လုပ်နေရမှာပဲ"

"ဟုတ်ကဲ့ သားကလည်း လုပ်မှာပါ"

"အေးပါ ငါယုံကြည်တယ်။ ပါပါနဲ့မာမာတို့ရဲ့သားဟာ ပြဿနာတစ်ခုကို ဘယ်တော့မှ လွယ်လွယ်နဲ့ အရှုံးမပေးတတ်ဘူး ဆိုတာကိုပဲ။ ကဲ သွား သွား"

ဖခင် ခွင့်ပြုချက်ရသည်နှင့် နေကြိုင်လျှမ်း သူ့အခန်းထဲသို့ ဝင်လာခဲ့လေသည်။ ချစ်သူနှင့် ချစ်ခွန်းတွေ ခြွေကာ လည်ချင်းယှက်နွယ်ပျော်ခဲ့သော အရသာလေးကို ပြန်လည် ခံမြိန်မပြန်နိုင်တော့ဘဲ





ကိုယ်လက်သန့်စင် ညအိပ်အကျႌလဲကာ အိပ်ရာဝင်လိုက်သည်။

ဖခင်က သူ့ချစ်သူကို ဘာကြောင့်များ မယုံကြည်ရပါလိမ့်။

ဒီလောက် လှပြီး ဒီလောက် ချစ်စရာကောင်းတဲ့ မိန်းကလေးကို ဖခင်က သေသေချာချာမမြင်ဖူး၍ ဖြစ်သည်။

◆

## အခန်း(၃၃)

ပိုးပြည့်စုံသည် သျှင်ငြိမ်းကို မကျေမနပ်လှမ်းကြည့်လိုက်သည်။

"ရှင်က ဒါ လေစိမ်းတွေတိုက်တဲ့သဘောလား

သူပေးသောအဝတ်အထည်စများကို သျှင်ငြိမ်းက ငြင်းပယ်နေသဖြင့် ပိုးပြည့်စုံ မကျေမနပ်ဖြစ်သွားခြင်းဖြစ်သည်။

သျှင်ငြိမ်း ဖြေရ ခက်သွားသည်။ ပိုးပြည့်စုံ လက်ခံနိုင်မည့် အဖြေတစ်ခုကို ရှာဖွေလိုက်သည်။ အချိန်ကို ဆိုင်းငံ့၍ကလည်း မရ။

"ကျုပ်လို သာမန် မိန်းကလေးတစ်ယောက်၊ အထူးသဖြင့် လိုင်းကားတိုးစီးနေတဲ့ မိန်းမတစ်ယောက်အနေနဲ့ ရှင်ပေးတဲ့ အဖိုးတန်ပစ္စည်း မတန်လို့ပါဟယ်"

"ဒီလို ရှင်မပြောနဲ့။ အစက_ယူပြီး အခု မယူတာက အပြန်အလှန် ကျေးဇူးတရားမရှိတော့ဘူးလို့ ရှင်ယူဆလို့လား မယ်ငြိမ်း"





သျှင်ငြိမ်း ပိုးပြည့်စုံစကား အပေါ် နားမလည်နိုင်လောက်အောင်ဖြစ်သွားရသည်။

"အဟင်း အိပ်ချင်ဟန်ဆောင်နေတာလား မယ်ငြိမ်း။ ရှင်ဟာ အင်မတန် ပါးနပ်လိမ္မာတဲ့သူတစ်ယောက်ပါ။ ကျုပ် ဘာကိုဆိုလိုသလဲ ဆိုတာ ရှင် သိမှာပါ"

"ကျုပ် တကယ်မသိလို့ပါ"

သျှင်ငြိမ်းရင်ထဲ ဒွိဟစိတ်ဖြင့် နားထောင်လိုက်သည်။

"အဆောင်မှာ နေစဉ်ကာလမှာ ရှင်နဲ့ကျုပ် အပြန်အလှန် ကျေးဇူးရှိတယ်။ ရှင့်ဆီက လုပ်အားကို ကျုပ်ရတယ်။ ကျုပ်ဆီက အထောက်အပံ့ကို ရှင်ရတယ်။ ဘာပြဿနာမှ မရှိဘူး၊ ကြေရောလို့ ရှင် ထင်တယ်"

သျှင်ငြိမ်း၏ နှလုံးသားသို့ ချွန်မြထက်မြက်နေသော အပ်သွားများ လာရောက်စိုက်လေသည်။ သျှင်ငြိမ်းသည် ငွေကြေးအထောက်အပံ့ကို လုံးဝ မယူသောအခါ ပိုးပြည့်စုံက သူ့အား အဝတ်အစား အသုံးအဆောင်များနှင့် ဟင်းချက်စရာများ တန်ဖိုးကြီးကြီးဝယ်ယူပေးတတ်သည်။

ပိုးပြည့်စုံ စိတ်ဆိုးမှာစိုး၍သာ သူ လက်ခံထားခြင်းဖြစ်သည်။ ထိုကျေးဇူးတရားကို သူ မမေ့ပါ။ သူ့အတွက်က အဝတ်တစ်ထည်ဝယ်

ဝတ်မည့်အစား စာအုပ်ကောင်းကောင်း တစ်အုပ်ကို ဝယ်ယူ ဖတ်ရှု လိုက်ချင်သည်။ ထို့ကြောင့် အဝတ်အစားကိုတော့ မဝယ်ဖြစ်ချေ။

"ကဲပါလေ ရှင် ဒီလောက်အထိအတွေးခေါင်မနေပါနဲ့။ ရှင် အဲဒီလိုထင်ရင် ကျုပ် စိတ်မကောင်းဘူး။ ပေး ပေး။ ဒီကအပြန် ဝင် ချုပ်လိုက်မယ်"

ပိုးပြည့်စုံ၏နောက်စကားများကို သူ မကြားတော့ချေ။ ရင် ထဲကဝေဒနာကို ဖုံးကွယ်ရင်း ပိုးပြည့်စုံပေးသောပစ္စည်းအိတ်ကို လှမ်း ယူလိုက်ရသည်။

"ကျုပ် အင်ဂေ့ချ်အမီ ချုပ်နော်"

"အေးပါ"

ပိုးပြည့်စုံ၏မျက်ဝန်းဝယ် ကျေနပ်သောအရိပ်အယောင်များ ယှက်သန်းနေလေသည်။

သူ ဖြစ်ချင်သည်ကို ဖြစ်ရမည်။ သူ့ဆန္ဒကို လိုက်လျောလျှင် ကျေနပ်နေတတ်ပြီ။ သူ့ဆန္ဒကိုမလိုက်လျောမချင်း မကျေနပ်မှုများကို ပြသမဆုံးတော့ချေ။ သူ့ဆန္ဒကို လိုက်လျောလာအောင်လည်း နည်း မျိုးစုံဖြင့် ကြိုးပမ်းလေ့ရှိသည်။

"မနက်ဖြန် ဒီနေ့ မလာဘူးလား"

"လာပါတယ်။ ညနေဘက်မှ ဒီမှာ ထမင်းစားသွားပြီးမှပြန်





တယ်"

"လက်ထပ်ရက်ကိုပါ တစ်ခါတည်း သတ်မှတ်မှာ မဟုတ် လား။ ရှင် ရွှေးပြီလား"

"အင်း"

"ကျုပ် ဘွားဘွားဆီ သွားတွေ့လိုက်ဦးမယ်"

"ခြံထဲမှာ"

"အင်း . . . လာတုန်းက တွေ့ခဲ့တယ်"

ဘာကြောင့်ရယ် မသိ။ ပိုးပြည့်စုံနား၌ ကြာရှည်စွာ မနေချင် ပေ။ ဓနနှင့် ရည်းစားဘဝ မရောက်ခင်က သူတို့နှစ်ဦး၏ ချစ်ခင်မှု အတိုင်းအတာသည် နွေးထွေးခင်မင်လိုက်လှဲမှုရှိသည်။

ယခုနောက်ပိုင်း ပိုးပြည့်စုံ၏မျက်လုံးများ အရောင်ပြောင်းနေ သည်။ အမူအရာများ အေးစက်နေသည်ဟု ခံစားရပြီး ပိုးပြည့်စုံနှင့်တွေ့ ရမှာကို ဝန်လေးလာလေသည်။

ပန်းခြံထဲ၌ နေဆာလှုံရင်း စာဖတ်နေသော ဘွားသီရိထံသို့ သူ ရောက်သွားသည်။

ဘွားသီရိက သျှင်ငြိမ်းကိုလှမ်းကြည့်လိုက်ပြီး နွေးထွေးသော အပြုံးကို ပြုံးပြရင်း

"လာ သျှင်ငြိမ်း။ ထိုင်"

“ဟုတ်ကဲ့ ဘွားဘွား”

“ဒီတစ်ခါ ဘွားဘွားလည်း ဒီမှာအတော်ကြာသွားတော့ ပျင်းပြီကွယ်၊ ပြန်ချင်ပြီ။ မြေးလေး စေ့စပ်ပွဲပြီးတာနဲ့ ပြန်တော့မယ်”

“လက်ထပ်ပွဲက ရှိသေးတယ်လေ၊ တစ်လလောက်ပဲ ခွာမယ် ဆို”

“အဲဒီလောက်အထိ မနေနိုင်တော့ဘူးကွယ်။ အဲဒီရက် နီးမှာ ပြန်လာမယ်။ ဘာကြောင့်မှန်း မသိပါဘူးကွယ်၊ စိတ်ထဲ လေးလိုက်တာ။ ဒါကြောင့် အိမ်ပြန်ချင်ပေမယ့် ပိုးလေးကို စိတ်မချတာနဲ့ပဲ ဒီမှာ သောင်တင်နေတာ”

“အန်ကယ်လ်ကကော ဘယ်နေ့လာမှာလဲ”

“သန်ဘက်ခါရောက်မယ်။ အဖေကိုမခေါ်သေးတော့ အဘွားလဲ စိတ်မောနေတယ်။ အဘွားလဲ ငယ်ငယ်တုန်းက စိတ်မျိုးမဟုတ်တော့ ဟိုမိန်းကလေးကို ပြန်တွေ့ရမှာတောင် မျက်နှာပူနေခဲ့တယ်။ ဒါပေမယ့် အဲဒီ မိန်းကလေးသိအောင်တော့ ပြောပြချင်တယ်။ ဝဋ်ဆိုတာ နောင်ဘဝအထိတိုင်အောင် မစောင့်ဘူးဆိုတာကိုတော့ ပြောပြချင်နေတယ်”

“ဘာဖြစ်လို့လဲ ဘွားဘွား”

“သမီးလဲ ကြားပြီးဖြစ်မှာပါ”





“ဟုတ်ကဲ့ ဒေါ်နှင်းမြတ်ဆီက ဘွားဘွား သူ့ရုပ်ရည် အားနည်းချက်နဲ့ပတ်သက်ပြီး ပြောဆိုခဲ့တယ်ဆိုတာကို သိပါတယ်”

“အေး ဟုတ်တယ်။ ဘွားဘွား အဲဒီလိုပြောခဲ့ပေမယ့် နှစ်အတော်ကြာတဲ့အထိ ဘွားဘွား နောင်တ မရခဲ့ဘူး။ ဒါပေမယ့် သားပြည့်စုံ၊ မင်းအန်ကယ်လ်က ပထမအိမ်ထောင်ဆုံးပြီး နောက်ယူလိုက်တဲ့မိန်းမကို လက်ထပ်ပြီးမှ အမေ့ကိုအသိပေးတယ်။ အမေက တစ်ပင်လဲလို့ တစ်ပင် ထူတာကို အပြစ်မတင်ပါဘူး။ ဒါနဲ့ ခွင့်လွှတ်ပြီး အသိအမှတ်ပြုမယ် ဆိုပြီး ခေါ်လဲ တွေ့လိုက်ရော၊ ဘွားဘွားရင်ထဲ အတော်ကို နာနာကျင်ကျင် ခံစားလိုက်ရတယ်”

သျှင်ငြိမ်း သဘောပေါက်လိုက်လေပြီ။ ဒေါ်နှင်းမြတ်ကို ပြုလိုက်သော ဦးပြည့်စုံ၏နောက်အိမ်ထောင်ဓာတ်ပုံကို သူတွေ့ခဲ့သောကြောင့် ဖြစ်သည်။

ဘွားသီရိ ရင်ထဲ၌ မနေ့တစ်နေ့ကလိုပင် ခံစားပြီး ပြောနေသည်။

“အမေ မကြိုက်နိုင်တဲ့ ရုပ်ရည်ရှိတဲ့ အဲ . . . ရည်းစားဦးနဲ့တူတဲ့မိန်းကလေးကို ထပ်ယူပြလိုက်တာ အမေ့ကိုအရွဲ့တိုက်တာလား၊ ဒါမှမဟုတ် သူ့နှလုံးသားမှာ ရည်းစားဦးက ရှိနေဆဲလား ဆိုတဲ့ သံသယနဲ့ လေ့လာကြည့်တော့ အမှန်တကယ်ပဲ ရည်းစားဦးကို စွဲစွဲလန်း

လန်း ရှိခဲ့တယ်လို့ သိလိုက်ရတော့ ဘွားဘွား နှောင်တရခဲ့တယ်"

ဘွားသီရိမျက်နှာသည် မျက်မှောက်ကိုမမြင်၊ အံတိတ်လွှင်ပြင်ကိုသာ ပြန်လည်ရောက်ရှိမြင်ယောင်နေသည့်အလား ရှိသည်။

"ဘွားဘွားစကားတစ်ခွန်းကြောင့် ဘွားဘွားသားရဲ့ ရုပ်ပိုင်းဆိုင်ရာမှာ ထိခိုက်မှု မရှိဘူး။ အများအမြင်မှာလည်း ဂုဏ်တင့်နေပေမယ့် အဘွားသားရဲ့နှလုံးသားနဲ့ စိတ်ပိုင်းဆိုင်ရာမှာ အနာတရ ရှိနေခဲ့ပါလား၊ အဲဒီအနာဖေးဟာ တော်ရုံနဲ့ မကျက်လို့သာ ရည်းစားဦးနဲ့တူတဲ့မိန်းမကို ထပ်ယူပြလိုက်တာ ပါလားလို့ သိလိုက်ရတဲ့အခါ အဘွားစိတ်မကောင်းဖြစ်မိတယ်။ ဒါကြောင့် နောက် သားသမီးမြေးတွေရဲ့ အိမ်ထောင်ရေး၊ အချစ်ရေးတွေမှာ လမ်းညွှန်ပြရုံကလွဲပြီး ဝင်ရောက်မစွက်ဖက်တော့ဘူးလို့ ပိုင်းဖြတ်ခဲ့တယ်"

ဘွားသီရိက စကားရှည်ကြီးပြောရသဖြင့် မောဟိုက်သွားဟန်တူသည်။ ရေနွေးတစ်ခွက်ကို မော့သောက်လိုက်သည်။

သျှင်ငြိမ်းရင်ထဲရှိခဲ့သော သံသယအိမ်ဖလေး ကြီးထွားလာသည်။

ပိုးပြည့်စုံနှင့် ခနကြိုင်လျှမ်းတို့၏အချစ်ရေးကိစ္စကို အဓိကကြိုးကိုင်သူမှာ မည်သူမှမဟုတ်ဘဲ ပိုးပြည့်စုံကိုယ်တိုင်ဖြစ်နေသည်ဟု။

"ဒါကြောင့် ပိုးလေး ချစ်သူ ခနဟာ ဒေါ်နှင်းမြတ်သား လို့





သိလိုက်ရတဲ့အခါ အဘွားအနေနဲ့ အမေကို အရင်မေးကြည့်ပြီး လူကြီးခွင့်ပြုချက်ယူနိုင်းရုံကလွဲရင် ဘာမှ မကန့်ကွက်ခဲ့ဘူး။ သမီးရှင်တစ်ယောက်အနေနဲ့ ကာကွယ်သင့်တာ ကာကွယ်ပေးတာပဲ။ ကျန်ကိစ္စတွေဟာ ပိုးလေးဆန္ဒအတိုင်းပါ။ ဘယ်အထိ စဉ်းစားထားသလဲဆို ဟိုဘက်က သဘောမတူလို့ မြေးလေးကလည်း ချစ်သူကို မခွဲနိုင်ရင် ဟိုဘက်က အမွေဖြတ်စွန့်လွှတ်ပါစေ အဘွားကိုယ်တိုင် လက်ထပ်ပေးမယ်လို့အထိ မြေးလေးကို အားပေးပြီးသားပါ။ ခုလို ဟိုဘက်က ကြည်ဖြူလာတယ်ဆိုတော့လည်း အတိုင်းထက်အလွန်ပေါ့လေ"

သျှင်ငြိမ်း ဟိုဘက်က ဘာကြောင့် သဘောတူရသလဲ ဆိုသည့်မြှုပ်ကွက်ကို ဘွားသီရိအား ထုတ်ဖော်မပြောပြသကဲ့သို့ ခနကောသူပါ ပိုးပြည့်စုံအားလည်း မပြောပြတော့။

ဒါကလည်း ဦးပြည့်စုံ၏မေတ္တာရပ်ခံချက်ကြောင့်လည်း ပါသည်။

သျှင်ငြိမ်း တစ်စုံတစ်ခု စိုးရိမ်လာသည်။

ပိုးပြည့်စုံ၌ ဘာအကြံအစည်ရှိနေသနည်း။

"သားကတော့ သူ့သမီး ဘာပဲလုပ်လုပ် လိုက်လျောမှာပဲ။ ဟိုဘက်ကကော တကယ်ပဲ ကြည်ကြည်ဖြူဖြူရှိရဲ့လား"

"ရှိပါတယ်။ လိုအပ်တာ မှန်သမျှ ဖြည့်ဆည်းပေးဖို့ မျက်ခြည်

မပြတ် ကြည့်နေတာပဲ"

"အေးကွယ်၊ အဘွားမြေးထဲမှာ စိတ်အကြီးဆုံးက ဒီမြေးပဲ။ သူ့အိမ်ထောင်ရက်သားကျသွားရင်ပဲ အဘွား စိတ်အေးရပါပြီ။ သျှင်ငြိမ်းလဲ မင်းသူငယ်ချင်းကို စောင့်ရှောက်ပါ"

"ဟုတ်ကဲ့ပါ"

"သမီး အနှံ့အတာခံခဲ့မှန်း သိပါတယ်။ ပိုးလေးက သူ့စိတ်ဆန္ဒကိုပဲ သူ ဦးစားပေးလေ့ ရှိတယ်။ အနိုင်ယူလိုတဲ့စိတ်ထားလည်း ရှိတယ်။ နှစ်အရှည်ကြီး ပေါင်းသင်းခဲ့တဲ့ သျှင်ငြိမ်းကို ဘွားဘွားက ချီးမွမ်းနေတာ"

"ဒီအိမ်မှာနေမပေးတဲ့အတွက် ကျွန်မကို ခွင့်လွှတ်ဖို့တောင်းပန်ပါတယ်။ မယ်ပိုးအတွက် စိတ်ချရပြီဖြစ်လို့ပါ"

"အစကတော့ အဘွားလည်း နားမလည်ပါဘူး။ ဒါပေမယ့် နောက်ပိုင်းနားလည်လာတယ်။ သျှင်ငြိမ်းမှာ သူငယ်ချင်းကောင်းတွေမှာရှိသင့်တဲ့ အရည်အချင်း အားလုံးရှိပါတယ်။ ပိုးလေးတို့ ချစ်သူနှစ်ဦးရဲ့ပြဿနာကိုလည်း မင်း ခေါင်းမရှောင်ပါဘူး။ တတ်နိုင်သမျှ ကြားဝင်ပေးခဲ့တယ်ဆိုတာ သိရတယ်"

"မယ်ပိုး ပြုံးပျော်နေတာကိုပဲ ကျွန်မ မြင်ချင်တာပါ။ ကျွန်မအတွက် ဘာမှမျှော်လင့်ချက်မထားပါဘူး။ ကျွန်မရဲ့တစ်ခုတည်းသော





မျှော်လင့်ချက်က ပညာရေးနဲ့အမြင့်ဆုံးကိုရောက်ရှိချင်ပါတယ်။ အဲဒါ တစ်ခုတည်းပါ။ အမြင့်ဆုံးကိုရောက်ဖို့ ကျွန်မ မနားမနေကြိုးစားနေတာပါ"

ဘွားသီရိ သျှင်ငြိမ်း၏စကားကို အကြွင်းမဲ့ ယုံကြည်လိုက်သည်။

သျှင်ငြိမ်းသည် အချစ်ရေးကို စိတ်ဝင်စားလာသည့်တိုင် ထိုအချစ်ရေးသည် သူ့ရည်မှန်းချက်ပန်းတိုင်အောက်ဝယ်ပျောက်ကွယ်သွားလိမ့်မည်ဟု။

ပိုးပြည့်စုံကိုလည်း ဘွားသီရိ အရမ်း မျှော်မှန်းခဲ့သည်။ ထို့အတူ ဦးပြည့်စုံသည်လည်း သူ့သမီးသည် သူ့အပေါ် မကျေနပ်မှုများကြောင့် တစ်စုံတစ်ခု ဖြစ်မသွားရအောင် ပညာရေးနှင့်ပတ်သက်လျှင် လိုလေသေးမရှိ ပံ့ပိုးခဲ့လေသည်။

သို့သော် ပိုးပြည့်စုံသည် သူတို့မျှော်မှန်းသလို ဖြစ်မလာခဲ့။ ပညာရေး၌လည်း သာမန်ပင်။ စီးပွားရေးကိုလည်း စိတ်ဝင်စားပုံမရသေး။

သျှင်ငြိမ်းနှင့်နှိုင်းယှဉ်လိုက်တိုင်း ပိုးပြည့်စုံအပေါ် အားမရဖြစ်လာခဲ့လေသည်။

"ပိုးလေးကို လက်တွဲမခေါ်နိုင်တော့ပေမယ့် ခါတိုင်းလို သူ

ငယ်ချင်းကောင်း အနေနဲ့တော့ စောင့်ရှောက်ပေးဦးနော်။ ပြောမရတာတွေရှိရင် အဘွားကို လှမ်းအကြောင်းကြားပေးပါ"

"ဟုတ်ကဲ့"

သျှင်ငြိမ်းက ဘွားသီရိ စိတ်ချမ်းသာစေရန် "ဟုတ်ကဲ့"ဟုသာ ပြောလိုက်ရသည်။ ယခုနောက်ပိုင်း ပိုးပြည့်စုံနှင့်သူသည် အဝေးဆုံးသို့ ရောက်ရှိသွားလေသည့်ပမာ ခံစားနေရသည်။

"ကျွန်မပြန်လိုက်ပါဦးမယ် ဘွားဘွား၊ ကျူရှင်သွားသင်စရာရှိလို့ပါ"

"အေး . . . . အေး"

သျှင်ငြိမ်းသည် ပိုးပြည့်စုံ၏ အိမ်ဝင်းထဲမှ ခပ်သွက်သွက်လှမ်းထွက်ခဲ့လေသည်။

ခြံပြင်ရောက်ပြီးမှ ဘာကြောင့်ရယ်မသိ။ အိမ်ကြီးဆီသို့ သမင်လည်ပြန်လှည့်ကြည့်ရင်း စိတ်ထဲ၌ချောက်ချားသလို ဖြစ်မိလေသည်။

အိမ်ကြီးသည် တိတ်ဆိတ်ငြိမ်သက်လျက်ရှိသည်။

ငြိမ်သက်နေသောကန်ရေပြင်သည် ကြောက်စရာကောင်းသကဲ့သို့ပင်။

◆





## အခန်း(၃၄)

"မနေ့ ရှင် အားသလား"

"အားပါတယ်။ ပိုးလေးဆီတော့ သွားရမယ်"

"ဒီလိုဆို ကျွန်မကို ရှင်ပဲ လိုက်ပို့ပေးပြီးမှ မယ်ပိုးဆီ သွားလိုက်ပါလား"

နေကြိုင်လျှမ်း ရင်ထဲ ထိတ်ခနဲ ဖြစ်သွားသည်။ သျှင်ငြိမ်းသည် သူလိုက်ပို့မည်ဆိုသည့်အခါတိုင်း အကြောင်းအမျိုးမျိုးပြကာ ငြင်းဆန်တတ်သည်။ မလွှဲမကင်းသာမှ သူ လိုက်လေ့ရှိသည်။

ယခုလို စတင်ပြောဆိုလာသည့်အတွက် သူအံ့အားသင့်သွားသည်။

"ကိစ္စရှိလို့လား"

"ဆိုပါတော့။ မယ်ပိုး မသိပါစေနဲ့။ ရှင့်အတွက် အရေးကြီးတယ် ဘယ်သူမှမသိတာ အကောင်းဆုံးပါပဲ"

"ကောင်းပြီ အခု ပြန်မှာလား"

"ရှင်လဲ ပိုးလေးဆီ သွားမှာ ဆိုတော့ ကွန်ပျူတာဆရာမဆီ ခွင့် တောင်းလိုက်မယ်။ အခုပဲ သွားတာပေါ့"

"အိုကေ ကျွန်တော် ကားပေါ်က စောင့်နေမယ်"

ခနကြိုင်လျှမ်းက ကားပေါ်၌ ပြန်စောင့်လိုက်သည်။

ဒေါ်နှင်းမြတ်က ခြံထဲမှ ပန်းခူးပြီး တက်အလာနှင့်ကြုံပြီး

"ဟဲ့ အခုပဲ ရောက်တယ်။ ခုချက်ချင်းထွက်ပြီး အခစားဝင် တော့မလို့လား"

"မဟုတ်ပါဘူး။ သျှင်ငြိမ်းက ခေါင်းကိုက်နေတယ် စောပြန် ချင်တယ်ဆိုလို့ပါ"

"ဩော် . . .မင်းအစ်ကိုဆေးခန်း ဝင်ပြပေးလိုက်ပါလား"

"သူ လက်ခံရင် ပြပေးပါ့မယ်"

ဒေါ်နှင်းမြတ်သည် သျှင်ငြိမ်းအပေါ်တွင်တော့ မေတ္တာထား သည်။ ပိုးပြည့်စုံအပေါ်တွင်တော့ ထားနိုင်ပုံမပေါ်သေးချေ။

ထိုစဉ် သျှင်ငြိမ်း ထွက်လာသည်။

"သမီး ဆေးခန်းဝင်လိုက်နော်"

သျှင်ငြိမ်းက ရုတ်တရက် နားဝေတိမ်တောင် ဖြစ်သွားပုံရ သည်။ ခနကို လှမ်းကြည့်သည်။





ခနက မိခင်နှင့်လည်း မျက်နှာချင်းဆိုင်ရှိနေ၍ အမူအရာ မပြနိုင်။ သို့သော် လူ့အရိပ်အကဲကို အင်မတန်နားလည်သော သျှင် ငြိမ်းက "ဟုတ်ကဲ့"ဟု ဆိုလိုက်သဖြင့် ကိစ္စပြီးပြတ်သွားလေသည်။

ခနဘာပြောထားမှန်း သျှင်ငြိမ်း မသိ။ ခနမျက်လုံးက ခေါင်း ညိတ်လိုက်စေချင်သည့်သဘောမျိုးဆောင်နေသည်။

"ကဲ သွား၊ သွား။ သား ဟိုဘက်အိမ်ဝင်ဦးမှာ မဟုတ်လား။ မိုးမချုပ်စေနဲ့နော်"

"ဟုတ်ကဲ့"

သျှင်ငြိမ်း နောက်ခန်း၌ ထိုင်မည် လုပ်သည်။ ခနကြိုင်လျှမ်း က ရှေ့ခန်းတံခါးကိုသာ ဖွင့်ပေးသဖြင့် သူဝင်ထိုင်လိုက်ရလေသည်။

တစ်နေရာရာမှာ သွားရောက်ပြောဆိုခြင်းအတွက် ခနအချိန် ပေးချင်ဟန် မတူ။ သူ၏အားလပ်ချိန်များကို ချစ်သူထံပါး၌သာ ကုန် ဆုံးချင်ပုံရသည်။

"တစ်နေရာရာ သွားပြောမလား"

"ရပါတယ်။ ကားပေါ်မှာပဲ ပြောတာပေါ့"

"မာမာကို သျှင်ငြိမ်း ခေါင်းကိုက်လို့ အိမ်ပြန်ချင်လို့ လိုက်ပို့ မယ် ပြောလိုက်လို့"

"ကျွန်မလည်း ရိပ်မိလို့ ဟုတ်ကဲ့ လိုက်ရတာပဲ"

"ကိစ္စအထူးအထွေရှိသလား"

"ရှိတာ မဟုတ်ဘူး။ သတိပေးချင်တာပါ။ စိတ်ထဲထင့်တဲ့ အကြောင်းအရာတစ်ခုကို ဖွင့်ဟပြောဖို့ကလည်း အတော် ခက်တယ်။ ဒါပေမယ့် နေ မိခင်ဟာ ကျွန်မရဲ့အလုပ်ရှင်ဖြစ်ရုံတင်မကဘူး။ အလုပ်ရှင်ထက်ပိုတဲ့ ကူညီမှုတွေပေးနေတော့ ကျွန်မဟာ ဒီဘက်ကိုလည်း ကူညီသင့်တယ်လို့ ထင်တယ်လေ"

နေကြိုင်လျှမ်းရင်ထဲ စိုးထိတ်မှုလေး စတင်လာသည်။

"ကျွန်တော့်ရင်ထဲမှာလည်း တစ်မျိုးပဲ၊ စိုးကြောက်မှု တစ်ခုခု ရှိနေတယ် သျှင်ငြိမ်း"

"ဘယ်သူ့ကိုလဲ"

"ကျွန်တော် အချစ်ကိုကိုးကွယ်တတ်သူ မဟုတ်ပါဘူး။ ဒါပေမယ့် ပိုးပြည့်စုံနဲ့တွေ့ပြီး အချစ်ကိုတန်ဖိုးထားတတ်လာတယ်၊ ပိုးလေး အပေါ်လည်း မြတ်မြတ်နိုးနိုးနဲ့ ချစ်ခဲ့မိတာပါ"

"ကျွန်မလည်း နားလည်ပါတယ်၊ ဒါပေမယ့် ဒီအတွက် မျှော်လင့်ချက်သိပ်မထားနဲ့လို့ ကျွန်မ ပြောချင်တာ၊ သတိပေးချင်တယ်"

နေကြိုင်လျှမ်း ပြုံးလိုက်မိသည်။

"အံ့သြစရာပဲ"

"ဘာဖြစ်လို့လဲ"





"ပါပါကလည်း ကျွန်တော့်ကို အဲဒီလိုပဲ သတိပေးလို့ပါ"

သျှင်ငြိမ်း အံ့အားသင့်သွားလေသည်။

"ဟုတ်လား၊ အင်းလေ ဖြစ်နိုင်ပါတယ်။ ထိပ်တန်းစီးပွားရေးပညာရှင်ကြီးတစ်ယောက်အနေနဲ့ လူတွေရဲ့မှနောက်ကို သိနိုင်တာပေါ့"

"ဆိုလိုတာက ပိုးလေးတို့ဘက်က သိပ်စိတ်မချရဘူးလို့ ဆိုလိုတာလား"

သျှင်ငြိမ်း ဘာပြောရမှန်း မသိ။

"ကျွန်မ ခုလိုပြောတာတွေကို ပိုးလေးမသိစေချင်ဘူး။ ကြက်တူရွေးက တော်တော် မယ်ဘော်က ကဲတယ်လို့လည်း အထင်မခံနိုင်သလို၊ ဆင်ဝန်ကတော်ကြောင့်ကြကြီးတယ်လို့ထင်မှာ စိုးလို့ပါ"

"ပြောပါ၊ ကျွန်တော် ကတိပေးပါတယ်"

နေကြိုင်လျှမ်း သျှင်ငြိမ်း၏ ဂုဏ်သိက္ခာကို ယုံကြည်သည်။ အခြေအမြစ်မရှိသော တစ်ကောင်ကြွက်မိန်းမတစ်ယောက်ဟူ၍ အထင်သေး၍ မရချေ။ ဂုဏ်သိက္ခာရှိပြီး ဖြောင့်မတ်သောမိန်းမတစ်ယောက်ဖြစ်သည်။ ပညာဂုဏ်အရလည်း ပွဲလည်တင့်သော မိန်းမတစ်ယောက် ဖြစ်သည်။

"ဒီလိုဆို ကျွန်မကပဲ မေးခွန်း ထုတ်ပါရစေ"

"မေးပါ"

"ကြီးမေနဲ့ အိမ်တက်နေ့က ပြဿနာတက်သွားပြီးနောက် မယ် ပိုးဘက်က ဘာတွေပြောင်းလွဲလာသလဲ"

ဓနကြိုင်လျှမ်း ကြည်မွေ့စွာ ပြုံးမိသည်။ ချစ်သူသည် သား ရှင်ကြည်ဖြူရန် ဆိုပြီး အိမ်ရှင်မတို့တတ်အပ်သောပညာများကိုလေ့ လာနေပါပြီဟု ဆိုသည်။ သူ့ရင်ထဲ ချစ်သူအပေါ် အကြင်နာတိုးကာ မြတ်နိုးမှုပိုခဲ့ရသည့်အဖြစ် ပြောပြမိသည်။

သျှင်ငြိမ်းက သက်ပြင်း တိတ်တခိုးချလိုက်သည်။

"ဘွားသိရိရောက်လာပြီး အတိတ်ကအရိပ်တွေကြောင့် ရှင် တို့ချင်း မတွေ့ကြတဲ့ကိစ္စကိုကော ဘာပြောသလဲ"

"ဘွားသိရိ မာန်ကျအောင် မနည်းစည်းရုံးနေရလို့ပါလို့ ပြော တယ်။ နောက်အယုံသွင်းနေတာပါလို့လည်း ပြောတယ်။ ဘာဖြစ်လို့ ဒါတွေ မေးတာလဲ သျှင်ငြိမ်း"

သျှင်ငြိမ်း ဖြေရခက်နေပုံရသည်။

ဓနကြိုင်လျှမ်း နားမလည်နိုင်။

"သူငယ်ချင်းအပေါ် ကျွန်မ သစ္စာရှိရမယ်၊ ကျွန်မ ဘာကိုမှ ဂယနဏ မသိပေမယ့် ကျွန်မရဲ့ စိုးရိမ်ကြောင့်ကြမှုလွန်တဲ့သဘောနဲ့ ရှင့်အတွက် သတိပေးချင်တယ်။ မင်္ဂလာကိစ္စ အဆင်ပြေ ချောမွေ့ သွားမယ်ဆိုရင်တော့ ကျွန်မ ပြောဆိုခဲ့တာတွေကို မေ့ပစ်လိုက်ပါ





ဘကယ်လို့ပြဿနာဖြစ်လာပြီဆိုရင် ကိုယ့်စိတ်ကိုကိုယ်နိုင်နင်းအောင် ဆိန်းပြီး ကိုယ့်ဘဝကို မယိမ်းယိုင်ပါစေနဲ့လို့ သတိပေးချင်တာပါ"

ဓနကြိုင်လျှမ်း ဒီထက်ပိုမေးလည်း သျှင်ငြိမ်းက ပြောမည် မထင်။

"ဒီထက်ပိုသိတဲ့စကား ပြောနိုင်သေးသလား"

"ကျွန်မကို နားလည်ပြီး ခွင့်လွှတ်ပေးပါ"

"ကောင်းပြီလေ၊ ကျွန်တော် အတင်းအကြပ်မမေးတော့ပါဘူး"

"ကျွန်မ ခုလိုတွေဆုံပြောဆိုခြင်းကို ပိုးလေးမသိပါစေနဲ့နော်"

"စိတ်ချပါ။ ကျွန်တော် သဘောပေါက်မိသလိုရှိတာက ကျွန် တော်သတိထားရမယ့်သူထဲမှာ ပိုးလေးလည်းပါနေမယ်ဆိုတာကိုပဲ"

သျှင်ငြိမ်းထံမှ စကားသံ ထွက်မလာသောအခါ ဓနကြိုင်လျှမ်း ကောက်ချက်ချလိုက်သည်က ဆိတ်ဆိတ်နေခြင်းသည် ဝန်ခံခြင်းဟု ၍ပင်။

◆

## အခန်း(၃၅)

"မဟုတ်တာဗျာ၊ စေ့စပ်တာပဲဖြစ်ဖြစ်၊ လက်ထပ်တာပဲ ဖြစ်ဖြစ်ဗျာ၊ သားရှင်ဘက်ကပဲ အကုန်တာဝန်ယူပါရစေ။ အဲဒီမှာပြင်ဆင်ဖို့ကိစ္စတွေကော ကျွေးမွေးပြင်ဆင်တာအတွက်ပါ ကျွန်တော့်ဘက်ကလူတွေ လွှတ်လိုက်ပါပြီ။ ဦးပြည့်စုံလိုအပ်တာကိုညွှန်ကြားပါခင်ဗျာ"

ဦးပြည့်စုံ အနေဖြင့် ဦးကြိုင်လျှမ်း၏ ရည်မွန်သောစကားကြောင့် ချစ်သူကိုလုယူခြင်းအပေါ် ခွင့်လွှတ်လိုက်လေပြီ။ အတိတ်ကကိစ္စအားလုံးသည်လည်း ပြီးဆုံးသွားပြီပဲ။

ယခု သူ့ဘဝ၌ တွယ်တာစရာသမီး၊ နောက်ဇနီးနှင့် ချစ်စရာသားတစ်ယောက် သမီးတစ်ယောက်တောင်ထပ်ရနေပြီပဲ။ အတိတ်ကိုပြန်လည် မတမ်းတတော့။

သူ့ဘဝ၌ တစ်ခုတည်းသော အမှားအယွင်းတစ်ခုကတော့ ရှိနေသည်။





"ဟဲလို ဦးပြည့်စုံ"

"ဩော် ဦးကြိုင်လျှမ်း ကျွန်တော် နားထောင်နေပါတယ်၊ သဘောထားပြည့်လို့ ခင်ဗျားအပေါ် ကျွန်တော် ကျေးဇူးတင်လို့ မဆုံးအောင်ဖြစ်ပြီး ဘာစကားပြန်ပြောရမှန်းတောင် မသိပါဘူး"

"ရပါတယ်ဗျာ၊ ကျွန်တော် နေ့လည်တစ်ခေါက် လာကြည့်ပေးပါဦးမယ်"

"ကျေးဇူးပဲဗျာ"

"အိုကေ၊ ဒါဖြင့် ဖုန်းချလိုက်တော့မယ်"

တယ်လီဖုန်းချလိုက်ပြီး အတွေးစတို့က ဆက်လက်ရှင်သန်နေဆဲပင်ဖြစ်သည်။

သမီး ပိုးပြည့်စုံသည် သူ့ရောက်လာကတည်းက အခန်းအောင်းချင် အောင်း၊ မအောင်းလျှင် အပြင်သို့ထွက်နေတတ်သည်။

ယခုထိ သူ့ကို စကားမပြောသေး။ သူ့အပြစ်ကလည်း ကြီးခဲ့သည်ကိုး။ သမီးမိခင် ပန်းမာလာသည် မသေခင် သမီးအား ဘာတွေဖွင့်ဟကာရင်ဖွင့်သွားခဲ့သည်ကို သူ မသိနိုင်။

သူ နှင်းမြတ်ကို စွဲလမ်းစိတ်နှင့် ပန်းမာလာကို အစားထိုးဖြေသိမ့်ခြင်းမှအပ ပန်းမာလာ၏စိတ်အလိုပိုင်းကို မလိုက်လျောခဲ့။

ပန်းမာလာ ဘယ်လိုခံစားခဲ့ရသည်ကို သူ မသိခဲ့။

ပန်းမာလာကို သူ ဥပေက္ခာပြုထားခဲ့သည်။

ပန်းမာလာ ဆုံးရတာ နှလုံးရောဂါကြောင့်ဟု ပြောသည်။

သမီးလုပ်သူကတော့

"မေမေ စောစောစီးစီးသေရတာ ဖေဖေ့ကြောင့်"

ဟု စွပ်စွဲပြီး သူ နောက်အိမ်ထောင်ပြုတော့ သမီးက သူ့ကို လုံးဝ ဥပေက္ခာပြုသွားလေသည်။

ပန်းမာလာအတွက် ကလဲ့စားချေခြင်းလား။

ဦးပြည့်စုံ မိဘ၏ချစ်ခြင်းမေတ္တာဖြင့် ပိုးပြည့်စုံကို ခွင့်လွှတ်ခဲ့သည်။ ပန်းမာလာ့ဝင့်ကြွေးကို သူပေးဆပ်ရခြင်းဟု သူက ခံယူလိုက်သည်။

"သား ဦးကြိုင်လျှမ်းဆီကလား"

"ဟုတ်တယ် မယ်မယ်"

"အေးကွယ် ခုလို ဆိုပြန်တော့လည်း အားနာစရာတောင်ကောင်းနေပြီ။ စေ့စပ်ပွဲမှာတော့ ကိုယ့်သမီးဘက်က မျက်နှာမငယ်ရအောင် ဘာတွေ လက်ဖွဲ့မယ်၊ မယ်မယ်က ဘာတွေ လက်ဖွဲ့မယ်ဆိုတာပါ ဖွင့်ဟကြေညာခိုင်း လိုက်ဖို့ကော မင်း ရှေ့နေကို မှာထားပြီးပြီလား"

"စာရင်းပါ ပေးပြီးပါပြီ"





"အေး・・・ဒါဆို စိတ်ချရပါပြီ"

"ဒါထက် မယ်မယ့်မြေးကော"

"ရှိတယ်လေ၊ အပေါ်ထပ်မှာ အိပ်ကောင်းတုန်း"

"အလုကော၊ ဘယ်မှာ ပြင်မှာလဲ"

အဖေတစ်ယောက်ဖြစ်ပေမယ့် မနေနိုင်။ မိခင်နေရာပါယူ၍ လိုက် ပူနေရသည်။ တမလွန်ဘဝသို့ ရောက်သွားပြီဖြစ်သော ဇနီးကောင်း ပန်းမာလာကိုလည်း ကျိတ်၍ တောင်းပန်လိုက်သည်။ "ခွင့်လွှတ်တော့ ပန်းမာလာ မင်းစိတ်ဆင်းရဲရသမျှ မင်းသမီးလေးကိုစိတ်ချမ်းသာစေရမယ်။ မင်း အိမ်ထောင်ရေးကံဆိုးခဲ့တယ်လို့ မင်းယူဆခဲ့ရင် မင်း သမီးလေး ကံကောင်းစေရပါမယ်"

ဦးပြည့်စုံ စိတ်ထဲမှ ကျိတ်၍ တောင်းပန်လိုက်သည်။

ထိုစဉ် ခနကြိုင်လျှမ်းကား ရောက်လာသည်။

"အန်ကယ်လ်၊ ဘွားဘွား ဘာလိုသေးလဲလို့လာကြည့်တာပါ"

"ဘာမှ မလိုပါဘူးကွယ်"

အိမ်ရှေ့မြက်ခင်းပြင်ဝယ် စားပွဲကုလားထိုင်များ ချ၊ သစ်ပင်များ၌ မီးရောင်စုံ ဆင်သည်။ တီးဝိုင်းကိုလည်း ငှားထားသေးသည်။

စေ့စပ်ပွဲမျှပင်ဖြစ်သော်လည်း လိုလေသေးပရှိ စည်ကားစေရန် ပြင်ဆင်ပေးသည်။

"ပိုးလေးကော"

ဦးပြည့်စုံ ဖြေရခက်သဖြင့် မိခင်မျက်နှာသို့သာ ကြည့်လိုက်သည်။

ဘွားသီရိက မှသားမပါ လက်ာမချော် ပြောဆိုလိုက်သည်။

"ညက အိပ်မပျော်ဘူး ထင်တယ်၊ ဒါနဲ့ အိပ်ဆေးတိုက်ပြီး သိပ်ထားလို့ အိပ်နေတယ်။ တစ်သက်မှာ တစ်မင်္ဂလာဆိုတော့လည်း စိတ်လှုပ်ရှားတယ် ထင်ပါ့ကွယ်"

ဘွားသီရိစကားကြောင့် ခနကြိုင်လှျမ်းကပင် အားတုံ့အားနာဖြစ်သွားပြီး

"ကိစ္စမရှိပါဘူး ဘွားဘွား၊ ကျွန်တော်ကလည်း မတွေ့လို့မေးမိတာပါ။ ခြံထဲပြန်ဆင်းလိုက်ပါဦးမယ်"

ခနကြိုင်လှျမ်း အိမ်ပေါ်မှ ပြန်ဆင်းသွားသည်။

ဟိုတယ်တစ်ခုခု၌ စေ့စပ်ပွဲလုပ်ချင်သော်လည်း ပိုးပြည့်စုံက လက်မခံ၊ သူ့အိမ်၌ပင် လုပ်ချင်ပါသည်ဆိုတော့လည်း ခနကြိုင်လှျမ်းတို့ဘက်က လိုက်လျောပေးသည်။

အစစအရာရာလိုက်လျောပေးလွန်းသဖြင့် ဘွားသီရိပင်လျှင် မယုံကြည်နိုင်အောင်ဖြစ်ပြီး စိတ်၌ တထင့်ထင့်ရှိနေသည်။

မုန့်တိုင်းဆင်ကာနီး ကောင်းကင်၏ငြိမ်သက်မှုပေလားဟုပင်





စိုးကြောက်စွာတွေးရင်း ဆုတောင်းမေတ္တာတွေ အကြိမ်ကြိမ်အလီလီပို့သနေရသည်။

ခနကြိုင်လှျမ်း ခြံထဲတွင် ဟိုတယ်ဝန်ထမ်းများနှင့်အတူ ပန်းအလှဆင်ပေးနေသော သျှင်ငြိမ်းကို တွေ့လိုက်ရသည်။

"ဘယ်လိုလဲ သျှင်ငြိမ်း၊ ညက ဒီမှာ အိပ်တာလား"

"မအိပ်ပါဘူး၊ မနက်စောစောထလာခဲ့တာ။ ဒါထက် ဆန်နီကောခေါ်ခဲ့မှာ သေချာရဲ့လား၊ ကျွန်မက ကတိပေးထားတာနော်"

"သေချာပါတယ်။ အစ်ကိုတွေ လာကြမှာပဲ၊ သူ့ဘကြီးတွေဝင်ခေါ်ခဲ့လိမ့်မယ်"

သျှင်ငြိမ်းနှင့်ခနကြိုင်လှျမ်း စကားပြောနေသည်ကို အပေါ်ထပ်ရှိ မီးခိုးရောင်မှန်သားနောက်ကွယ်မှ ကြည့်နေသော ပိုးပြည့်စုံက တွေ့လိုက်ရသည်။

နှုတ်ခမ်းကို တွန့်ရုံပြုံးလိုက်လေသည်။

ကျေနပ်ပြုံးလား၊ မကျေနပ်ပြုံးလား ဆိုခြင်းကိုတော့ ဘယ်သူမှ မမြင်တွေ့လိုက်ရချေ။

မြင်တွေ့သည့်တိုင်အောင်လည်း ပိုးပြည့်စုံ၏အပြုံးကို ဘယ်သူမှ ခွဲခြမ်းဝေဖန်ပိုင်းခြားတတ်မည် မဟုတ်ချေ။

◆

## အခန်း(၃၆)

သျှင်ငြိမ်းနှင့်အတူတွဲလျက် ပိုးပြည့်စုံသည်ဧည့်ပရိသတ်ထဲ လျှောက်လာသည်။

ခနကြိုင်လျှမ်းက နောက်ကျမှဆင်းလာသည့် ပိုးပြည့်စုံတို့ကို ကြိုလိုက်သည်။

ပိုးပြည့်စုံဝတ်လာသောအရောင်အတွက် ခနကြိုင်လျှမ်းစိတ်ထဲ မနှစ်မြို့နိုင်အောင် ဖြစ်ရသည်။

အစိမ်းရောင်မှ မြသားရောင် ပိုးသားစိမ်းလေး၊ ဖြူဝင်းသောအသားအရည်နှင့်ကတော့ လိုက်ဖက်လွန်းလှသည်။ တကယ့် မြစိမ်းရောင်မင်းသမီးလေးအလားပင်။

"နောက်ကျလိုက်တာ ပိုးလေးရယ်၊ ဧည့်သည်တောင် စုံနေပြီ"

"အလုပြင်ဆရာက နောက်ကျတာကိုး မောင်ရယ်"





သျှင်ငြိမ်း သူတို့နှစ်ယောက်အား ထားခဲ့ပြီး ဖဲခွာကာ သူငယ်ချင်းများရှိရာ စားပွဲ၌ ဝင်ထိုင်လိုက်သည်။

"ပိုးပြည့်စုံက လှတော့ လှပါတယ်။ ဒါပေမယ့် မင်္ဂလာနေ့မှာ အစိမ်းရောင်ဝတ်တာကတော့ မကောင်းပါဘူးဟယ်"

"အိုး ခုခေတ်မှာ အယူတွေ မရှိပါဘူး"

"လှရင် ပြီးတာပဲပေါ့"

သူငယ်ချင်းတွေကြားထဲ သျှင်ငြိမ်း ဘာမှဝင်မပြော။ စိုးထိတ်စွာဖြင့် ပိုးပြည့်စုံကို ကြည့်နေမိသည်။

ပိုးပြည့်စုံ နောက်ကျရခြင်းမှာ အလှပြင်ဆရာ နောက်ကျ၍ မဟုတ်။ ဟိုဟာ မကြိုက်ဘူး၊ ဒီဟာ မကြိုက်ဘူးနှင့် ပြန်ပြင်ဆင်ခိုင်းတာတွေနှင့် အချိန်ကုန်သွားခြင်းဖြစ်သည်။

အခမ်းအနားမှူးက စေ့စပ်ကြမည့်မောင်မယ်များ၏နှစ်ဘက်ဆွေဂုဏ် မျိုးဂုဏ်နှင့် ကာယကံရှင်နှစ်ဦး၏ ပညာဂုဏ်ရည် အရည်အသွေးများကို အာဝဇ္ဇန်းရွှင်ရွှင်နှင့်တင်ပြအပြီးတွင် ပိုးပြည့်စုံက ထိုင်ရာမှ ဆတ်ခနဲထကာ အခမ်းအနားမှူးအနီး လျှောက်သွားပြီး

"ကျွန်မ စကားနည်းနည်းပြောချင်တယ်"

"သမီးပြောရမှာ မဟုတ်ဘူးလေ။ ဟစ်ဘက်စီက ရွေးထားတဲ့လူကြီးမင်းတွေ ပြောရမှာ"

သျှင်ငြိမ်းမှာ ဒိတ်ခနဲဖြစ်သွားပြီး ထိုင်ရာမှ ဆတ်ခနဲ ထမိလျက်သား ဖြစ်သွားသည်။

"ပယ်ပိုး"

နှုတ်မှတော့ အသံထွက်မလာချေ။

ရင်ထဲမှာတော့ ဟန့်တားနေသည်။

"ရှင် မလုပ်ပါနဲ့၊ အားလုံးအပေါ်ရှင်လက်တုံ့မပြန်လိုက်ပါနဲ့"

သို့သော်

"ကိစ္စရှိလို့ပါ အန်ကယ်လ်"

အခမ်းအနားမှူးက ဖယ်ပေးလိုက်ရသည်။

ခနက္ကြိုင်လျှမ်း မျက်လုံးမျက်ဆန်ပြူးသွားသည်။

"သမီး ပိုးလေး"

ဦးပြည့်စုံက ဟန့်တားရန် နေရာမှ ထလိုက်သည်။

သို့သော်

"ကြွရောက်လာသော နှစ်ဘက် ဂုဏ်သရေရှိလူကြီးမင်းအပေါင်းကို ကျေးဇူး အထူးတင်ရှိပါတယ်။ ဒါပေမယ့် ဝမ်းနည်းစွာနဲ့ပဲ ကျွန်မအနေနဲ့ ဒီစေ့စပ်ပွဲကို လက်မခံနိုင်ကြောင်း ပြောကြားပါရစေ"

"ဟာ"

"ဟင်"





"ဟယ်"

"ဘယ်လိုဖြစ်တာလဲ"

"မိဘတွေက အတင်းအကျပ်စီစဉ်တာလား"

"ဒါ ခနကို သက်သက်ချိုးတာ"

ပရိသတ်က ရုတ်တရက် ဆူညံသွားသည်။

ခနကြိုင်လျှမ်းက မတ်တပ်ရပ်မိလျက်သားဖြစ်သွားသည်။

ပိုးပြည့်စုံက လက်ကာကာ

"သည်းခံပါ။ ကျွန်မ ဘာကြောင့်ငြင်းပယ်ရသလဲဆိုတာပြောရရင် ရှင်းပါတယ်။ ခနကြိုင်လျှမ်းဟာ ဦးကြိုင်လျှမ်းနဲ့ ဒေါ်နှင်းမြတ်သားဖြစ်နေတဲ့အတွက်ကြောင့်ပါပဲ။ အဲဒါပါပဲရှင်"

ပိုးပြည့်စုံက ပြောပြီးသည်နှင့် အိမ်ကြီးဆီသို့လျှောက်သွားရာ

ဦးပြည့်စုံသည် ဘာကိုမှမမြင်တော့။ သူ့အနီးသို့ရောက်လာသော ပိုးပြည့်စုံ၏ပခုံးနှစ်ဘက်ကို ဆွဲယူလှုပ်ယမ်းလိုက်ပြီး

"အမိုက်မ၊ နင် ဘာလုပ်တာလဲ၊ ရူးနေသလား"

"ဒေါ်မြန်းမာလာအတွက် သက်ဆိုင်သူအားလုံးကို ကလဲ့စားချေလိုက်တာလေ"

"ဘာ"

"မြန်း"

သမီးဖြစ်သူကို လက်ဖြင့် ရွယ်ဖို့ ဝေးစွ၊ လေသံမာမာမျှပင် မပြောဖူးသော ဦးပြည့်စုံ၏ ညာလက်ဝါးသည် ပိုးပြည့်စုံပါးပြင်ပေါ်သို့ ကျရောက်သွားလေသည်။

ပိုးပြည့်စုံ ဟစ်အော်ပြီး အိမ်ထဲသို့ ပြေးဝင်သွားလေသည်။

ခနေကြိုင်လျှမ်း ကြက်သေသေကျန်ရစ်ခဲ့သည်။

ဦးပြည့်စုံက ဦးကြိုင်လျှမ်းနှင့် ဒေါ်နှင်းမြတ်အား ကြည့်လိုက်သည်။

ဦးကြိုင်လျှမ်း မေးရိုးကြောကြီးများ ထောင်ထနေသည်အထိ အံကြိတ်ကာ လက်သီးကို ခပ်တင်းတင်းဆုပ်ထားလေသည်။

ဘွားသီရိ မှုးမိုက် လဲကျသွားသဖြင့် အမျိုးများက ပြေးကာ ပြုစုကြလေသည်။

"ခင်ဗျား ဘာပြောချင်သလဲ ဦးပြည့်စုံ၊ ခင်ဗျားအကြံ ဒါ အကုန်ပဲလား"

"မဟုတ်ဘူးလို့ ကျွန်တော်ငြင်းလည်း ခင်ဗျားတို့ ယုံမှာ မဟုတ်တော့ပဲဗျာ။ ဘာပဲဖြစ်ဖြစ် သားသမီး မကောင်း မိဘခေါင်းပါ။ ကျွန်တော့်အပြစ်၊ ကျွန်တော့်ယုတ်မာမှုလို့သာ သတ်မှတ်လိုက်ကြပါတော့ဗျာ"

သျှင်ငြိမ်း ပိုးပြည့်စုံနောက်သို့အပြေးလိုက်သွားလေသည်။





"မယ်ပိုး၊ ရှင် ပြန်ပြင်လို့ရသေးတယ်နော်"

"မပြင်ဘူး။ ဘယ်တော့မှ မပြင်ဘူး"

"ရှင် ဘယ်သူ့မျက်နှာမှ မကြည့်နဲ့၊ ရှင့်နှလုံးသားကို ရှင် ကြည့်ပါ"

လေ့ကားထစ်များကိုပြေးတက်ရင်း ပိုးပြည့်စုံအား တတ်နိုင်သမျှ တားဆီးရန် ကြိုးစားသည်။

သို့သော် သျှင်ငြိမ်း အပေါ်ထပ်**အ**ရောက်၌ ပိုးပြည့်စုံ၏ အိပ်ခန်းတံခါးပိတ်သွားလေသည်။

"မယ်ပိုး မယ်ပိုး"

"ဒီမှာ သျှင်ငြိမ်း၊ ရှင် သနားရင် ခနအနား ရှင်သွားလိုက်ပါ။ ရှင့်ကို ကျုပ်ပေးကမ်းဖို့ ရည်ရွယ်ထားတဲ့အထဲမှာ မနလည်း ပါတယ်။ ရှင် ယူလိုက်တော့"

ထိုအသံကိုကြားလိုက်ရသည်နှင့် သျှင်ငြိမ်းနှုတ်သည် အလိုအလျောက် ပိတ်သွားလေတော့သည်။

သျှင်ငြိမ်း ဆိုသော သာမန်မိန်းမတစ်ယောက်ကို ပိုးပြည့်စုံ လျှော့တွေးလိုက်သည်ကိုး။

ပိုးပြည့်စုံအခန်းရှေ့မှ တစ်လှမ်းချင်း ထွက်ခွာကာ အောက်ထပ်သို့ ဆင်းခဲ့လေသည်။

သူ့ ခြေလှမ်းများသည် ပိုးပြည့်စုံအား ကျောခိုင်းလိုက်သော ခြေလှမ်းများဖြစ်လိမ့်မည်ဟု သူသိလိုက်ရပြီး စိတ်ထိခိုက်ခြင်း၊ ရင်မှာ နာကျင်ခြင်းနှင့်အတူ ကျခဲ့သောမျက်ရည်စက်တို့က ပါးပြင်ထက်သို့ တလိမ့်လိမ့်ကျ ဆင်းလာသည်။

သန့်ရှင်းဖြူစင်သော သူ့စေတနာအား “ရှင့်ကို ပေးကမ်းဖို့ ရည်ရွယ်ထားတဲ့အထဲမှာ နေလည်း ပါတယ်။ ရှင်ယူလိုက်တော့” ဟူ သောစကားဖြင့် နင့်နင့်သီးသီး ရိုင်းရိုင်းစိုင်းစိုင်း အစော်ကားခံလိုက် ရလေပြီ။

အပြင်ရောက်တော့ နေသည် မိခင်နှင့် ဖခင်ကို တွဲခေါ်ကာ ကားရှိရာသို့ လျှောက်သွားသည်ကို တွေ့လိုက်ရလေသည်။

နောက်မှ သတိရကာ နောက်သို့လှည့်ကြည့်ပြီး သျှင်ငြိမ်းကို ရှာလိုက်သည်။ သျှင်ငြိမ်းကို တွေ့တော့ လျှောက်လာပြီး

“ကျေးဇူးတင်တယ် သျှင်ငြိမ်း။ ကျွန်တော့်မှာကြိုတင်ပြင်ဆင် မှုရှိနေတဲ့အတွက် ကျွန်တော် ဆိုးဆိုးရွားရွားဖြစ်လာမှာ မဟုတ်ပါဘူး။ ဒီနေ့တော့ ခွင့်လွှတ်ပါ။ သူငယ်ချင်းတွေနဲ့ပဲ ပြန်လိုက်သွားလိုက်ပါ”

သျှင်ငြိမ်း ခေါင်းညိတ်လိုက်သည်။ ပါးပြင်ပေါ်မှ စီးကျလာ သော မျက်ရည်စတို့သည် ခြေဖမိုးပေါ်သို့ ခုန်ပေါက် ဆင်းသွားလေ သည်။





ပိုးပြည့်စုံ ပစ်လိုက်သော ခဲတစ်လုံးသည် နေတစ်ယောက် တည်း ထိမှန်သွားသည် မဟုတ်။

ဦးပြည့်စုံ၊ ဘွားသီရိ၊ ဦးကြိုင်လျှမ်းနှင့်ဒေါ်နှင်းမြတ်ကိုပါ ထိ မှန်သွားခဲ့သည်။ ထိုမျှမက သျှင်ငြိမ်းကိုပါ အဖျားခတ် ထိမှန်သွားခဲ့လေ ပြီ။

ကာယကံရှင် ပိုးပြည့်စုံကတော့ . . . ။

◆

# အပိုင်း (၅)

## အခန်း(၃၇)

ခနကြိုင်လျှမ်းသည် အမိမြန်မာမြေသို့ နင်းလိုက်ရသည်နှင့် အားအင်သစ်တစ်ခု ထပ်မံတိုးပွားလာသလို ခံစားလိုက်ရသည်။

အမိမြေနှင့်ခွဲခွာနေရသည်မှာ (၁၀)နှစ်ကာလရှိပြီ ဆိုတော့လည်း မြန်မာပြည်ကိုလွမ်းလာသည်။

နှလုံးသားအဏ်ရာကလည်း ပညာရေး၊ စီးပွားရေးများနှင့် လုံးပန်းရင်းနှင့် ကျက်သွားခဲ့လေသည်။ ကျောချမှ ဓားပြမှန်း သိရသည့် အဖြစ်။

ချစ်သူ၏ရက်စက်မှုဖြင့် အရှက်ရစေခဲ့သည့် နာကျင်စေခဲ့သည့် သူ့နှလုံးသားကို တိုင်းတစ်ပါး၌ အလုပ်နှင့်ပညာပါယူရင်း မြှုပ်နှံခဲ့သည်။

လေဆိပ်အဆောက်အအုံထဲသို့ ဝင်သည်နှင့် မိဘနှစ်ပါးနှင့်





အစ်ကို၊ အစ်မ၊ တူ၊ တူမများကို တွေ့လိုက်ရသည်။

ထိုကြားထဲမှ ပြည်ပခရီးသည်ထွက်ခွာရန် နေရာသို့ သွားနေသောလူအုပ်ထဲမှ တစ်ဦးတစ်ယောက်ကို လှမ်းမြင်လိုက်ရသည်။

"သျှင်ငြိမ်း"

လိုက်လံပို့ဆောင်သူတွေ အများကြီးအကြားမှာ သျှင်ငြိမ်းအရပ်သည် ပျောက်ကွယ်လုဖြစ်သော်လည်း သျှင်ငြိမ်း၏ဂုဏ်ရောင်သည် တောက်ပြောင်လျက်ရှိသည်။

ဒေါက်တာဒေါ်သျှင်ငြိမ်း။

"ဒေါက်တာ ခေါ်နေတယ်"

သျှင်ငြိမ်း သူ့ကို တွေ့သွားလေပြီ။

လက်ပြကာ သူ့ထံသို့ လျှောက်လာသည်။

"ဟယ် ခနု ပြန်လာပြီလား"

"ဟုတ်တယ်၊ ဒေါ်သျှင်ငြိမ်းကော ဘယ်သွားမလို့လဲ"

"သျှင်ငြိမ်းဟာ သျှင်ငြိမ်းပါပဲ"

ရင်ဘတ်မှ **Name Card** ကလေးက သျှင်ငြိမ်း၏ပညာအရည်အချင်း၊ အလုပ်အကိုင်၊ သွားရောက်လေ့လာရမည့်နိုင်ငံနှင့် သင်တန်းကို ဖော်ပြထားလေသည်။

သျှင်ငြိမ်းဘဝရည်မှန်းချက် ပြည့်စုံသွားလေပြီ။

"ဘယ်လောက်ကြာမှာလဲ"

"တစ်နှစ်"

"ရှင်ကော အပြီးပြန်လာတာလား"

"ဟုတ်ပါတယ်"

"ဒေါက်တာ သတင်းစာတိုက်ပုံရိုက်ဖို့ ခေါ်နေပါတယ်"

ဒေါ်သျှင်ငြိမ်း မအားမ

ပညာရဲရင့် ပွဲလယ်တင်လျက် ရှိသည်။ ခနကြိုင်လှုမ်းနှင့် ခနမိဘများကို ကမန်းကတန်းနှုတ်ဆက်ပြီး လာရောက်ပို့ဆောင်သူများ ထံသို့ လိုက်သွားရလေတော့သည်။

ခနကြိုင်လှုမ်းက

"သျှင်ငြိမ်းဟာ အတုယူဖို့ကောင်းတဲ့ မိန်းမတစ်ယောက်ပဲ"

ဟု ကောက်ချက်ချလိုက်လေသည်။

ဒေါ်နှင်းမြတ်က

"ဟုတ်တယ်သား"

ဟု ထောက်ခံရုံမျှအပ စကားစဖြတ်လိုက်သည်။

"ပစ္စည်းစုံရင် သွားကြရအောင်"

အားလုံး လေဆိပ်အဆောက်အအုံထဲမှ ထွက်ခဲ့လေသည်။

ထိုစဉ် အပေါ်ထပ်ဆည့်ခန်းတစ်နေရာမှ အောက်ထပ်သို့လှမ်း





ကြည့်နေသော ရောင်မျက်မှန်တပ်ထားသည့်အမျိုးသမီးတစ်ယောက်ကို ဘယ်သူမှ သတိမမူလိုက်မိချေ။

ထိုအမျိုးသမီးသည် · · · · ·

◆

## အခန်း(၃၈)

အသက်(၃၀)ကျော်အရွယ် ယောကျ်ားတစ်ယောက်၏ ခန့်ညားမှုက တည်ငြိမ်ရင့်ကျက်လာသဖြင့် ပို၍ကြည့်ကောင်းလာသည်။

သို့သော် ထိုသို့ကြည့်ကောင်းမှုက ကျွန်မနှလုံးသားကို ပူလောင်စေသည်။

ခင်ပွန်းဖြစ်သူ စင်ကာပူနိုင်ငံကပြန်အလာကို စောင့်ကြိုရင်း မမျှော်လင့်ဘဲ မမြင်ချင်ဆုံးသူနှစ်ယောက်ကို မြင်တွေ့လိုက်ရသည်။

တစ်ယောက်က ချစ်ဦးသူ။

တစ်ယောက်က အချစ်ဆုံးသူငယ်ချင်း။

တိုက်တိုက်ဆိုင်ဆိုင် တစ်မိုးအောက်၌ နှစ်ယောက်စလုံးကို တစ်ပြိုင်နက်တွေ့လိုက်ရသည်။

သူတို့နှင့် ကျွန်မ လာကြပုံ၊ သွားကြပုံ၊ ရည်ရွယ်ချက်ခြင်း ဦးတည်ချက်ခြင်း မတူညီကြချေ။





ကျွန်မက အင်မတန် ခြေလှမ်းဖျက်ပြီး အငယ်အနှောင်းထားချင်နေပြီဖြစ်သော ခင်ပွန်းဖြစ်သူအား မျက်ခြည်ပြတ် မခံနိုင်၍ ပုဆိုးစဆွဲကာ လိုက်နိုင်သမျှ သွားလေရာရာ လိုက်ရသည်။ မလိုက်နိုင်က အကြိုအပို့ကအစ မျက်ခြည်ပြတ် မခံနိုင်ဘဲ စောင့်ကြိုရသည်။ ပို့ပေးရသည်။

သားတစ်ယောက်၊ သမီးတစ်ယောက်ရသည့်အခါမှ ဖေဖေ့ကိုတောင်းပန်ကာ ကြေအေးခဲ့သည်။ မိဘမေတ္တာကို ကျွန်မ နားလည်ခံစားနိုင်ပြီဖြစ်၍ ဖြစ်သည်။

စိတ္တဇဝေဒနာတစ်ပိုင်း၊ နှလုံးရောဂါတစ်ပိုင်း အသက်ဆုံးသွားခဲ့သော မိခင်အတွက် ကျွန်မ တာဝန်ကြေပြီဟု ရူးသွပ်စွာ သတ်မှတ်ခဲ့သေးသည်။

စေ့စပ်ပွဲပျက်သွားပြီးနောက် ကျွန်မချစ်ဦးသူစနေသည် ကျွန်မအား လုံးဝ မဆက်သွယ်တော့ချေ။

ထို့အတူ သျှင်ငြိမ်းသည်လည်း ကျွန်မအပါးမှကြက်ပျောက်ငှက်ပျောက် ပျောက်သွားခဲ့သည်။

စနေ နိုင်ငံခြားသို့သွားမည်ကြားသောအခါ ကျွန်မလေဆိပ်သို့ ရောက်ခဲ့သေးသည်။

လွန်ခဲ့သော (၁၀)နှစ်ခန့်က ဖြစ်သည်။

နှင်းဆီပန်းစည်းလေးကိုင်ကာ ခနအား ပန်းပေးကာတောင်းပန်ချင်သည်။

အဘယ်ကြောင့်ဆိုသော် စေ့စပ်ပွဲ ပျက်သွားခြင်းကို ကျွန်မ ပျော်ရွှင်လိမ့်မည် ထင်ထားသော်လည်း ကျွန်မ မပျော်ရွှင်နိုင်၍ ဖြစ်သည်။

ကျွန်မနှုတ်က လိမ်ညာစကား ထွက်လို့ ရသည်။ သို့သော် ကျွန်မနှလုံးသားကို ကျွန်မ လိမ်ညာ၍မရပါ။ ကျွန်မနှလုံးသား၌ ခန တစ်ဦးတည်း တည်ရှိနေသည်။

သို့သော် ခနအား ပန်းစည်း မပေးနိုင်ခဲ့။ မတောင်းပန်နိုင်ခဲ့။ အဘယ်ကြောင့်ဆိုသော် ဒေါ်နှင်းမြတ်ဟူသောမိန်းမကြီးက ခန အပါး၌ ရှိနေခြင်းကြောင့်ဖြစ်သည်။ ဒေါ်နှင်းမြတ်ကို မုန်းလိုက်သည်မှ မိခင်၏စကားသံ ကြားယောင်တိုင်းဖြစ်သည်။

"ကိုယ်ချစ်ကိုမရခဲ့ သူချစ်ကိုရှာ သမီး။ ကိုယ်နဲ့အတူအိပ်နေတဲ့ ကိုယ့်ယောက်ျားက အခြားမိန်းမနာမည်ကို တမ်းတ ယောင်ယမ်းနေတဲ့အဖြစ်နဲ့ ကိုယ်ဟာ အစားထိုးခံရသူပါလားဆိုတဲ့ အသိကို ဘယ်သူ ခံစားနိုင်မှာလဲ သမီး"

အမှန်တကယ်တော့ ထိုစဉ်က အရွယ်မရောက်သေးသော ကျွန်မ၏ဦးနှောက်သေးသေးကို မိခင်က မထည့်သင့်သော အမုန်း





စကားများထည့်ပေးခဲ့သဖြင့် ကျွန်မ အတွေးအခေါ်သည် လွဲမှားသွားခြင်း ဖြစ်သည်။

ထိုစဉ် ခန လေယာဉ်ပေါ်တက်ပြီး အမိမြေမှ ထွက်ခွာသွားချိန်၌ ကျွန်မ မျက်ရည်ကြွေလွင့်ခဲ့ရသေးသည်။

ထို့အတူ ကျွန်မလက်မှပန်းစည်းသည်လည်း မွမွကြေသွားခဲ့ရသည်။

နောက် ဘွားဘွား သဘောတူသောသူနှင့် ယက်ထပ်ခဲ့သည်။ ခင်ပွန်းထံမှ အချစ်ကိုတော့ ရခဲ့ပါသည်။ သားတစ်ယောက်၊ သမီးတစ်ယောက် ထွန်းကားခဲ့သည်။

သို့သော် စည်းစိမ်ချမ်းသာကတိုးပွားလာသည်နှင့်အမျှ ခင်ပွန်းမှာ အလုပ်တွေကများ၊ လမ်းတွေကများလာသောအခါ စိုးထိတ်မှုက ရှိလာသည်။

ကျွန်မ ချစ်သူကို ဝံပုလွေအဖြစ်ရှာနည်းနှင့် ရှာပြီး ကျွန်မ ပစ်ခဲ့သလို ကျွန်မခင်ပွန်းကလည်း ကျွန်မအား ပစ်ခဲ့လျှင် . . . .

သားနှင့် သမီးအတွက် ကျွန်မ ခင်ပွန်းက မျက်ခြည်ပြတ်မခံဘဲ တကောက်ကောက်လိုက်နေရသည့် အဖြစ်ကိုသာ သူ့ျင်ငြိမ်းသိခဲ့လျှင် . . .

ကျွန်မ စွန့်ကြဲပေးကမ်းလိုက်သော ကျွန်မနှလုံးသားကို ပ

ကောက်ယူဘဲ ဘုရင်မအဖြစ်ကိုသာ ရယူ ကြိုးစားသွားသော သျှင်ငြိမ်း။ ဒု ပါမောက္ခ။ သာမန်မိန်းမ မဟုတ်တော့။

ဒေါက်တာသျှင်ငြိမ်း တဲ့။

သျှင်ငြိမ်းနှင့် မျက်နှာချင်း မဆိုင်ဝံ့၍ ရှောင်ရှားရင်း· · ·

ထို့အတူ ခနကိုလည်း ရှောင်ရှားရပေဦးမည်။

အကယ်၍များ သူတို့နှစ်ဦးနှင့် ဆုံတွေ့လိုက်ချိန်၌ သူတို့က ပြုံးပြနှုတ်ဆက်လိုက်ခြင်းကို ကျွန်မ မလုံမလဲနှင့်။

ဥဒုံမရဒေဝီအပြုံးနှင့် ကျွန်မကို ပြုံးပြနေသလားဟု သေးသိမ်စွာခံစားရမည့်ဒဏ်ကို ကျွန်မ ခံစားနိုင်လိမ့်မည် မဟုတ်ပါချေ။

ရေဘင်မျက်မှန်အောက်မှ စီးထွက်လာသော မျက်ရည်များကို သုတ်လိုက်ရင်း ခင်ပွန်းဖြစ်သူ လိုက်ပါလာမည့် လေယာဉ်ဆိုက်အလာကိုစောင့်ကြိုရင်းဖြင့် ကျွန်မနှလုံးသားထဲမှ သူတို့နှစ်ဦးကိုထုတ်ဖယ်လိုက်ရလေတော့သည်။

ကျွန်မ၏ ကလဲ့စားချေလိုစိတ်နှင့် နှလုံးသားတစ်ခုလုံးကို ပေးဆပ် လိုက်ရလိမ့်မည်ဟု ကျွန်မသာ လွန်ခဲ့သော (၁၀)နှစ် မတိုင်မီကသာ ကြိုတင်သိခဲ့ပါလျှင် · · · ·

မြပုလဲခင်။

၁-၁၀-၂၀၀၁

လှိုင်စာပေ